၁ ၂ ၂ . ၁ ၂ ၁

ပရိ-ကို တစ်လုံးတည်းပေါင်း ဂရုယူ၊ ဒုတိယ စတုတ္ထ အစလေးလုံးနောင်"ဇ"ဂိုဏ်း၊ တတိယ အစလေးလုံး နောင်"ယ"ဂိုဏ်း၊ ပထမ အစလေးလုံးနောင်"မ"ဂိုဏ်း၊ ဖောက်နေသောကြောင့် ပထမ မကာ်ရ ဝိပုလာဂါထာ။ တစ်ပါဒလျှင် (၈)လုံးစီရှိသောကြောင့် အနုဋ္ဌုဘာဆန်း။

နံပါတ် (၁၀)

ပါပုဏာတိ-အရ အလင်္ကဒ္ဒါပမာနည်းဖြင့် ဥပါရမ္ဘ စသောအကြောင်းကြောင့် သင်ယူသောရဟန်း လောဘ, ဒေါသ,မာနပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်၊ ကောဋ္ဌာသဃိဘာဝ ရဒ္ဓရသ။ (တစ်နည်း) ကာမရတိဋ္ဌာယိဘာဝ/ ကာမသင်္ဂါရ ရသနိဿရဏတ္တအကျိုးငှါ သင်ယူသောရဟန်းအား သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်၊ ဥဿာဟဋ္ဌာယီ/ ဝီရ ရသ (တစ်နည်း)ဓမ္မရတိဋ္ဌာယီ/ဓမ္မသိင်္ဂါရ ရသ။ဘဏ္ဍာဂါရိကအကျိုးငှါ သင်ယူသောရဟန်းအား ဝီရိယဉာဏ်ပြဋ္ဌာန်းသော ကြိယာစိတ္တုပ္ပါဒ်။ ဝိဋ္ဌကတ် သုံးပုံသည် အာရမ္မဏဝိဘာဝ။ ဥပါရမ္ဘ သီလအစုစသည်ကို ပြည့်စုံလိုခြင်း နိဿရဏ အစဉ်အဆက်ကိုစောင့် ရှောက်ခြင်းဟူသော အကြောင်းသည် ဥဒ္ဒီပနဝိဘာဝ။ ပြည့်စုံခြင်း ပျက်စီးခြင်းသို့ ရောက်ရခြင်းသည် အနုဘာဝ။

(ခ) ဝုတ္တံ့ခ္ဓ ခာတ်အရ- ~~ဘဂ္ဂဝတော~~ ကာတ္တားကိုထောက်၍ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိ ယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်-။ဓမ္မ/ဓမ္မ-။(တစ်နည်း) ဥဿာဟဋ္ဌာယီ- ဝီရ-။ ဟေတုမှိ ဉာဏံ ဓမ္မ ပဋိသမ္ဘိ ဒါ"စသော ဒေသနာတော် သည် အာရမ္မဏ။ မေတ္တာကရုဏာတော်သည် ဥဒ္ဒီပန။ ဓမ္မသဒ္ဒါ၏ ဟေတုပရိ ယာယ်အဖြစ်ကို သောတုဇနတို့ သိရခြင်းအကျိုးသည် အနုဘာဝ။

ပါကျစဉ် (၁၈)

(က) ဝိနယေ ပန သုပ္ပဋိပန္နော ဘိက္ခု သီလသမ္ပဒံ နိဿာယ တိသော ဝိဇ္ဇာ ပါပုဏာတိ တာသံယေဝစ တတ္ထ ပဘေဒစနတော။

(ခ) သုတ္တေ သုပ္ပဋိပန္နော သမာဓိသမ္ပဒံ နိဿာယ ဆအဘိညာ ပါပုဏာတိ တာသံယေဝစ တတ္ထ ပဘေဒစနတော။

(ဂ) အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပဒံ နိဿာယ စတသော ပဋိသမ္ဘိဒါ ပါပုဏာတိ တာသဥ္စ တတ္ထေဝ ပဘေဒဝစနတော။ ဒီ၊ဋ္ဌ၊၁၈၂၂။

နံပါတ် (၁)

(က) ပါကျအပြန်အလှန်နှင့်ဟေတုပိဋ္ဌိနည်း မေးနိုင်ပါသည်။ သီလက္ခန်စာစဉ် (ပထမနွေ)ရှု။

နံပါတ် (၂)

(ခ) ပါကျသို့-ဆရာ၊ဆရာသည် (က) ပါကျဖြင့် ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလ၏ပြည့်စုံခြင်းကို မှီ၍ ဝိဇ္ဇာသုံးပါးသို့ ရောက်၏ဟု အကြောင်းနှင့်တကွ ဖွင့်ပြတော်မူ၏။သုတ္တန်၌ ကောင်းစွာ ကျင့်သောရဟန်းသည်လည်း ထိုသို့ပင်ဝိဇ္ဇာသုံးပါးသို့ရောက်ပါသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ခ)မိန့်။

နံပါတ် (၃)

(ဂ) ပါကျရှု- (က) အဘိဓမ္မေ တိသော ဝိဇ္ဇာ ဆ အဘိညာ စတသော ပဋိသမ္ဘိဒါ အညေစ ဓမ္မပ္ပဘေဒယော ဂဏဝိသေသာ ဝိဘတ္တာ။ (ဋီသစ်၊ ၁။၁၁၇။)

http://www.dhammadownload.com



(ခ) အထ ကသ္မာ အဘိဓမ္မေ သုပ္ပဋိပန္နော။ ပ ။စတသော ပဋိသမ္ဘိဒါ ပါပုဏာတိ။
(ဂ) တာသဉ္စ တတ္ထေဝ ပဘေဒဝစနတော။

နံ့ပါတ် (၄)

သုပ္ပဋိပန္နော–ပဋိပဇ္ဇတီတိ ပဋိပန္နော၊ သုဋ္ဌု ပဋိပန္နော သုပ္ပဋိပန္နော။
ကောင်းသောဂုဏ်၏ ကျင့်သောရဟန်းနှင့် ဂုဏ်ဂုဏေး အဖြစ်ဖြင့်စပ်ခြင်းသမွန်သည်။
ကောင်းစွာကျင့်သော ရဟန်းဒြပ်။ သုန္ဒရပဋိပန္နော သုခပဋိပန္နော။
ဝိဇ္ဇာ– ဝိဇ္ဇတိ ဇာနန္တီတိ ဝိဇ္ဇာ။ ဝိဒန္တိ ဧတာယာတိ ဝါ ဝိဇ္ဇာ။
သိခြင်းကြိယာ။ ဝိဇ္ဇာသုံးပါးဒြပ်။ ပညာ အဘိညာ။
အဘိညာ– အဘိ အဓိကေနဉာဏေန ဇာနန္တီတိ အဘိညာ။အဘိဝိသေသတော ဇာနန္တီတိ အဘိညာ၊
အထူးအားဖြင့် သိခြင်းကြိယာသကတ်။ အဘိညာဉ် (၆)ပါးဒြပ်။ ပညာ ဝိဇ္ဇာ။
ပဋိသမ္ဘိဒါ– ပဋိသမ္ဘိဇ္ဇတီတိ ပဋိသမ္ဘိဒါ။
ခွဲခြားဝေဖန်ခြင်းကြိယာသကတ်။ ပဋိသမ္ဘိဒါ(၄)ပါးဒြပ်။ ဝိဘတ္တာ။

နံ့ပါတ် (၅)

နိဿာယကို နိဿိတတ္တာ၊ (နိဿယတ္တာ/ နိဿယန္တတ္တာ) တွာပစ္စယန္တပုဒ် ဟိတ်ပြင်။
သုပ္ပဋိပန္နဿ ဘိက္ခုနော၊ (ဘိက္ခုဿ) (ကတ္တားသမွန်)
သုပ္ပဋိပန္နောကို သုပ္ပဋိပန္နတ္တာ–ဟု ဟိတ်ပြင်၊သမ္ဗန်– ဘိက္ခုဿ။ (ဝိသေသနဟိတ်/ဝိသေသျသမွန်)

နံ့ပါတ် (၇)

သုပ္ပဋိပန္န–သု+ပဋိ+ပဒ+တ။ ဓာတွန်ဒနှင့်တကွ တပစ္စည်းကို အန္နပြု။ ပဒွေဘော်လာ။
ဝိဇ္ဇာ– ဝိဒိတကရ၊ ဝိဒိတကရကို ဝိဇ္ဇာပြု။ (တစ်နည်း) ဝိဒ+ဏျ။ ဏချေ၊ ဒျကိုဇပြု၊ ဇွေဘော်လာ။
မောဃ–မုဟ။ ဟကိုဃပြု၊ ဥကိုဩပြု။
ဒီဃ– ဒိဃ။ ဣကိုဤပြု။ (တစ်နည်း) ဒုဃ။ ဥကို ဤပြု။

နံ့ပါတ် (၈)

ရဟန္တာပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိကဟူ၍ဆို၍၊ ပုထုဇဉ်ပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိကဟူ၍ မဆိုရကြောင်း–

ဘဏ္ဍာစိုးနှင့်တူသောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိကဟုဆိုသည်၊ပုထုဇဉ်ပုဂ္ဂိုလ်သည် ဘဝခရီးခဲမှ မလွန်မြောက်သေးသောကြောင့် ပုထုဇဉ်၏ ပရိယတ်သည် နိဿရဏတ္ထ ပရိယတ်သည်လည်းကောင်း အလဂဒ္ဒူပမာ ပရိယတ်သည်လည်းကောင်း ဖြစ်နိုင်၏၊ ဘဏ္ဍာဂါရိကပရိယတ်မဖြစ်နိုင်။ထိုကြောင့် ပုထုဇဉ်ကို ဘဏ္ဍာဂါရိက–ဟူ၍ မဆိုနိုင်။

ပဋိသမ္ဘိဒါ (၄)ပါး–

ဓမ္မ ပဋိသမ္ဘိဒါ၊ အတ္ထ ပဋိသမ္ဘိဒါ၊ နိရုတ္တိ ပဋိသမ္ဘိဒါ၊ ပဋိဘာန ပဋိသမ္ဘိဒါ။

တိဿောဝိဇ္ဇာပါပုဏာတိ ဟုဆိုရကြောင်း–

သီလစင်ကြယ်လတ်သော် သတိပညာအားအစွမ်းဖြင့် ကမ္မဿကတာဉာဏ်အားဖြင့်လည်းကောင်း၊ သံကိလေသ အညစ်အကြေးမှ စင်ကြယ်၏ ဘာဝနာနှင့် ပြည့်စုံခြင်းသို့ရောက်၏။ထိုကြောင့် သီလပြည့်စုံခြင်းသည် မိုရာနှင့် ပြည့်စုံသည်၏ အဖြစ်ဖြင့် သတိအား ဉာဏ်အား ရှေးရှုထင်ရကား သီလပြည့်စုံခြင်းသည် ဝိဇ္ဇာ(၃)ပါးလျှ မိုရာရှိသည်၏အဖြစ်ကို သိထိုက်၍ တိဿော ဝိဇ္ဇာ ပါပုဏာတိ ဟုဆိုပါသည်။ ဋီ၊ ဘ။၁၁၆။

နံ့ပါတ် (၉)

တာသံ စ ဝိနယေ တတ္ထ၊ နိဿာယ သီလသမ္ဘဝံ။
၁ ၂ ၂ ၁၂ ၂

http://www.dhammadownload.com



ဘိသော ဝိဇ္ဇာစ ပဋ္ဌေါတိ၊ ဘိက္ခု သုပ္ပဋ္ဌိပန္နော၀။(ဝတ္တဂါထာ၊အနုဋ္ဌုဘ်ဆန်း။)

၁၂၂ ၁၂၂

နိုဝါဒ် (၁၀)

သုပ္ပဋ္ဌိပန္နော. အရ– သဒ္ဓါ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။

ဓမ္မရတိ/ဓမ္မသိဂါရ (တစ်နည်း) ဥဿာဟ/ဝီရိယနည်းပိဋကတ် ပါဠိတော်သည် အာရမ္မဏ။ ဘိက္ခု ဘာဝသည့်လည်းကောင်း ယောနိသောမနသိကာရသည့်လည်းကောင်း ဥဒ္ဒိပန။သီလပြည့်စုံ၍ ဝိဇ္ဇာသုံးပါးသို့ ရောက်ခြင်းသည် အနုဘာဝ။

ဝါကျစဉ် (၁၉)

(က) ကဿာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ။

(ခ) ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါသတော စ။

(ဂ) သမူဟနိဝါသာ ဟိ နိကာယောတိ ဝုစ္စန္တိ။

(ဃ) "နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ၊ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ။

(င) "ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော"တိ ဧဝမာဒီနိ စေတ္ထ သာဓကာနိ သာသနတော လောကတော စ။ ဒီ၊ဋ္ဌ၊၁။၂၄။

နိုဝါဒ် (၁)

(က) သေ ဧသော နိကာယော–ဤနိကာယ်ကို။

(ခ) တေဿ နိကာယဿ–၏/သည်။ဒီဃသုတ္တာနံ–ရှည်သောအတိုင်းအတာရှိကုန်သော။ သုတ္တာနံ–တို့၏။သမူဟတော စ–အပေါင်း၏ အဖြစ်ကြောင့်လည်းကောင်း။နိဝါသတော စ–နေရာ၏အဖြစ်ကြောင့် လည်းကောင်း။ သေ ဧသော နိကာယော ဝုစ္စတိ။

(ဂ) ဟိ–ချဲ့။ (တစ်နည်း) ဟိ သစ္စံ–မှန်၏။သမူဟနိဝါသာ–အပေါင်းနေရာ တည်ရာတို့ကို။

(င) စ–အဖို့တစ်ပါးကား။ "နာဟံ ဘိက္ခဝေ။ ပ ။စိက္ခလ္လိကနိကာယော"တိ ဤသို့ အစရှိကုန် သော။ဥဒါဟရဏာနိ–ဥဒါဟရဏ်တို့သည်။ထေ တေသွံ ဝါစကဘာဝေ–ဤနိကာယသဒ္ဒါ၏ သမူဟနိဝါသအနက် ကို ဟောတတ်သည်၏ အဖြစ်၌။သာသနတော စ–သာသနာအားဖြင့်လည်းကောင်း။လောကတော စ–လောက အားဖြင့်လည်းကောင်း။သမာနိတာနိ–ဆောင်အပ်ကုန်သော။သာဓကာနိ–ပြီးစေတတ်သော ဥဒါဟရဏ်တို့တည်း။

ဘိက္ခဝေ–တို့။တိရစ္ဆာနဂတာ–ထိရစ္ဆာန်အမျိုး၌ ဖြစ်ကုန်သော။ဣဒံ ဣမေပါဏာ–ဤသတ္တဝါတို့သည်။ စိတ္တာ–ဆန်းကြယ်ကုန်သည်။ ဟောန္တိယထာ–ကဲ့သို့။ ဧဝံ–တူ။ စိတ္တံ–ဆန်းကြယ်သော။အညံ–တိရစ္ဆာန်အမျိုး မျိုးမှတစ်ပါးသော။ဧကနိကာယမ္ပိ–တစ်ခုသောအပါင်းကိုလည်း။အဟံ–ငါဘုရားသည်။အပ္ပဋိဟတေန–အပိတ် အပင် အတားအဆီး အနှောက်အယှက်မရှိသော။သဗ္ဗညုတဉာဏစက္ခုနာ–ဖြင့်။ဩလောကေန္တောပိ–သော်လည်း။ နသမနုပဿာမိ–မြင်တော် မမူ။

ပေါဏိကနိကာယော–ပေါဏိကမင်းတို့၏နေရာ။ စိက္ခလ္လိကနိကာယေ–စိက္ခလ္လိကမင်းတို့၏နေရာ။ ("သမာနိတာနိ"တိ ပါဌသေသေန စေတဿ သမ္ဗန္ဓော။)

နိုဝါဒ် (၂)

(က)သို့ အပရာနုသန္ဓေ– ယခုအခါ၌၊ ဒီဃနိကာယ်၏ အနက်အားလျှော်သော အမည်ရှိသည်၏ အဖြစ်ကိုပင် ထင်ရှားစွာပြလိုရကား "ကဿာ ပန"စသည်မိန့်။ ဋီ၊သစ်၊၁။၁၂၁။

(ဂ)သို့– ဆရာ၊ (ခ)ဖြင့် ရှည်သောပမာဏရှိကုန်သော သုတ်တို့၏ သမူဟနိဝါသ၏အဖြစ်ကြောင့် ဒီဃနိကာယ်မည်သောဟု ဖွင့်ပြအပ်၏။ ထိုသို့ဆိုသော် ဒီဃသမူဟ ဒီဃနိဝါသမည်တန်ရာ၏။ ဒီဃနိကာယ

http://www.dhammadownload.com


မမည်တန်သည် မဟုတ်ပါလော-အဘယ်ကြောင့် သမူဟနိဝါသ၏ အဖြစ်ကြောင့် ဒီဃနိကာယ်မည်ရာအံ့နည်း။ ဟိတ်နှင့်ဖိုလ် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ)မိန့်။ (ဂဏ္ဌိရှုသည်)

**မှတ်ချက်။** ။(ဃ+င) စ-အဖို့တပါးကိုဆိုအံ့ ဟူသော နိသျှရှု၍ သဘာဝယုတ္တိဒင်္ဂမှ အာဂမသာဓက ဒင်္ဂတစ်မျိုးကို ပြသည်။ ပက္ခ+ပက္ခန္တရတက်။

နံပါတ် (၃)

(က) နနု ဗုဒ္ဓေါ သဗ္ဗညုတဉာဏေန ဩလောကေတိ။

(ခ) အထ ကသ္မာ"နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ"န္တိ ဝုတ္တံ။

(ဂ) တေပိ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တတာ၊ တသ္မာ-

(ဃ) "နာဟံ ဘိက္ခဝေ။ ပ ။ဝုတ္တံ။

အံ၊၃၊၁၁၅၉။ သမနုပဿာမိ အဖွင့်။ သံ၊၂။၁၂၃။နှင့် ပဒက္ကမနိသျှတို့ကို ရှု၍ထုတ်သည်။

(ဂ) ဝါကျ ဂဏ္ဌိကျမ်းတက်ရှု-

(က) နနု ဒီဃသမူဟော ဒီဃနိဝါသောတိ ဝတ္တဗ္ဗော။

(ခ) အထ ကသ္မာ ဒီဃနိကာယောတိ ဝုစ္စတိ။

(ဂ) သမူဟနိဝါသော နိကာယောတိ ဝုစ္စန္တိ၊ တသ္မာ-

(ဃ) ဒီဃနိကာယောတိ ဝုစ္စတိ။

နံပါတ် (၄)

နိကာယ- နိဗ္ဗိသေသေန စိနောတိ အဝယဝေတိ နိကာယော။

ပမာဏ- ပမီယတေတိ ပမာဏံ။

သမူဟ- သမံ သဟာဝယဝေန ဦဟတိ တိဋ္ဌတီတိ သမူဟော။

နိဝါသ- နိဝသန္တိ ဧတ္ထာတိ နိဝါသော။

တိရစ္ဆာန- တိရိယံ အဉ္စတီတိ တိရစ္ဆာနော (သော ဧဝ တိရစ္ဆာနဂတော။)

ပါဏ- ပဏန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏော။ ပါဏော အဿ အတ္ထီတိ ပါဏော။

နိကာယ- စီခြင်းကြိယာသကတ်၊ အပေါင်းဖြစ်သော သုတ္တန်ဒြဗ်၊ သမူဟ-ဂဏာသံဃ ပရိယာယ်

ပမာဏ- နှိုင်းယှဉ်ခြင်းကြိယာသကတ်- နှိုင်းယှဉ်အပ်သော အရာဝတ္ထုဒြဗ်-ပရိမာဏ မတ္တာ မာန

တိရစ္ဆာန- ဖီလာကန့်လန့်သွားခြင်း ကြိယာသကတ်၊ တိရစ္ဆာန်ဒြဗ်-တိရစ္ဆာနဂတ

ပါဏ- ဇီဝိတ၏ သတ္တဝါဒြဗ်နှင့် နိဿယ နိဿိတအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်။သတ္တဝါဒြဗ်၊

နံပါတ် (၅)

သမူဟတော နိဝါသတောတို့၏ လာသမ္ဗန်- တေသ နိကာယဿ (မစိုးရိမ်+ပဒက္ကမ)

သုတ္တာနံ- (အလွတ်သမ္ဗန်) သမူဟနိဝါသ အန္တတ်၌ သမ္ဗန်+သမ္ဗန္ဓိစပ်။

နိယံ-သမ္ဗန်ငဲ့ထ၊ ပဒနောက်တွင်၊ ဘာဝဝင်သော်၊ ထိုပြင်အလွတ်၊ မချွတ်သမ္ဗန်၊ **တစ်ခုရှိမြဲ** အလွတ်သမ္ဗန်၊ စပ်ရန်မှုချ၊ ရှာဖွေကြမူ၊ ဘာဝယောဂ၊ သမ္ဗန္ဓ၏၊ အန္တတ္ထတွင် စပ်ရမြဲ။

(ဂ) နိကာယတ္တာ။ သမူဟနိဝါသာနံ။ ၏+သည်။

နံပါတ် (၆)

(ခ) ဒီဃပ္ပမာဏံ သုတ္တာနံဖြင့် ဒီဃနိကာယောဝယ် ဒီဃအရ ရှည်သောဂုဏ်ကိုမယူအပ်၊ ရှည်သောပမာဏရှိသော သုတ္တန်ဒြဗ်ကို ဂုဏူပစာအားဖြင့် ယူအပ်သည်ကိုသိစေ- (တစ်နည်း) ဒီဃံ ပရိမာဏံ အဿ အတ္ထီတိ ဒီဃံဟု ဝစနတ္ထပြု၍ ဏ-ပစ္စည်း ပရိမာဏ အဿတ္ထိ-အနက်၌ သက်သည်ကိုလည်းကောင်း သိစေ-သုတ္တာနံ-ဖြင့် ဒီဃနိကာယော၌ ဒီဃအရ သုတ္တန်တရားကို ယူရမည်ကို သိစေ။

http://www.dhammadownload.com



အပေါင်းသံဝဏ္ဏနာဖြင့် ဒီဃာနံ နိကာယော ဒီဃနိကာယောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု
အုပ်သည်ကိုသိစေ- သမူဟတော နိဝါသတော-ဖြင့် နိကာယသဒ္ဒါ သမူဟအနက် နိဝါသအနက်၌ ဖြစ်သည်
ကိုသိစေ-

နံ့ဝါတ် (၇)

နိကာယ- နိ+စိ+ယ။ စိကိုယပြု။ (စိသ ကာဒေသော နိပါတနာ။)

တိရစ္ဆာန- တိရိယ+အဥ္စ။ အဥ္စကို ဆ ယုကို အန၊ အကို အာပြု။

နံ့ဝါတ် (၈)

နာယံ ဘိက္ခဝေ- စသော ပဌမဥဒါဟရဏ်သည် သာသနာ၌ ပြီးစေသော သာဓကစကား။
ပေါဏိကနိကာယော စသော ဒုတိယဥဒါရဏ်သည် လောက၌ ပြီးစေသော သာဓကစကား။
နိကာယသဒ္ဒါသည် ရှင်္ဂ၏အစွမ်းဖြင့် သမူဟနိဝါသ အနက်၌ ဖြစ်သည်ကို''ဒီဃပ္ပမာဏာနံ''ပါဌ်ဖြင့် ပြသည်။

နံ့ဝါတ် (၉)

သေ ဒီဃနိကာယောတိ၊ သုတ္တာနံ စ သမူဟတော၊

၁ ၂ ၂ ၁ ၂ ၁

ဝုတ္တော ဒီဃပ္ပမာဏာနံ၊ ကသ္မာ ပန နိဝါသတော။

၁ ၂ ၂ ၁၂၁ (ပထျာဝတ္တဂါထာ။)

နံ့ဝါတ် (၁၀)

သမနုပဿာမိအရ – သဗ္ဗညုတဉာဏ်ကောက်။ ဓမ္မရတိဌာယီဘာဝ/ဓမ္မသိဂါရ။

ဆန်းကြယ်သော တိရစ္ဆာအမျိုးမျိုး၊တစ်ခုသော သတ္တာအပေါင်းသည် အာရမ္မဏ၊ သကလဗုဒ္ဓဂုဏ်၊
ဒသဗလဉာဏ်တို့သည် ဥဒ္ဒိပန၊ နိကာယသဒ္ဒါ၏ သမူဟဝါစကအဖြစ်သည် သာသနာတော်၏ သာဓကဖြစ်၏ဟု
သောဘဟုဇနတို့ နာယူမှတ်သားခြင်း၊မိမိစိတ်ကို ဆင်ခြင်ခြင်းစသော အကျိုးတရားတို့သည် အနုဘာဝ။

# နိ ဒါ န က ထာ ပြီး ၏။

http://www.dhammadownload.com

# သီ လ က္ခန် ဓာ ဝဂ်

# ဗြ ဟ္မ ဇာ လ သုတ်

ပါဠိကျမ်းစဉ် (၁)

(က) မေ သဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။

(ခ) တထာ ဟိဿ "ဂါထာဘိဂီတံ မေ အဘောဇနေယျ"န္တိအာဒီသု မယာတိ အတ္ထော။

(ဂ) "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"တိ အာဒီသု မယှန္တိ အတ္ထော။

(ဃ) "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဂဝတာ"တိ အာဒီသု မမာတိ အတ္ထော။

(င) ဣဓ ပန"မယာ သုတ"န္တိစ "မမ သုတန္တိစ အတ္ထဒွယေ ယုဇ္ဇတိ။ ဒီ၊ဋ္ဌ၊၁။၂၈။၂၉။

နိဿယ (၁)

(က) မေသဒ္ဒေါ–မေသဒ္ဒါသည်။ ဝါ–ကို။ ဒိဿတိ–ထင်၏။ ဝါ–ရှုအပ်၏။

(ခ) မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတီတိ–ဟူ၍။ ယံ သကာဝစနံ မယာ ဝုတ္တံ၊ တထာ တံ သကာဝစနံ ဣမိနာ ပရဝစနေန ဟိသစ္စံ၊ (တစ်နည်း) ဟိယုတ္တံ–နည်း။ ဟိယသ္မာ–ကြောင့်၊အဿ–ထိုမေသဒ္ဒါ၏။ မေ–ငါဘုရားသည်။ဂါထာဘိဂီတံ– ဂါထာတို့ဖြင့် ရေးရှုသီဆိုအပ်သော။(ဘောဇနံ–ဘောဇဉ်ကို။) အဘောဇနေယျံ–မစားအပ် မစားသင့် မစားထိုက်။

(ဃ) ဓမ္မဒါယာဒါ–လောကုတ္တရာ တရားတည်းဟူသော ပေးအပ်သော အမွေကိုသာယူတတ်ကုန်သည်။ဘဝထ တသ္မာ။ တထာ တံ သကာဝစနံ ဣမိနာ ပရဝစနေန ဟိသစ္စံ၊ (တစ်နည်း) ဟိ–ယုတ္တံ။

(င) ပန–အတ္ထုဒ္ဒါရမှတပါး အတ္ထုဒ္ဒေသကို ဆိုဦးအံ့။ဣဓ ဣမသ္မိံ အဖ္ဖတ္တိနိဒါနေ–အဖ္ဖတ္တိက နိဒါန်း၌။ နိဝိဋ္ဌော–တည်သော။ မေသဒ္ဒေါ–သည်။

<u>*နိယံ–သစေ ဣဓ၊ နောက် ပန၊ ဝိသေသဟု စွဲ၊ အတ္ထုဒ္ဒေသ၊ ထားလိုက၊ ဣဓ ပန ထားမြဲ။*</u>

နိဿယ (၂)

(ခ) စသည်သို့–ဆရာ (က)ပါဌ်ဖြင့် မေ–သဒ္ဒါသည် သုံးပါးသော အနက်တို့၌ဖြစ်၏ဟု ဖွင့်ပြအပ်၏။ နိယကဖ္ဖတ္တ သန္တတိ၏ အစွမ်းဖြင့် တစ်ခုသော အနက်၌သာ ဖြစ်ကောင်းရာသည်မဟုတ်ပါလော။ထိုသို့ဖြစ်လျှက် သုံးပါးသောအနက်တို့၌ ဖြစ်၏ဟုဖွင့်ဆိုသော ဆရာ့စကား အဘယ်သို့သော သာဓကတို့ဖြင့်သင့်နိုင်ပါအံ့နည်း။

http://www.dhammadownload.com



စုံကြောင့် (ခ)စသည် မိန့်။

*(ဝေ-သုံးနက် ဖွင့်ဆိုသော "နနု ကေသ္မိံယေဝ အတ္ထေ သိယာ-ဟူသော။ ဋီ၊သစ်၊၁။၁၄၄။ ရှုသည်။)ဂဏ္ဌိ-၌ ဝိတ္ထာရကြံ၍ တက်သည်။ အနက်သုံးပါး သရုပ်ကို ပြရုပ်နှင့်တကွ ပြလိုရကား "တထာ ဟိဿ" စသည်မိန့်။*

(င) သို့-ဆရာ၊ (ခ)စသော ဝါကျတို့ဖြင့် ကျမ်းတစ်ပါးတို့၌ ပြဆိုသော မေသဒ္ဒါ၏ အနက်တို့ကို ပြဆိုတော်မူအပ်၏။ ဤ၌ကား အဘယ်အနက်၌ သင့်ပါသနည်း။ သုံးပါးသောအနက်တို့၌ပင် သင့်ပါသလော။ စုံကြောင့် (င)မိန့်။ (အဓိကစောဒနာနည်း)

နံပါတ် (၃)

(က) ဝါကျ၌- (က) နနု နိယကဇ္ဈတ္တသန္တတိဝသေန ကေသ္မိံယေဝတ္ထေ မေ-သဒ္ဒေါ ဒိဿတိ။
(ခ) အထ ကသ္မာ"တီသု အတ္ထေသု ဒိဿတိ"တိ ဝုတ္တံ။
(ဂ) ကရဏသမ္ပဒါနသာမိနိဒ္ဒေသဝသေန ဝိဘာဂနဝိဘတ္တိဘေဒံ သန္ဓာယ ဝုတ္တံ။
(ဃ) တသ္မာ-"တီသု အတ္ထေသု ဒိဿတိ"တိ ဝုတ္တံ။ ဋီ၊သစ်၊၁။၁၄၉။
(င) ဝါကျ၌- (က) နနု မေ သဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။
(ခ) အထ ကသ္မာ ဣဓ "မယာ သုတ"န္တိ စ"မမ သုတ"န္တိ စ အတ္ထဒ္ဒယေ ယုဇ္ဇတိ။
(ဂ) အဘိဂီတပဒဿ ကတ္တုပေက္ခတ္တာ,သုတသဒ္ဒဿ ကမ္မဘာဝသာဓနဝသေန ဒွါဓိပါယိကပဒတ္တာ။ (ဋီကာသစ်)

တစ်နည်း-တဒညဿ အသမ္ဘဝတော။အထဝါ တဒညဿ အဝိသယတ္တာ။

*ရှင်းချက်။ ။အတ္ထုဒ္ဓေသဝါကျ၌"ပရိဟာရဘာဂ"ကို ဤအတိုင်းထုတ်ရမည်။ အလိုမရှိ အပ်သော အနက်တွေများက"တဒညေဿမသမ္ဘဝတော။အထဝါ တဒညေဿမဝိသယတ္တာ"ဟု ဖဟုဝုစ်။*

နံပါတ် (၄)

ဂါထာ- ဂါယတီတိ ဂါထာ။ (ဂါ+ထ)
သံခိတ္တ- သံခိပီယတေ ကေဒေသတော ကထီယတေတိ သံခိတ္တံ။
ဒါယဒ- ဒါတဗ္ဗန္တိ ဒါယံ၊ ဒါယံ အာဒဒါတီတိ ဒါယာဒေါ။
ဂါထာ- အသံပြုခြင်း ရွတ်ဆိုခြင်းကြိယာသကတ်၊ ဂါထာဗန္ဓဒြပ်၊ ပဇ္ဇ သိလောက။
ဒါယ- ပေးခြင်းကြိယာသကတ်၊အမွေဒြပ်၊ ဒါယဇ္ဇ။
ဓမ္မဒါယာဒ-ဓမ္မသင်္ခါတံ ဒါယံ ဓမ္မဒါယံ၊ တံ အာဒဒါတီတိ ဓမ္မဒါယာဒေါ)
ဒါယာဒ- အမွေ၏ သားဒြပ်နှင့် ကမ္မ/ကမ္မီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်၊ မွေခံသားသမီးဒြပ်၊ ပုတ္တ သြရသ။ (တစ်နည်း).ရဟန်းတော်ဒြပ်၊ ဘိက္ခုသမဏ။

နံပါတ် (၅)

ဓမ္မဒါယာဒါကို ဟိတ်ပြင်- ဓမ္မဒါယာဒတ္တာ။ သမ္ဗန်- တုမှာကံ။ တို့၏။ တို့သည်။
ဓမ္မဒါယာဒေါပုဒ်၏ ပကတိကတ္တာ:ပုဒ်သည် "တုမှေ"ဟုရှိ၍ တုမှာကံဟု သမ္ဗန်ခံပါသည်။
(မ၊၁။၁၅။) မေသည်- အလွတ်သမ္ဗန် ဖြစ်သည်။
(င) ဝါကျ သုတံကို "သုတတ္တာ"ဟု ဟိတ်ပြင်။ သမ္ဗန်- ဣမဿ သုတ္တဿ။ ၏+ကို။

နံပါတ် (၆)

(က) ဝါကျဖြင့် သဒ္ဒါအထူးကို မငဲ့သော် မေသဒ္ဒါသည် (တစ်နည်း) အမှ သဒ္ဒါနှင့်ယှဉ်သော နာဝိဘတ်၊ သဝိဘတ်တို့သည် ကရိုဏ်း၊ သမ္ပဒါန်၊ သာမိ၊ အနက်သုံးနက်တို့ကို ဟောသည်ကို သိစေသည်။
(ခ) ဝါကျဖြင့် မေသဒ္ဒါသည် သုတသဒ္ဒါ၏ ကမ္မဘာဝ သာဓနအစွမ်းဖြင့် အဓိပ္ပါယ်နှစ်မျိုးရှိသော

http://www.dhammadownload.com



ပဒ်အဖြစ်ကြောင့် ပြယုဂ်အားလျော်စွာ ကရိယာ။ အဝုတ္တအနက်၊ သာမိအနက် ၂-နက်၌ ဖြစ်သည်ကိုသိစေသည်။ (ဝိဘတျတ္ထ) တစ်နည်း (ဘာဝတ္ထ)။ ဋီ၊သစ်၊၁၊၁၄၉။

နံ့ဝါထိ (၇)

အဘောဓနေယျ-န+ဘုဓ+အနီယ။န-ကို အ၊ နီ၏ ဤကို ဧ၊ ဘုဓ၏ ဥကို ဩပြု၊ ယ-ဒွေဘော်လာ။ ဝေဗျာခေါ်-ဝေ ဝိယ ခေါ်။ ဝကို ဗပြု၊ ယ၏ အကို အာ-ဒီယပြု၊က္ကကို ချေ။

နံ့ဝါထိ (၈)

အရှင်အာနန္ဒာ၏ တေဒဂ် (၅)တန်-

၁။ ဗဟုသုတရှိသူတို့တွင် အမြတ်ဆုံး။

၂။ ပညာလွန်ကဲသူတို့တွင် အမြတ်ဆုံး။

၃။ သတိလွန်ကဲသူတို့တွင် အမြတ်ဆုံး။

၄။ လုံ့လဝီရိယရှိသူတို့တွင် အမြတ်ဆုံး။

၅။ လုပ်ကျွေးတတ်သူတို့တွင် အမြတ်ဆုံး။ ဋ္ဌ၊၂၈။

နံ့ဝါထိ (၉)

ဝိနာသယတိ အသဿဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎယတိ သာသနေ။

၁ ၂ ၂(ယ) ၁ ၂ ၁(ဓ)

ဝေဝံ မေသုတ မိစ္စေဝံ၊ ဝဒံ ဂေါတမသာဝကော။

၁ ၂ ၂(ယ) ၁ ၂ ၁(ဓ)

ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

နံ့ဝါထိ (၁၀)

အထက်ပါ ဂါထာ၌ "ဝဒံ"ကိုရှု-

ရွတ်ဆိုသော ဗုဒ္ဓသာဝက အရှင်အာနန္ဒာ၏သန္တာန် သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော ကြိယာစိတ္တုပ္ပါဒ်။ (ထိုအချိန် ရဟန္တာဖြစ်နေပြီ) ဉဿာဟဌာယီဘာဝ ဝိရရသ။ (တစ်နည်း) ဓမ္မရတိ/ဓမ္မသိဂ်ါရ ဝေဝံ မေသုတံဟူသော ဝစီဘေဒသဒ္ဒသည် အာရမ္မဏ။ သမ္မုတ္တိစက် လေးပါးသည် (တစ်နည်း) သုတ္တန်ပိဋကတ်၌ သာတ္ထ သဗျဉ္ဇနဖြစ်ခြင်း။ အရှင်မဟာကဿပ၏မေးသည့် ဥဒ္ဒီပန။ မယုံကြည်တတ်သော ပုဂ္ဂိုလ်၏အဖြစ် ဟူသော အကိုသိုလ်စိတ္တုပ္ပါဒ်ကို ဖျက်စီးစေခြင်း၊ ယုံကြည်ခြင်းသဒ္ဓါတို့ တိုးပွားစေခြင်းအကျိုးတို့သည် အနုဘာဝ။ သဒ္ဓံ ဝဍ္ဎယတိကိုရှုက- သုတ္တန်ကိုကြားနာသူ၏သန္တာန် သဒ္ဓါတရားတိုးပွားခြင်းဟူသော ပီတိ သောမနဿ စိတ္တုပ္ပါဒ်။ ဓမ္မရတိ/ဓမ္မသိဂ်ါရ (တစ်နည်း) ဟာဿဌာယီ-ဟာသရသ။ သုတ္တန်ဒေသနာတော်သည် အာရမ္မဏ။ဂေါတမသာဝက ရွတ်ဆိုခြင်းသည် ဥဒ္ဒီပန။ သဒ္ဓါတိုးပွားသဖြင့် ဒါန သီလ ဘာဝနာ တိုးတက်အား ထုတ်ခြင်း အနုဘာဝ။

ဝါကျစဉ် (၂)

(က) ဣဓ ပနဿ သောတဒွါရာနုသာရေန ဥပဓာရိတန္တိ ဝါ ဥပဓာရဏန္တိ ဝါတိ အတ္ထော။

(ခ) မေသဒ္ဒဿ ဟိ မယာတိ အတ္ထေ သတိ "ဝေဝံ မယာ သုတံ သောတဒွါရာနုသာရေန ဥပဓာရိတ"န္တိ ယုဇ္ဇတိ။

(ဂ) မမာတိ အတ္ထေ သတိ "ဝေဝံ မမ သုတံ သောတဒွါရာနုသာရေန ဥပဓာရဏ"န္တိ ယုဇ္ဇတိ။ ဒီ၊ဋ္ဌ၊၁၊၂၉။

နံ့ဝါထိ (၁)

ဝေဝံ မေ သုတံ-၌ ဝေဝံပုဒ်၏ အနက်သုံးမျိုးကို ပထမနေ့စာစဉ်၌ ရေးသားပြီး ဖြစ်၏။

http://www.dhammadownload.com



ဣစ္ဆ–ဤအဋ္ဌကထာ၌။အဿ–ထို မေသဒ္ဒါ၏။သောတာဒ္ဒါရာနုသာရေန–သောတဒ္ဒါရသို့ အစဉ်လိုက်သော ဖြင့်။ဥပဓာရိတံ–ဆောင်ထားအပ်ပြီ။ဣတိဝါ–ဤသို့ လည်းကောင်း။ဥပဓာရဏံ–ဆောင်ထားခြင်းသည်။ဣတိဝါ–လည်းကောင်း

နံပါတ် (၂)

(ခ) သို့–ဆရာ (က)ဖြင့် သုတသဒ္ဒါ၏ ကမ္မသာဓန ဘာဝသာဓနတို့ ဖြစ်သင့်ပုံကို ဖွင့်ပြတော်မူအပ်၏။ **အနက်နှစ်**ပါးတို့တွင် တစ်ပါးပါးသာအနက်ကိုသာ ဆိုသင့်သည်မဟုတ်ပါလော။(ဝါ) သုတသဒ္ဒါ၏ အနက်နှစ်ပါး **သည်** **မေသဒ္ဒါ**၏ အနက်နှစ်ပါးနှင့်ပင် သင့်ပါသလော။(ဂုဏ်)ထိုသို့ဖြစ်လျှက် အသို့လျှင် သုတသဒ္ဒါတစ်ပုဒ်တည်း၌ **အနက်နှစ်**ပါးသင့်နိုင်အံ့နည်း။ ဤသို့ စုဒ်ကြောင့် (ခ) မိန့်။ (ဂ)တိုင် မျှော်။

(ဂ)သို့–ဆရာ (ခ)ဖြင့် မေသဒ္ဒါသည် မယာအနက်ဖြစ်သော် သုတသဒ္ဒါသည် ကမ္မသာဓအနက်သင့် နိုင်ပုံကို ဖွင့်ပြတော်မူအပ်၏။ သုတသဒ္ဒါ၏ ဘာဝအနက်ဖြစ်နိုင်ပုံယုတ္တိကို မပြခဲ့ပြီလော။ (တစ်နည်း) သုတသဒ္ဒါ သည် ဘာဝအနက်၌ ဖြစ်သော်လည်း မေသဒ္ဒါသည် မယာအနက်၌ပင် ဖြစ်၏ဟု မှတ်သားအပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ဂ)မိန့်။

နံပါတ် (၃)

(က) နနု အယံ သုတသဒ္ဒေါ သဥပသဂ္ဂေါ စ အနုပသဂ္ဂေါ စ ဂမနဝိဿုတကိလိန္နဥပစိတာနု ယောဂသောတဝိညေယျသောတဒွါရာနုသာရေနဝိညာတာဒိအနေကတ္ထပ္ပဘေဒေါ။

(ခ) အထ ကသ္မာ ဣစ္ဆ အဿ သောတဒ္ဒါရာနုသာရေန ဥပဓာရိတန္တိ ဝါ ဥပဓာရဏန္တိ ဝါတိ အတ္ထော ဟောတိ။

(ဂ) မေသဒ္ဒဿ မယာတိ အတ္ထေ သတိ ''ဧဝံ မယာ သုတံ သောတဒ္ဒါရာနုသာရေန ဥပဓာရိတံ''န္တိ ယုဇ္ဇတိ။ မမာတိ အတ္ထေ သတိ ''ဧဝံ မမ သုတံ သောတဒ္ဒါရာနုသာရေန ဥပဓာရဏံ''န္တိ ယုဇ္ဇတိ၊ တသ္မာ–

နံပါတ် (၄)

သောတ– သုဏာတီတိ သောတံ။
ကြားခြင်းကြိယာသကတ်။ သောတပသာဒသည်။ ကတ္တု သဒ္ဒဂ္ဂဟဏ။
ဒွါရ– ဒွေ ကဝါဋာနိ အရန္တိ အတြာတိဒွါရံ။ ဒုဗ္ဗေ ဝါရယန္တိ အသ္မာတိ ဒွါရံ။
တားမြစ်ခြင်း ကြိယာသကတ်။ တံခါးဒြပ်။ ပရိဟာရ။
ဒွါရံ ဝိယာတိ ဒွါရံ။ သောတမေဝ ဒွါရံ သောတဒွါရံ။

နံပါတ် (၅)

(ခ) သတိကို သံန္တတ္တာဟု ပြင်၊ မယာတိ အတ္ထဿ။ (လက္ခဏာကို ဟိတ်ပြင်)

နံပါတ် (၆)

(က) ဥပဓာရိတံဖြင့် သုတံ၌ သုဓာတ်၊တပစ္စည်း၊ယင်တပစ္စည်း၏ ကံအနက်၌သက်၍ သုယျတေ ဥပဓာရီယတေတိ သုတံ ဟု ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊သုဓာတ်၏ ဓာရဏအနက်၌ ဖြစ်သည် ကိုလည်းကောင်း သိစေ။ဥပဓာရဏံဖြင့် သုတံ၌ သုဓာတ်၊တပစ္စည်း၊ယင်းတပစ္စည်း၏ ဘာဝသာဓန၌သက်၍ သဝနံ ဥပဓာရဏံ သုတံ ဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊သုဓာတ်၏ ဥပဓာရဏအနက်၌ဖြစ်သည် ကိုလည်းကောင်း သိစေ။သောတဒ္ဒါရာနုသာရေနဖြင့် ထိုသို့ ဆောင်ရွက် မှတ်သားခြင်းဟူသည် သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်ဖြင့် ဆောင်ရွက်မှတ်သားခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို **သိစေ**။

နံပါတ် (၇)

ဒွါရ– ဒု+ဝါရ။ ဒု၏ ဥကို ချေ။

http://www.dhammadownload.com



ဈာန– ဈေ+ယု။ ယုကို အန၊ ဈေ၏ ဧကို အာပြု၊ အန၏ အကို ချေ။
ပုည– ပုန+ယ။ ဏ္ဍကို ဥ ပြု၊ ဒွေဘော်လာ။

နံပါတ် (၈)

"ဝေ မေ သုတံ ဟူသော စကားသုံးလုံးဖြင့် ပြဆိုအပ်သော အကျိုးတရားများ"

မြတ်စွာဘုရား ဟောအပ်သောတရားကို မိမိပိုင်ဟု မထားခြင်းကြောင့် အသပ္ပုရိသနယ်မြေကို ကျော်လွန်ခြင်းအကျိုး၊ သာဝကအဖြစ်ကို ဝန်ခံခြင်းကြောင့် သပ္ပုရိသနယ်မြေသို့ သက်ရောက်ခြင်းအကျိုး၊ မသူတော်တရားမှ စိတ်ကို ထစေခြင်း၊သူတော်ကောင်းတရား၌ စိတ်ကိုတည်စေခြင်း၊မိမိကိုယ်ကို ဘုရားအတု ပြုခြင်းဟူသော အမှုအရာမှ လွတ်စေခြင်း၊ ဆရာကို ညွှန်ပြခြင်း မြတ်စွာဘုရား၏ စကားတော်ကို သက်ရောက်စေခြင်း၊ တရားကည်းဟူသော နည်းဥပဒေကို တည်စေခြင်း အကျိုးတရားများ ဖြစ်ပါသည်။

နံပါတ် (၉)

ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယ ဝါစာ နံ။
၁၁၁၁၊ ၂ ၁ ၁၊၂ ၂၊ ၁၁၁၁၊ ၂ ၂၊ ၁ ၂ ၁၊ ၂ ၂၊(ပါဒန္တဂရု)
(ဆဌ ဇကိုဏ်း)
ဝိနယတ္ထ ဝိဒူဟိ အယံ၊ ဝိနယော"ဝိနယော" တိ အက္ခာ တော။
၁၁၂၊ ၁ ၁၂၊ ၁ ၁၂၊ ၃၁ ၂၊ ၁၁ ၂၊ ၁ ၂ ၂၊ ၂
(ဆဌလဟု) (ပါဒန္တဂရု)
အရိယာပထျာဂါထာ၊ မတ္တဝုတ္တိဆန်း။

နံပါတ် (၁၀)

ဥပစာရိတံ၌ ဓာတ်အရ– ကုသလဝိပါက် သောတဝိညာဉ်စိတ္တုပ္ပါဒ် ကောက်။

ဓမ္မရတိ/ဓမ္မသိင်္ဂါရ။ ဖြဟ္မဇာလသုတ် ဒေသနာတော်သည် အာရမ္မဏ။ ပျံ့လွင့်သော စိတ်မရှိသည်၏အဖြစ်သည် ဥဒ္ဒိပန။ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါနှင့်ပြည့်စုံသည်၏ အဖြစ်သည်လည်းကောင်း၊ သတ္တဝါတို့အားဖြဟ္မဇာလသုတ်ဒေသနာတော်ကို နာလိုသောဆန္ဒဖြစ်စေခြင်းသည်လည်းကောင်း အနုဘာဝ။

(တစ်နည်း) ဥပစာရိတံ၌ ဓာတ်အရ– အရှင်အာနန္ဒာ၏သန္တာန် သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ကောက်။ (ကြွင်းတူ၏)

ဝါကျစဉ် (၃)

(က) သုတန္တိ ဝစနေန အဝိက္ခေပံ ဒီပေတိ၊
(ခ) ဝိက္ခိတ္တစိတ္တဿ သဝနာဘာဝတော။
(ဂ) တထာ ဟိ ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော သဗ္ဗသမ္ပတ္တိယာ ဝုစ္စမာနောပိ "န မယာ သုတံ၊ ပုန ဘဏထ"တိ ဘဏတိ။
(ဃ) ယောနိသော မနသိကာရေန စေတ္ထ အတ္တသမ္မာပဏိဓိံ ပုဗ္ဗေစ ကတပုညတံ သာဓေတိ။
(င) သမ္မာအပ္ပဏိဟိတတ္တဿ၊ ပုဗ္ဗေ အကတပုညဿဝါ တဒဘာဝတော။ ဒီ၊ဋ္ဌ၊၁၊၃၀။

နံပါတ် (၁)

(က) အဝိက္ခေပံ–မပျံ့လွင့်ခြင်းကို။(ဝေါဟာရတ္ထ) ဝါ–အထူးထူးအပြားပြား ပစ်ချတတ်သော ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်ဖြစ်သော သမာဓိကို။ (သဒ္ဒတ္ထ–အဓိပ္ပါယတ္ထ) (အာယသ္မာ အာနန္ဒတ္ထေရော–ကတ္တား)

(ခ) ဟိကသ္မာ ဝိညာယတိ ဝိက္ခိတ္တစိတ္တဿ–ဥဒ္ဓစ္စသည် အထူးထူးအပြားပြားသော ပစ်ချအပ် သောစိတ်ရှိသော။ဝါ–ပျံ့လွင့်သောစိတ်ရှိသော။ပုဂ္ဂလဿ–အား–သဝနာဘာဝတော–ကြားနာခြင်း၏ မရှိခြင်း

http://www.dhammadownload.com



ကြောင့်။(ဝါကျ အပြန်အလှန်+ဟေတုပိဒ္ဓိ အနက်ပေးနည်းများ လေ့ကျင်ရန်။)

(ဂ) တထာဟိ-ထိုစကားမှန်၏။ (ဋီသစ်) ပခုက္ကူနိုသျှဉ်- ယထာ ယေနပကာရေန-ဖြင့်။ဝိက္ခိတ္တစိတ္တဿ ပုဂ္ဂလဿ သဝနာဘာဝေါ ဟောတိ- ဟု အနိယမဝါကျထည့်ပြီး၊ တထာဟိ တေနေဝ ပကာရေန-ထိုသို့သော အပြားအားဖြင့်သာလျှင်-ဟု ပေးသည်။သဗ္ဗသမ္ပတ္တိယာ-အလုံးစုံသော အနက် သဒ္ဒါ ဒေသကပုဂ္ဂိုလ်ပယောဇဉ်‌စသည် ရှိသည်တို့ ပြည့်စုံခြင်းဖြင့် (သဗ္ဗ-အရ ဖော်ပြလျက်ပေး) ဝုစ္စမာနော ပိ-ဆိုပင်ဆိုအပ်ပါသော်လည်း။

(ဃ) စ-ဆက်ဦးအံ့။ (ဒီပနတ္ထကိုပြပြီး၍ ပကာသနတ္ထကို ဆက်၍ပြဦးအံ့။)တ္တေ-ဤယောနိသော မနသိကာရ အဝိက္ခေပတရား နှစ်ပါးအပေါင်းတွင်။ ယောနိသောမနသိကာရေန-ဖြင့်။ (အာယသ္မာ အာနန္ဒော အတ္တနော)အတ္တသမ္မာပဏိဓိ-မိမိသည် မိမိစိတ်ကို ကောင်းစွာထားခြင်းကိုလည်းကောင်း။ပုဗ္ဗေ-ရှေးဘဝ၌။ ကတပုညကတံ-ပြုအပ်သောကောင်းမှုရှိသည်၏ အဖြစ်ကိုလည်းကောင်း။ သာဝေတိ-ပြီးစေ၏။

(င) ကဿ ဝိညာယတိ တဒညာဘာဝတော-ထိုယောနိသောမနသိကာရ၏ မရှိခြင်းကြောင့်။

နံပါတ် (၂)

(ခ)သို့- ဆရာ၊ (က)ဖြင့် သုတံဟူသော စကားဖြင့် အရှင်အာနန္ဒာသည် ဝိက္ခေပ၏ဆန့်ကျင်ဘက်သမာဓိကို ပြ၏-ဟု ဖွင့်ဆိုအပ်၏။အဘယ်ကြောင့် သုတံ-ဟူသောစကားဖြင့် ဝိက္ခေပ၏ ဆန့်ကျင်ဘက်သမာဓိကို ပြဆိုအပ်ပါသနည်း။သုတံဖြင့် ကြားနာခဲ့ရခြင်းမျှကိုသာ ဝါ-သောတဒွါရသို့ ရောက်ခြင်း ရခြင်းကိုသာ ပြဆိုသည်မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။

ကား- ပျံ့လွင့်သော စိတ်ရှိသူအား ကြားနာခြင်း မရှိသောကြောင့် ဖလူပစာရတ္ထအားဖြင့် သမာဓိကို ပြအပ်၏ဟူလို။

(ဂ)သို့- ဆရာ၊ (ခ)ဖြင့် ပျံ့လွင့်သောစိတ်ရှိသူအား ကြားနာခြင်း မရှိနိုင်သောကြောင့် သုတံဖြင့် အဝိက္ခေပကိုပြ၏ဟု ဗျတိရေက အကြောင်းကို ဖွင့်ပြအပ်၏။ ပျံ့လွင့်သောစိတ်ရှိလျက်လည်း နာယူနိုင်မှုဖြစ်ကောင်းသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျှက် ပျံ့လွင့်သောစိတ်ရှိသူအား ကြားနာခြင်းမရှိ၍ သုတံဖြင့် အဝိက္ခေပကိုပြ၏ဟု ဆိုသောစကား အသို့ သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ)မိန့်။ ဋီ၊သစ်၊၁။၁၅၈။

(ဃ+င)သို့ အပရာနုသန္ဓေ-ယခုအခါ၌ ယောနိသောမနသိကာရ အဝိက္ခေပ-နှစ်မျိုးတို့တွင် ယောနိသောမနသိကာရဖြင့် အဘယ်ကို ထင်ရှားပြအပ်ပါသနည်းဟူ၍ အမေးရှိနိုင်ရကား ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ+င)မိန့်။

(င)သို့- ဆရာ၊ (ဃ)ဖြင့် ယောနိသောမနသိကာရဖြင့် အတ္တသမ္မာသဏိဓိနှင့် ပုဗ္ဗေစ ကတပုညတာကို ပြီးစေ၏ဟု ဖွင့်ပြအပ်၏။ ယောနိသောမနသိကာရဖြင့် နှလုံးသွင်းမှုမှန်ကန်ခြင်းကိုသာ ပြီးစေ၏ဟု ဖွင့်ပြသင့်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျှက် အဘယ်ကြောင့် အတ္တသမ္မာပဏိဓိနှင့် ပုဗ္ဗေစကတပုညတာကို ပြဆို၏ ပြီးစေ၏-ဟု ဖွင့်ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (င)မိန့်။

**အဓိပ္ပါယ်ကား-** အရာရာ၌ သင့်တော်အောင် နှလုံးသွင်းတတ်ခြင်းဟူသော ယောနိသောမနသိကာရသည် မိမိစိတ်ကို ကောင်းစွာထားတတ်သူ၊ရှေး၌ ကောင်းမှုရှိသူသာ ဖြစ်စေတတ်၏။ထိုနှစ်မျိုး မရှိသူ၌ ယောနိသောမနသိကာရ မဖြစ်တတ်။ ထို့ကြောင့် ယောနိသောမနသိကာရတည်းဟူသော အကျိုးကို မြင်ရသဖြင့် အတ္တသမ္မာပဏိဓိ၊ပုဗ္ဗေစ ကတပုညတာ စက်နှစ်ပါးကို ပြအပ်၏ဟူလို။ (ဘာဋီ)

နံပါတ် (၃)

(ခ) ဝါကျ- ဝုစ္စမာနော ပိ ၌ လက္ခဏာရုစ် ပိကို ရှု။

(က) နနု သဗ္ဗသမ္ပတ္တိယာ ဝုစ္စတိ။

(ခ) အထ ကသ္မာ "န မယာ သုတံ၊ ပုန ဘဂဝတာ"တိ ဘဏတိ။

(ဂ) နနု ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော ဟောတိ၊ တသ္မာ-

http://www.dhammadownload.com



(ဃ) "န မယာ သုတံ၊ ပုန ဘဏာထာ"တိ ဘဏာတိ။

နံပါတ် (၄)

အဝိက္ခေပ– စိတ္တံ ဝိက္ခိပတီတိ ဝိက္ခေပေါ–(န ဝိက္ခေပေါ။)
ပုဂ္ဂလ– ပုတိသင်္ခါတံ အာဟာရံ ဂလတိ အဒတီတိ ပုဂ္ဂလော။
ဝိက္ခိတ္တ– ဝိဝိဓံ ခိပီယတေတိ ဝိက္ခိတ္တံ။ ဝိက္ခိပိယိတ္တာတိ ဝိက္ခိတ္တံ။
ယောနိသော–ယဝတိ ဂစ္ဆတိ ပဝတ္တတိ ဖလံ ဧတေနာတိ ယောနိ။
ပုဗ္ဗ– ပုဗ္ဗတီတိ ပုဗ္ဗော။
ကတပုညတာ–ပုနာတိ သောဓေတီတိ ပုညံ။ ကတံ ပုညံ ယေနာတိ ကတပုညော၊
တဿ ဘာဝေါ ကတပုညတာ။
အတ္တ– သုခဒုက္ခံ အဒတိ ခါဒတီတိ အတ္တာ။
ဝိက္ခေပ– ပျံ့လွင့်ခြင်း ပစ်လွှတ်ခြင်း ကြိယာသကတ်၊ ဥဒ္ဒစ္စဒြပ်၊ ဥဒ္ဒစ္စ ဟူသောပရိယာယ်။
ပုဂ္ဂလ– ခဲစားခြင်းကြိယာ၊ ပုဂ္ဂိုလ်ဒြပ်၊ သတ္တ သရီရ ပါဌ။
ယောနိ– ဖြစ်ခြင်းကြိယာ၊ အကြောင်းတရားဒြပ်၊ ကရဏ ဟေတု။ (မဟာပါဠိအဘိဓာန်)။
ပုည– စင်ကြယ်ခြင်းကြိယာ၊ ကောင်းမှုဒြပ်၊ ကုသလ သုက္က သုကရ။
အတ္တ– ခဲစားခြင်းကြိယာ၊ မိမိကိုယ်ဒြပ်၊ သယံစိတ္တံ။

နံပါတ် (၅)

ကတပုညတာ၌ တာပစ္စည်း၏ သမ္ဗန်– အာယသ္မတော အာနန္ဒဿ၊ ၏+သည်။
ဝိက္ခေတစိတ္တောကို– ဝိက္ခိတ္တစိတ္တဿာဟုဟိတ်ပြင်၊ပုဂ္ဂလဿဟု သမ္ဗန်ခံ။ ၏+သည်။
(ဝိသေသနဟိတ်ပြင် ဝိသေသျ သမ္ဗန်ခံ။)
ဝုစ္စမာနတ္တာ–ဟု ဟိတ်ပြင်က ပုဂ္ဂလဿ–ဟု သမ္ဗန်ခံ။ ၏/ကို နှစ်ချက်။ ကံဟောပုဒ်ကို ဟိတ်ပြင်သော ကြောင့် ဖြဟ်ပါသည်။

နံပါတ် (၆)

(က) သံဝဏ္ဏနာဖြင့် ဧဝံ မေ သုတံ–ဟူသောစကားဖြင့် ပြဟ္မဇာလသုတ် နာယူရာ၌ အရှင် အာနန္ဒာသည် မိမိစိတ် မပျံ့လွင့်သည်ကို ပြဆို၏ဟူသော အဓိပ္ပါယ်ကို သိစေ–(ဘာဝတ္ထ)။
ဝိက္ခိတ္တစိတ္တဿ–စသည်ဖြင့် ပျံ့လွင့်သော စိတ်ရှိသူအား ကြားနာခြင်း မရှိခြင်းကြောင့်ဟု အဝိက္ခေပ ပြဆိုခြင်း၌ ဗျတိရေက ဉာပကအကြောင်းကို သိစေ–(ဘာဝတ္ထ)

နံပါတ် (၇)

ပုဂ္ဂလ – ပုတိ+ဂလ်။ တိ–ချေ၊ ဂ–ဒွေဘော်လာ။
ပဏိဓိ – ပ+နိ+ဓိ။ နကို ဏပြု။
ပဏိဟိတ– ပ+နိ+ဓာ+တ။ နကို ဏပြု၊ ဓကို ဟပြု၊ ဣလာ၊ အာကို ချေ။
ပုည – ပုဓ္ဓဘာဝ+ဏေ+ဏျ။ ဓ္ဓ+ဘာဝ+ဏ–တို့ကို ချေ၊ ဈကို ဉ ပြု၊ ဒွေဘော်လာ၊
(တစ်နည်း) ပုန+ယ။ ဈကို ဉ ပြု၊ ဒွေဘော်လာ။

နံပါတ် (၈)

သဗ္ဗသမ္ပတ္တိယာ၌ သဗ္ဗသမ္ပတ္တိသရုပ်– (၁) နံပါတ် နိသျရှု။
အဝိက္ခေပဖြင့် သပ္ပုရိသူပနိဿယကို ထောက်ခံ မဆိုရကြောင်း–
ပျံ့လွင့်သော စိတ်ရှိသူတို့အား သူတော်ကောင်း၌ ဆည်းကပ်ခြင်း မရှိသည်၏ အဖြစ်ကို အနက်အားဖြင့် ပြီးစီးနိုင်သောကြောင် အနက်၏ အစွမ်းဖြင့်သာ ထင်ရှား၏။ထို့ကြောင့် မဆို။ ဋီသစ်။

http://www.dhammadownload.com



နံပါတ် (၉)

တထာ ဝိက္ခိတ္တစိတ္တော ဟိ၊ သဗ္ဗသမ္ပတ္တိယာ မယာ။
၁ ၁ ၂(ဃ) ၁ ၂ ၁ (ဓ)
ပုဂ္ဂလော ဝုစ္စမာနောပိ၊ ဘဏာထာတိ ပုနာသုတံ။
၁ ၂ ၂ (ဃ) ၁ ၂ ၁ (ဓ) ပထျာဝတ္တဂါထာ၊

နံပါတ် (၁၀)

(ဂ) ဘဏာတိ-ကြိယာရှ၍ ဘာဝါလက်ာရ-ပျံ့လွင့်သောစိတ်ရှိသော ပုဂ္ဂိုလ်၏ ဆိုခြင်းဟူသော ဝစီဝိညတ္တိသမုဋ္ဌာပက ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တည်း။ ဥဿဟိဋ္ဌာယီဘာဝ/ဝီရိယသ။"နမယံ သုတံ၊ ပုန ဘဏထ"ဟူသော မနသာ ဝဝတ္တာပိတ သဒ္ဒသည် အာရမ္မဏ။စိတ်ပျံ့လွင့်ခြင်း ဥဒ္ဒစ္စသည် ဥဒ္ဒီပန။ ဝိဘာဝဒေသကပုဂ္ဂိုလ်၏ ထပ်၍ဆိုရခြင်း။ထိုသို့ ပြောဆိုမှသာ သိရခြင်းအကျိုးသည် အနုဘာဝ။ (မစိုးရိမ်)

ဝါကျစဉ် (၄)

(က) ဝေဿန္တိ စ ဏ္ဍံ ယောနိသော မနသိကာရဒီပကံ ဝစနံ ဘာသမာနော "တေဝ မယာ ဓမ္မာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ"တိ ဒီပေတိ၊
(ခ) သုတန္တိ ဏ္ဍံ သဝနယောဂဒီပကဝစနံ ဘာသမာနော "ဗဟူ မယာ ဓမ္မာ သုတာ ဓာတာ ဝစသာ ပရိစိတာ"တိ ဒီပေတိ၊
(ဂ) တဒုဘယေနပိ အတ္တဗျဉ္ဇနပါရိပူရိံ ဒီပေန္တော သဝနေ အာဒရံ ဇနေတိ၊
(ဃ) အတ္တဗျဉ္ဇနပရိပုဏ္ဏဉ္ဟိ ဓမ္မံ အာဒရေန အသုဏန္တော မဟတာ ဟိတာ ပရိဗာဟိရော ဟောတီတိ တသ္မာ အာဒရံ ဇနေတွာ သက္ကစ္စံ အယံ ဓမ္မော သောတဗ္ဗောတိ။ဒီ၊ဋ္ဌ၊၁၊၃၁။

နံပါတ် (၁)

(က) ဘာသမာနော-ပြောဆိုသော အရှင်အာနန္ဒာသည်။တေဓမ္မာ-ဤပရိယတ်တရားတို့ကို။ အနုပေက္ခိတာ-အဖန်ဖန်တဲလဲ ရှုအပ် ဆင်ခြင်အပ်ကုန်၏။

(ခ) ပရိစိတာ-လေ့လာအပ်ကုန်၏။

(ဂ) ဝါကျ-ဒီပေန္တော-ပြခြင်းကြောင့်။ ဝါ-ပြနိုင်သည်၏ အဖြစ်ကြောင့်။ (အန္တပစ္စည်း ဟိတ်အနက်)

(ဃ) ဝါကျ-ဟိသစ္စံ-မှန်၏။ ဟိ-ချဲ့။ အသုဏန္တော-မကြားနာလတ်သော်။ ဝါ-မကြားနာခြင်းကြောင့်။ (အန္တပစ္စည်း လက္ခဏအနက်၊ ဟိတ်အနက်)

နံပါတ် (၂)

(ဂ)ဝါကျသို့- ဆရာ၊ (က+ခ)ဝါကျတို့ဖြင့် ဓေ-သဒ္ဒါ သုတံ-သဒ္ဒါ နှစ်ပါး အပေါင်းဖြင့် ထင်ရှားပြအပ်သော အနက်နှစ်မျိုးကို ဖွင့်ပြတော်မူအပ်၏။ထိုဝေ-သဒ္ဒါ သုတ-သဒ္ဒါ နှစ်ပါးအပေါင်းဖြင့် ထင်ရှားပြအပ်သော အနက်ကို ပြခြင်းဖြင့် အဘယ်ကို ဖြစ်စေပါသနည်း။အရှင်အာနန္ဒာ၏ သင်္ဂါယနာ၌ ပါဝင်နိုင်ခြင်း၏အကျိုးကိုသာ ဖြစ်စေပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) ဝါကျသို့- ဆရာ၊ (ဂ)ဝါကျဖြင့် အနက်သဒ္ဒါ ပြည့်စုံသည်၏ အဖြစ်ကို ပြခြင်းကြောင့် ကြားနာခြင်း၌ လေးစားခြင်းကို ဖြစ်စေအပ်၏ဟု ဖွင့်ပြတော်မူ၏။အဘယ့်ကြောင့် ကြားနာခြင်း၌ လေးစားခြင်းကို ဖြစ်စေအပ်ပါသနည်း။ပရိယတ်ဓမ္မသည် အနက်သဒ္ဒါနှင့် ပြည့်စုံသည်၏ အဖြစ်ကိုပြက လိုအပ်သောအနက်ပြီး ရာသည်မဟုတ်လော။ စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

(ဃ) ဝါကျရှ- (က) နနု အတ္တဗျဉ္ဇနပရိပုဏ္ဏံ ဓမ္မံ သုဏာတိ၊
(ခ) အထ ကသ္မာ မဟတာ ဟိတာ ပရိဗာဟိရော ဟောတိ၊

http://www.dhammadownload.com



(ဂ) အာဒရေန အသုဏန္တော၊တသ္မာ-

ဂ-ဃ ၌ (က) နနု တဒုဘယေနပိ အတ္တဇ္ဈုပ္ပနပါရိပူရိ ဒီပေတိ၊

(ခ) အထ ကသ္မာ သဝနေ အာဒရံ ဇနေတိ၊

(ဂ) အတ္တဇ္ဈုပ္ပနပရိပုဏ္ဏံ ဓမ္မံ ॥ ပ ॥ ဟောတီတိ၊ တသ္မာ-

နံပါတ် (၄)

ယောနိ- ယဝတိ ဂစ္ဆတိ ပဝတ္တတိ ဖလံ ဧတေနာတိ ယောနိ။
ဖြစ်ခြင်းကြိယာ၊ သင့်သောအကြောင်းသည်၊ ကာရဏ ဟေတု။

သုတာ- သူယိတ္ထာတိ သုတာ။ (တစ်နည်း) သူယိသူတိ သုတာ။

ဓာတာ- ဓာရီယိတ္ထာတိ ဓာတာ (တစ်နည်း) ဓာရီယိသူတိ ဓာတာ။
ဆောင်ခြင်းကြိယာ၊ ပရိယတ္တိဓမ္မဒြဗ်၊ ဓာရိတာ။

ဟိတ- ဟိနောတိ ဝပုတီတိ ဟိတံ။
တိုးပွားခြင်းကြိယာ၊ စီပွားချမ်းသာဒြဗ်၊ အတ္ထ။

ပရိဗာဟိရော-ပရိဗဟိ ဓာတော ပရိဗာဟိရော။
ပရိဗဟိပုဒ် ဤရပစ္စည်းသည်လည်းကောင်း ၊အပ၏ ဖြစ်သော စီပွားနှင့် ဌာနီဌာနအစပ်
ညှမ္ဘန်၊ စီးပွားမှ အပဖြစ်ခြင်းသည်၊ ဗဟိဒ္ဓ။

နံပါတ် (၅)

တသ္မာကဲ့ တတော ပရိဗာဟိရတ္တာ ဟုပြင်၊ သမ္ဗန်- ဣမသ္သ ဓမ္မဿ။

နံပါတ် (၆)

သုမနဿ ဘာဝေါ ဧသောမနဿံ။စေတသိကသုခဿေတံ အဓိဝစနံ။ ဒီ၊ဋ္ဌ၊၁၊၅၃။

ပဟာယာတိ ဣဓံ ပါဏာတိပါတ စေတနာသင်္ခါတံ ဒုဿီလျံ ပဇဟိတွာ၊ ဒီ၊ဋ္ဌ၊၁၊၆၉။

သုမနဿ ဘာဝေါဖြင့် သောမနဿံ၌ သုမနပုဒ် ဏျပစ္စည်း။ ယင်းဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်၍ သုမနဿ ဘာဝေါ သောမနဿံ ဟု ဝစနတ္ထ ပြုအပ်သည်ကို သိစေသည်။

စေတသိကသုခဿေတံ အဓိဝစနံဖြင့် သောမနဿအရ စေတသိကသုခကို ကောက်ယူအပ်သည်ကိုသိစေ။ပဇဟိတွာဖြင့် ပဟာယ၌ ပပုဗ္ဗ ဟာ+တွာ ပစ္စည်း။ ပဟာယ၌ ယသည် ထိုတွာပစ္စည်း၏ ကာရိယ ဖြစ်သည် ကိုသိစေသည်။ဒုဿီလျံဖြင့် ဒုဿီလ၏ အဖြစ်ကို ပယ်စွန့်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ဣဓံ ပါဏာတိပါတ စေတနာသင်္ခါတံဖြင့် ထိုဒုဿီလျအရ ပါဏာတိပါတစေတနာကို ကောက်ယူအပ်သည်ကို သိစေ။

နံပါတ် (၇)

သက္ကစ္စ-သံ+ကရ+တွာ။ တွာကို ရိစ္စပြု၊ ရ နှစ်လုံးကို ချေ၊ က-ဒွေဘော်လာ၊ နိဂ္ဂဟိတ်ချေ။

ပရိပုဏ္ဏ-ပရိ+ပူရ+တ။ ဓာတွန်နှင့်တကွ တပစ္စည်းကို ဏ္ဏပြု၊ ဦကို ဥ-ရဿပြု၊ ဏ္ဏချေ။

နံပါတ် (၈)

သုတာ ဓာတာ ပရိစိတာ အထူး-

သောတဒွါရိကဝီထိ၏နောက်သို့ အစဉ်လိုက်သော မနောဒွါရိကဝီထိ အစဉ်ဖြင့် ကြားနာခဲ့ရသည်ကို သုတ-ဟုဆို၏။

ရွတ်ခွက်၌ ထည့်အပ်သော ခြင်္သေ့အဆီသည် ကောင်းစွာတည်နေသကဲ့သို့ စိတ်ထဲ၌ ကောင်းစွာတည် နေအောင် ရွတ်အပ် သရဇ္ဈာယ်ထားအပ်သည်ကို ပရိစိတာ ဟုဆို၏။

http://www.dhammadownload.com



နံပါတ် (၉)

က–ဝါကျ– ဝစနံ ဘာသမာနော၊ ဝေတ္တိ ယောနိသော က္လဒံ။

ဒိဋ္ဌိယာ ပဋိဝိဒ္ဓါတိ၊ မနာသာ အနုပေက္ခိတာ။ ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

နံပါတ် (၁၀)

အာဒရေန သုဏာဏန္တောအရ–အသံယတ ကုက္ကုစ္စဟူသော မောဟပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်။

ကာမရတိ ဌာယီဘာဝ ကာမသိဂ်ါရ (တစ်နည်း) ဇိဂုစ္ဆဋ္ဌာယီဘာဝ ဗီဘစ္ဆရသာ။

ပရိယတ္တိမွေ့သည် အာရမ္မဏဝိဘာဝ။ ပရိယတ္တိမွေ့၏ အတ္တဗျဉ္စနပရိပုဏ္ဏဂုဏ်သည် ဥဒ္ဒီပန။

များစွာသော စီပွားမှုထက်ဝန်းကျင်အားဖြင့်ဖြစ်ခြင်းသည် အနုဘာဝ။

<u>*နိယံ။*</u> <u>*။ဒီပေန္တွ၊ ပကာသေန္တွ၊ ကျမ်း၌ပြမှု၊ ဆန္ဒရှေ့ရှု ဉာဏ်ကိုယူ။*</u>

<u>*ဒီပေန္တောအရ–ဆန္ဒရှေးရှိသော ဉာဏ်ကောက်။*</u>

ဝါကျစဉ် (၅)

(က) တတ္ထ ကိဉ္စာပိ တေသု သံဝစ္ဆရာဒီသု သမယေသု ယံ ယံ သုတ္တံ ယသ္မိံ ယသ္မိံ သံဝစ္ဆရေ ဥတုမှိ မာသေ ပက္ခေ ရတ္တိဘာဂေ ဝါ ဒိဝသဘာဂေ ဝါ ဝုတ္တံ၊ သဗ္ဗံ တံ ထေရဿ သုဝိဒိတံ သုဝဝတ္ထာပိတံ ပညာယ။ ဒီ၊ဋ္ဌ၊၁။၃၃။

(ခ) ယသ္မာ ပန "ဝေံ မေ သုတံ အသုကသံဝစ္ဆရေ ။ ပ ။အသုကဒိဝသဘာဂေ ဝါ"တိ ဝဝံ ဝုတ္တေ န သက္ကာ သုခေန ဓာရေတုံဝါ ဥဒ္ဒိသိတုံ ဝါ ဥဒ္ဒိသာပေတုံ ဝါ။

(ဂ) ဗဟု စ ဝတ္တဗ္ဗံ ဟောတိ။

(ဃ) တသ္မာ ဧကေနေဝ ပဒေန တမတ္ထံ သမောဓာနေတွာ "ဧကံ သမယ"န္တိ အာဟ။

နံပါတ် (၁)

(က) တတ္ထ တသ္မိ အဗ္ဘုတ္တိကနိဒါနေ–၌။တတ္ထ တေသု ပဒေသု–ထိုသမယဟောပုဒ်တို့တွင်။ (ဘဂဝတာ–ကတ္တား) သံဝစ္ဆရာဒီသု–သံဝစ္ဆရအစရှိကုန်သော။တေသု သမယေသု–ထိုမယတို့တွင်။ ယံယံ သုတ္တံ–အကြင်အကြင်သုတ်ကို။ယသ္မိံ ယသ္မိံ သံဝစ္ဆရေ–အကြင်အကြင်နှစ်၌သော်လည်းကောင်း။ယသ္မိံ ယသ္မိံ ဥတုမှိ–စသည်ပေး။။ပ။(ယသ္မိံ ယသ္မိံ လိုက်ရမည်ကိုသိလေ။)တံ သဗ္ဗံ–ထိုအလုံးစုံသော သုတ်၊ နှစ်၊ ဥတု၊ နေ့၊ လ၊ ပက္ခ၊ ညဥ့်အဘို့၊ နေ့အဘို့သည်။ဝါ–ကို။ ထေရဿ–အရှင်အာနန္ဒာထေရ်အား။ ဝါ–သည်။ သုဝိဒိတံ–ကောင်းစွာ ထင်ရှားပြီးသည်။ဝါ–ကောင်းစွာသိအပ်ပြီးသည်။ပညာယ–ဖြင့်။ဝဝတ္ထာပိတံ–ကောင်းစွာပိုင်းခြား မှတ်သားအပ်ပြီး သည်။ ကိဉ္စာပိ ဟောတိ။

(ခ) ပန–ထိုသို့ပင်ဖြစ်ပါသော်လည်း။ ယသ္မာ။ မေ–သည်။ က္လဒံ သုတ္တံ–ကို။ အသုကသံဝစ္ဆရေ–ထိုမည်သောနှစ်၌။ ပ။ ဝေံ–သို့။ သုတံ–ပြီ။ က္လတိဝေံ–ဤသို့များစွာသော အချင်းအရာတို့တွင် တစ်ပါးသော အခြင်းအရာအားဖြင့်။ ဝုတ္တေ–ဆိုအပ်သော်။ သုခေန–ချမ်းသာသောအားဖြင့်။ ဝါ–လွယ်ကူစွာ။ဓာရေတုံဝါ–ဆောင်ခြင်းငှါလည်းကောင်း။ ဥဒ္ဒိသိတုံဝါ–ကိုယ်တိုင် ရွတ်ဆိုခြင်းငှါလည်းကောင်း။

(ဃ) တသ္မာ–ထိုသို့ဆောင်ခြင်း ကိုယ်တိုင်ရွတ်ဆိုခြင်း သူတစ်ပါးကို ရွတ်ဆိုစေခြင်းငှါ မစွမ်းနိုင်သည့်၏အဖြစ် များစွာဆိုရလိမ့်မည်၏ အဖြစ်ကြောင့်။ ဧကေနေဝ ပဒေန–ဧကံသမယံဟူသော တစ်ပုဒ်ဖြင့်သာ။ တမတ္ထံ–ထိုနှစ် ၊ဥတု၊ လ၊ ပက္ခ၊ ညဥ့်အဘို့၊နေ့အဘို့–ဟူသောအနက်ကို။သမောဓာနေတွာ–ပေါင်း၍။ဧကံ သမယန္တိ–ဟူ၍။ အယသ္မာ အာနန္ဒတ္ထေရော အာဟ။

နံပါတ် (၂)

(ခ) သို့– ဆရာ၊ (က)ဖြင့် သံဝစ္ဆရ ဥတုစသော အလုံးစုံကို အရှင်အာနန္ဒာထေရ်သည် ပညာဖြင့် ကောင်းစွာသိအပ်၊ ပိုင်းခြားမှတ်သားအပ်ပြီး–ဟု ဖွင့်ဆိုအပ်၏။ထိုသို့ ဖွင့်ဆိုသော် ဧကံ သမယံ–ဟု မဟောပဲ၊

http://www.dhammadownload.com



အသုကသံဝစ္ဆရေ စသည်ဖြင့် နှစ်၊ ဥတုစသော သတ်မှတ် မှတ်သားအပ်သော ကာလ၏ အစွမ်းအားဖြင့် ဟောဆိုသင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် နှစ်၊ ဥတုစသော သတ်မှတ်အပ်သော ကာလ၏အစွမ်းဖြင့် မဟောဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

ကား- နှစ်၊ ဥတုစသော သတ်မှတ် မှတ်သားအပ်သော ကာလ၏အစွမ်းဖြင့် ဟောအပ်သည်ရှိသော် လွယ်ကူစွာဆောင်ခြင်းငှါလည်းကောင်း။ ရွတ်ဆိုခြင်းငှါလည်းကောင်း။ မတတ်ကောင်းသောကြောင့် ဟူလို- (အဘယ်ကြောင့်''ကေ သမယံဟု မသတ်မှတ်အပ်သောကာလ၏ အစွမ်းဖြင့် ကာလကိုညွှန်ပြအပ်ပါသနည်း'' ဤသို့လည်း စောဒနာတက်နိုင်သည်။ ဋီ၊သစ်၊၁၊၁၆၉။

(ဂ) ဝါကျသို့-ဆရာ၊(ခ)ဖြင့် ချမ်းသာလွယ်ကူစွာဆောင်ခြင်း၊ ရွတ်ဆိုခြင်းငှါမတက်ကောင်းဟု ဖွင့်ပြအပ်၏။ယင်းသို့ မတက်ကောင်းသည်သာ ဖြစ်ပါသလော။အဘယ်သို့လည်းဖြစ်ပါသေးသနည်း။စုဒ်ကြောင့် (ဂ)မိန့်။

ကား-ဆိုစရာစကားလည်းများ၏ ဟူလို-

မှတ်ချက်-ဝါကျအားလုံး ကျမ်းတက်လိုက ပဓာနဝါကျ အဖြေကိုရှုပါ။(၃)နံပါတ် စတုက္ကနည်းရှုတက်။

နံပါတ် (၃)

(က) နနု စေတသု သံဝစ္ဆရာဒီသု။ ပ ။သုဝဝတ္ထာပိတံ ပညာယ။

(ခ) အထ ကသ္မာ ''တေံ သမယ''န္တိ အာဟ။

(ဂ) ယသ္မာ ''ဧဝံ မေသုတံ အသုကသံဝစ္ဆရေ။ ပ ။ဗဟုစ ဝတ္တဗ္ဗံ ဟောတိ၊ တသ္မာ-

ပန-သဒ္ဒါ ထားရကြောင်း-

အရှင်အာနန္ဒာထေရ်မှာ ဖြဟွစာလသုတ်စသော မည်သည့်သုတ်မဆို၊ မည်သည့်နှစ်၊ မည်သည့်ဥတု၊ မည်သည့်လ၊ မည်သည့်ပက္ခ၊ မည်သည့်ညဥ့်အဘို့၊ မည်သည့်နေ့အဘို့တို့၌ ဟောအပ်သည်ကို ပညာဖြင့် ကောင်းစွာသိအပ်၊ပိုင်းခြားအပ်ပြီးဖြစ်လျက် ပါငြားသည် ''ကေ သမယံ''ဟု အနိယမိတအစွမ်းဖြင့် ကာလညွှန်ပြသည်ကို မနှစ်သက်ဖွယ် ဖြစ်နေပါ၏။ ထိုကြောင့် ''ပန''သဒ္ဒါထားရသည်။

နံပါတ် (၄)

သံဝစ္ဆရ- သံဝသန္တိ ဧတ္ထာတိ သံဝစ္ဆရော။

မာသာ- ပုနပ္ပုနံ အာယုံ မိနန္တော'ဝိယ သီယတိ အန္တံ ကရောတီတိ မာသော၊
မီယတေ ပရိမီယတေတိ မာသော။

ပက္ခ- ပတန္တိ ဧတေနာတိ ပက္ခော။ (ပတ-ဂမနေ၊ ကရဏော၊ခေါ်)

ရတ္တိ- ရဥ္ဇန္တိ ဧတ္ထာတိ ရတ္တိ။

ဒိဝသ- ဒိဗ္ဗန္တိ ကီဠန္တိ အသ္မိန္တိ ဒိဝသော။

သံဝစ္ဆရ- နေခြင်းကြိယာသကတ်၊ နှစ်ဟူသောကာလပညတ်၊ ဝသ သရဒ ဟာယန သမာ။

ရတ္တိ- တပ်မက်ခြင်းကြိယာသကတ်၊ ညဥ့်ဟူသောကာလပညတ်၊ နိသာ ရဇနီ တိယာမ သံဝရီ။

နံပါတ် (၅)

သုဝိဒိတ္တာ သုဝဝတ္ထာပိတတ္တာ-ဟု ဟိတ်ပြင်၊
တသ္မ သဗ္ဗဿ-ဟု သမ္ဗန်ခံ။ ၏+ကို။

နံပါတ် (၆)

သံဝစ္ဆရ- သံ+ဝသ+ဆရ။ သ-ကို စ ပြု။
ဥတု- ဣ+တု။ ဣ-ကို ဥ ပြု။
ပက္ခ- ပတ+ခ။ တ-ကို က ပြု။

http://www.dhammadownload.com

# ဝါကျစဉ်(၆)တထာ အကတ္ဘာ

နံပါတ် (၈)

ဥဒ္ဒိဿာပေတုံ နသက္ကာ–အထူးထူးအပြားပြား များပြားသော အချင်းအရာအားဖြင့် ဖြစ်သည်၏ အဖြစ်ကြောင့်။

ဗဟုစ ဝတ္တဗ္ဗံ ဟောတိ–အကြင်မျှလောက် ကာလတွေများ၏၊ ထိုမျှလောက် ဆိုထိုက်သောကြောင့်။

နတ်လူတို့၌ ထင်ရှားသောကာလများ–၁။ပဋိသန္ဓေယူရာအခါ၊ ၂။မွေးဖွားရာအခါ၊ ၃။သံဝေဂရရာအခါ၊ ၄။တောထွက်ရာအခါ၊ ၅။ဒုက္ကရစရိယ ကျင့်ရာအခါ၊ ၆။မာရ်နတ်ကိုအောင်မြင်သောအခါ၊ ၇။သစ္စာလေးပါးကို ထိုးထွင်းသိရာအခါ၊ ၈။ဈာန်သမာပတ်တို့ဖြင့် ချမ်းချမ်းသာသာနေရာအခါ၊ ၉။တရားဟောရာအခါ၊ ၁၀။ ပရိနိဗ္ဗာန်စံရာအခါ။ (ဋ္ဌ။၃၃။)

နံပါတ် (၉)

ဗဟု ဟောတိ စ ဝတ္တဗ္ဗံ၊ တဿာ ကော ပဒေနေ၀
တမတ္ထာဟ သမောဓာနံ၊ ကတ္ဘာ "ဧကံ သမယံ"န္တိ။
စတုတ္ထ သင်္ဂဟရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

မှတ်ချက်–အချို့ဆရာများက သမပါဒ၌ ဝိပုလာဂါထာဖြစ်သည်ကို သဘောမတွေ့၊ ပါဒချင်းချင်း ပြောင်းလွဲဖြေပါ။

နံပါတ် (၁၀)

"အာဟ"ကို၌– အရှင်အာနန္ဒာသင်္ဂါန် ဉာဏ် ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။

ဥဿာဟဋ္ဌာယီဘာဝ ဝီရရသ၊ "ဧကံ သမယံ"ဟူသော မနသာဝတ္ထုပိတ သဒ္ဒါသည် အာရမ္မဏ ဝိဘာဝ၊ဆောင်ခြင်း ရွတ်ဆိုခြင်း ရွတ်ဆိုစေခြင်းငါ့ မလွယ်ကူခြင်း ဆိုဖွယ်ရာများခြင်း အကြောင်းတို့သည် ဥဒ္ဒီပနဝိဘာဝ၊ ဆောင်ရွက်မှတ်သား ရွတ်ဆိုခြင်းငါ့ လွယ်ကူ မပင်ပန်း ချမ်းသာခြင်း ဆိုဖွယ်နည်းခြင်းအကျိုး တို့သည် အနုဘာဝ။

ဝါကျစဉ် (၆)

(က) တထာ အကတ္ဘာ "ဧကံ သမယ"န္တိ ဥပယောဂဝစနံ နိဒ္ဒေသော ကတောတိ၊
(ခ) တတ္ထ တထာ ဣစ စ အညထာ အတ္ထသမ္ဘဝတော၊
(ဂ) တတ္ထ ဟိ အဘိဓမ္မေ, ဣတော အညေသု သုတ္တပဒေသု စ အဓိကရဏတ္တေ ဘာဝေန ဘာဝလက္ခဏတ္တေ စ သမ္ဘဝတိ၊
(ဃ) အဓိကရဏဉ္ဟိ ကာလတ္ထော, သမူဟတ္ထော စ သမယော၊
(င) တဿာ တဒတ္ထဇောတနတ္ထံ တတ္ထ ဘုမ္မဝစနနိဒ္ဒေသော ကတော။ ဒီ၊ဋ္ဌ၊၁။၃၃။၃၄။

နံပါတ် (၁)

(က) အကတ္ဘာ၏ ကံ– ဘုမ္မဝစနနိဒ္ဒေသံ စ–သတ္တမီဝိဘတ်နှင့်ညွှန်ပြခြင်းကိုလည်းကောင်း၊ ကရဏဝစနနိဒ္ဒေသံ စ–တတိယာဝိဘတ်နှင့်ညွှန်ပြခြင်းကိုလည်းကောင်း။

ကတော၏ ကတ္တား– အာယသ္မတာ အာနန္ဒတ္ထေရေန၊ (တစ်နည်း) သင်္ဂီတိကာရေဟိ၊

(ခ) တတ္ထ–ထိုအဘိဓမ္မာပိဋကတ်၊အခြားသောသုတ်ပုဒ် ဝိနည်းပိဋကတ်တို့၌။တထာ–ထိုသတ္တမီဝိဘတ်၊တတိယာဝိဘတ်တို့ဖြင့်။အတ္ထသမ္ဘဝတော–အနက်၏ ဖြစ်သင့်သောကြောင့်။ဣဓ–ဤဧကံ သမယံ-ဟူသောပုဒ်၌။အညထာ–သတ္တမီဝိဘတ် တတိယာဝိဘတ်မှတစ်ပါးသော ဒုတိယာဝိဘတ်ဖြင့်။
(ဟေတုဖလ သမ္ဗန္ဓယောဇနာနည်း။ ဟေတုပိဏ္ဍိနည်း။)အနက်ပေးနည်းတို့ကို မေးနိုင်ပါသည်။

(ဂ) ဟိ–ချဲ့။ တတ္ထ–ထိုအဘိဓမ္မာပိဋကတ်၊အခြားသောသုတ်ပုဒ် ဝိနည်းပိဋက ဧကံ သမယံ-ဟူသောပုဒ်တို့တွင်။ဣတော–ဧကံ သမယံ–ဟူသောပုဒ်မှ။

http://www.dhammadownload.com



# သီ လ က္ခန် ဓာ စဉ်

*(နိယံ–ကထံ တတ္ထ ဟိ–ပြနောက်မှာ ဟိ ရောက်လာ ချဲ့ကာယူကြမြင်း။)*

(ဃ) ဟိ–မှန်။တစ်နည်း–ဟို ယသ္မာ။ အဓိကရဏာ–တည်ရာတည်း။

နိုဝါထိ (၂)

(ခ) ဝါကျသို့–ဆရာ (က)ဝါကျဖြင့် အဘိဓမ္မာပိဋကတ်၌ သတ္တမီဝိဘတ်ဖြင့်ညွှန်၏။ဝိနည်းပိဋကတ်၌ တတိယာဝိဘတ်ဖြင့်ညွှန်၏။ထိုသို့မညွှန်မူ၍ ဤသုတ္တန်ပိဋကတ်၌ ဧကံသမယံဟု ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြခြင်းကို ပြုအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ အဘယ်ကြောင့် သုတ္တန်ပိဋကတ်၌ ဒုတိယာဝိဘတ်ဖြင့်ညွှန်ပြခြင်းကို ပြုတော်မူအပ်ပါသနည်း။အဘိဓမ္မာပိဋကတ်,ဝိနည်းပိဋကတ်တို့နှင့် ဘုရားဟောအဖြစ်ဖြင့် တူသောကြောင့် သတ္တမီဝိဘတ် တတိယာ ဝိဘတ်တို့ဖြင့် ညွှန်ပြခြင်းကို ပြုထိုက်သည်မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဃ) သို့–ဆရာ (ဂ)ဝါကျဖြင့် အဘိဓမ္မာပိဋကတ် အခြားသောပုဒ်၊ ဝိနည်းပိဋကတ် ဧကံသမယံဟူသော ပုဒ်တို့တွင် အဘိဓမ္မာ၌လည်းကောင်း၊ အခြားသောပုဒ်တို့၌လည်းကောင်း အဓိကရဏအနက် ဘာဝေနဘာဝ လက္ခဏအနက် ဖြစ်သင့်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုစကား အသို့လျှင်သင့်နိုင်ပါအံ့နည်း။ပုဒ်တစ်ပုဒ်၌ ဝိဘတ် တစ်ခု အနက်နှစ်မျိုး မဖြစ်ကောင်းသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

နိုဝါထိ (၃)

(က+ခ) ဝါကျ၌–

(က) နနု အဘိဓမ္မေ အညေသုစ သုတ္တပဒေသု ဘုမ္မဝစနိဒ္ဒေသော ကတော ဝိနယေစ ကရဏဝစနေန၊

(ခ) အထ ကသ္မာ တထာ အကတွာ "ဧကံသမယ"န္တိ ဥပယောဂဝစန နိဒ္ဒေသော ကတော၊

(ဂ) တတ္ထ တထာ ဣဓ စ အညထာ အတ္ထသမ္ဘဝတော၊

နိုဝါထိ (၄)

| | |
|---|---|
| ဥပယောဂေါ– | ဥပယုဇ္ဇိတဗ္ဗော ကိရိယာယာတိ ဥပယောဂေါ။ |
| | ယှဉ်ခြင်းကြိယာ။ ဒုတိယာဝိဘတ်အနက်သည်(ကံအနက်)။ ကမ္မံ။ |
| | ဥပယောဂေ ပဝတ္တံ ဝစနံ ဥပယောဂဝစနံ။ |
| ဘုမ္မ– | ဘဝန္တိ ဧတ္ထာတိ ဘုမ္မံ။ |
| | ဖြစ်ခြင်းကြိယာ။ အာဓာရအနက်သည်။ ဩကာသ။ |
| | ဘုမ္မေ ပဝတ္တံ ဝစနံ ဘုမ္မဝစနံ။ |
| ကာလတ္ထ– | ကာလသင်္ခါတော အတ္ထော ယဿာတိ ကာလတ္ထော။ |
| | ကာလဟု ဆိုအပ်သောအနက်၏ သမယသဒ္ဒါနှင့် ဝါစ္စ,ဝါစက အစပ်သမ္ဗန်။ |
| | (တစ်နည်း) အကြောင်းအကျိုးစပ်ခြင်းသမ္ဗန်။ |
| အညထာ– | အညေန ပကာရေန အညထာ။ |

နိုဝါထိ (၅)

ကာလတ္ထောကို ကာလတ္ထတ္တာ ဟု ဟိတ်ပြင်၊ သမ္ဗန်– သမယဿ။

(င) ဝါကျ တသ္မာကို တတော သမ္ဘဝတ္တာ ဟု ဟိတ်ပြင်၊ သမ္ဗန်– အဓိကရဏတ္တဿ ဘာဝလက္ခဏတ္တဿ။

နိုဝါထိ (၆)

ဣတိဟမေတိ ဣတိဟ ဣမေ၊ ဆဝံ ဣမေတိ အတ္ထော။ ဒီ၊ဋ္ဌ၊၁။၄၅။

ဣတိဟ ဣမေဖြင့် ဣတိမေကို ဣတိဟ+ဣမေဟု ပဒစ္ဆေဒပြုရသည်ကို သိစေသည်။

ဧဝံ ဣမေဖြင့် ဣတိမေကို ဣတိ+ဣမေဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း၊ ဣတိသဒ္ဒါသည် ဧဝံအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ ဟ လာ၍ပြီးသည်ကိုလည်းကောင်း သိစေသည်။

http://www.dhammadownload.com



**ဝိဒိတွာ**တိ သဗ္ဗညုတညာဏေန ဇာနိတွာ၊ ဋီ၊ ဒု၊ ၁၊၄၅။

**ဇာနိတွာ**ဖြင့် ဝိဒိတွာ၌ ဝိဒဓာတ်သည် သိခြင်းအနက်၌ ဖြစ်သည်ကို သိစေ။သဗ္ဗညုတညာဏေနဖြင့် တစ်စုံတစ်ခုသော ညာဏ်ဖြင့် သိသည်မဟုတ်။သဗ္ဗညုတညာဏ်ဖြင့် သိ၏ဟူသော အဓိပ္ပါယ်ကို သိစေ

နံပါတ် (၇)

ဝိဝိစ္စ– ဝိ+ဝိစ+တွာ။ တွာကို ရိစ္စ ပြု၊ ဓာတွန်နှင့်တကွ ရိချေ။

နံပါတ် (၈)

ကာလသည် ဥပဒါပညတ်မျှ ဖြစ်၏။သမူဟသည် ဝေါဟာရမျှဖြစ်၏ အဘယ်သို့လျှင် ပရမတ္ထတရားတို့၏ တည်ရာဖြစ်နိုင်ပါသနည်း။

သဘာဝတရားတို့ကို ထက်ဝန်းကျင် ပိုင်ဖြတ်အပ်သောကြောင့်လည်းကောင်း၊ ကြံစီခြင်းမျှပြီးသောကြောင့် လည်းကောင်း ကာလတ္တနှင့် သမူဟတ္တနှစ်ပါးသည် အဓိကရဏ ဖြစ်နိုင်ပါသည်။

နံပါတ် (၉)

န/ဟရာမိ နဘဏ္ဍာ/မိ၊ အာ/ရာ သိယာ်မိ ဝါရိ/ဖံ။

အ/ထကေန နဝဏ္ဏေ/န၊ ဂ/န္ဓတ္တေတောတိ ဝုစ္စ/တိ။

လေးပါဒတို့၏ အစတစ်လုံးနောင် သ,န လွတ်သောကြောင့်လည်းကောင်း၊ဝိသမပါဒတို့၌ အစလေးလုံးနောင် ယ,ဂိုဏ်း ရှိသောကြောင့်လည်းကောင်း၊သမပါဒ အစလေးလုံးနောင် ဇ,ဂိုဏ်းရှိသောကြောင့်လည်းကောင်း ပထျာဝတ္တဂါထာ။ တစ်ပါဒလျှင် ရှစ်လုံးစီရှိသောကြောင့် အနုဋ္ဌုဘာဆန်းမည်ပါသည်။

နံပါတ် (၁၀)

**သိယာ်မိ** အရ– ကုသလဝိပါတ် ဃာနဝိညာဏ်စိတ္တုပ္ပါဒ်ကောက်။ မွှေရတိ၊ ဝမ္မသိဂါရ။ ကြာသည် အာရမ္မဏ။ သီလဖြူစင်ခြင်း အကြောင်းသည် ဥဒ္ဒိပန။နံ့သာသူခိုးဟု ပြောဆို စွပ်စွဲ ခံရခြင်းသည် အနုဘာဝ။

ဝါကျစဉ် (၇)

(က) ဝိနယေ စ ဟေတုအတ္တော ကာရဏတ္တောစ သမ္ဘဝတိ။

(ခ) ယော ဟိ သော သိက္ခာပဒပညတ္တိသမယော သာရိပုတ္တာဒီဟိပိ ဒုဗ္ဗိညေယျော၊ တေန သမယေန ဟေတုဘူတေန, ကရဏဘူတေန စ သိက္ခာပဒါနိ ပညာပယန္တော, သိက္ခာပဒပညတ္တိဟေတုဉ္စ အပေက္ခမာနော ဘဂဝါ တတ္ထ တတ္ထ ဝိဟာသိ၊ တသ္မာ တဒတ္ထဇောတနတ္ထံ တတ္ထ ကရဏဝစနေန နိဒ္ဒေသော ကတော။ဒီ၊ ဒု၊ ၁၊၃၄။

နံပါတ် (၁)

(ခ)ပစ္စာသတ္တိနည်းအနက်–ဟိ–မှန်။တစ်နည်း–ဟိယသ္မာ–ကြောင့်။ယော သော သိက္ခာပဒပညတ္တိသမယော–သိက္ခာပုဒ်ပညတ်အခါကို။ဒုဗ္ဗိညေယျာ–ခဲရင်းသဖြင့်သိအပ်၏။ကာရဏဘူတေန–သော။တေန သမယေနစ–လည်းကောင်း။သိက္ခာပဒါနိ–တို့ကို။ပညာပယန္တော–ပညတ်တော်မူသော။ဟေတုဘူတေန–အကြောင်းဖြစ်၍ ဖြစ်သော။တေနသမယေန–ထိုသမယဖြင့်။သိက္ခာပဒပညတ္တိဟေတုဉ္စ–သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏ အကြောင်းဖြစ်သော ဝီတိက္ကမကို။အပေက္ခမာနော–ရှုငဲ့တော်မူသောဘဂဝါ–သည်။။တတ္ထ တတ္ထ–ထိုထို အရပ်၌။

(ဂ) တသ္မာ–ထိုသို့ ဝိနည်းပိဋကတ်၌ ဟိတ်အနက်, ကရိုဏ်းအနက်တို့၌ ဖြစ်သင့်သောကြောင့်။

*နိယံ။ ။တသ္မာဆို၊ ဟိတ်၏ဖိုလ်၊ စွဲဆိုမျှားထုံးစံ။*

နံပါတ် (၂)

(ခ) ဝါကျသို့–ဆရာ (က)ဖြင့် ဝိနည်းပိဋကတ်၌ ဟိတ်အနက် ကရိုဏ်းအနက် ဖြစ်သင့်၏ဟု ဖွင့်ပြတော်မူအပ်၏။ အဘယ်ကြောင့် ဝိနည်းပိဋကတ်၌ ဟိတ်အနက် ကရိုဏ်းအနက် ဖြစ်သင့်ပါသနည်း။ ဟိတ်

http://www.dhammadownload.com



အနက်ဟူ၍လည်းကောင်း ကရိုဏ်းအနက်ဟူ၍လည်းကောင်း အနက်တစ်မျိုးသာ ဖြစ်နိုင်ကောင်းသည်မဟုတ်ပါလော။ သဒ္ဒါအနက် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ဂ) ဝါကျသို့-ဆရာသည် (က)ဖြင့် ဝိနည်းပိဋကတ်၌ ဟေတုအနက် ကရိုဏ်းအနက် ဖြစ်သင့်၏ဟု ဖွင့်ပြတော်မူအပ်၏။ ထိုသို့ဖွင့်ဆိုသဖြင့် အဘယ်အကျိုး ရရှိအပ်ပါသနည်း။ အကျိုးမရ နိရတ္ထက-ဟူ၍ မှတ်သားအပ်ပါသလော။ ဤသို့ စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

**နိယံ။ ။သီးခြားတသဒ္ဒါ၊ ရှိခဲ့ရာ၊ ယူပါလဒ္ဓဂုဏ်။**

မှတ်ချက်။ ။လဒ္ဓဂုဏဝါကျမှတ်သမျှ တသဒ္ဒါ၏ အစွဲသည် ထပနာဖြစ်၍ ဓောဒနာနှင့် အဘော်ကို အထက်ပါ ကျမ်းတက်အတိုင်း ပုံသေ ဖြေဆိုရမည်။

နံ့ပါတ် (၃)

(က+ခ) ဝါကျ၌-

(က) နနု ဝိနယေ ကရဏတ္ထော ဝ သမ္ဘဝတိ၊

(ခ) အထ ကသ္မာ ဝိနယေ ဟေတုအတ္ထော ကရဏတ္ထော စ သမ္ဘဝတိ၊

(ဂ) ယသ္မာ ယောသော သိက္ခာပဒပညတ္တိသမယော သာရိပုတ္တာဒီဟိပိ ဒုဝိညေယျော၊ တေန သမယေန ဟေတုဘူတေန ကရဏဘူတေန စ သိက္ခာပဒါနိ ပညာပယန္တော သိက္ခာပဒပညတ္တိဟေတုဉ္စ အပေက္ခမာနော ဘဂဝါ တတ္ထ တတ္ထ ဝိဟာသိ၊ တသ္မာ

(က+ဂ) ၌-

(က) နနု သုတ္တန္တာဘိဓမ္မေသု ဥပယောဂဝစနဘုမ္မဝစနေဟိ နိဒ္ဒေသော ကတော။

(ခ) အထ ကသ္မာ တတ္ထ ကရဏဝစနေန နိဒ္ဒေသော ကတော။

(ဂ) ဝိနယေ ဟေတုအတ္ထော ကာရဏတ္ထော စ သမ္ဘဝတိ၊ (တသ္မာ တဒတ္ထဇောတနတ္ထံ)

နံ့ပါတ် (၄)

ဝိနယ- ဝိနေတိသတ္တေ ဓောနာတိ ဝိနယော။ (အာဏာဒေသနာရ)

ဟေတု- ဟိနောတိပဝတ္တတိ ဖလံ ဓေနာတိ ဟေတု။ (ကာရဏ)

ပညတ္တိ- ပညာပေတိ ထွောတိ ပညတ္တိ။

သိစေခြင်းကြိယာ။ ပညတ်ရာအခါ။ ပညတ္တ-ဌပိတ-အာဏာ။

နံ့ပါတ် (၅)

ဟိတ်-ပညာပယန္တတ္တာ သမ္ဗန်-ဘဂဝတော

(ဂ) တသ္မာ တတော သမ္ဘဝတော။ (ဋီကာ) တစ်နည်း- တသ္မာ တတော သမ္ဘဝန္တတ္တာ။

သမ္ဗန်- ဟေတုအတ္ထဿ ကရဏအတ္ထဿ။

နံ့ပါတ် (၆)

(ဃ) တတြာတိ တသ္မိံ အဒ္ဒါနမဂ္ဂေ၊ တေသု ဒွိသု ဇနေသု။ ဋ္ဌ၊ ၃ရ။

တသ္မိံ အဒ္ဒါနမဂ္ဂေဖြင့် တတြ၌ တသဒ္ဒါသည် အဒ္ဒါနမဂ္ဂကို စွဲယူသုံးသပ်အပ်သည်ကိုလည်းကောင်း တြပစ္စည်း သတ္တမီအနက်၌ သက်သည်ကိုလည်းကောင်း သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္တ၊ ဝိဘတျတ္တ)

တေသု ဒွိသု ဇနေသု-ဖြင့် တတြ၌ တသဒ္ဒါသည် နှစ်ယောက်လူတို့ကို စွဲယူသုံးသပ်အပ်သည်ကို လည်းကောင်း။ တြပစ္စည်းသည် သတ္တမီ သုဝိဘတ်၏အနက်၌ ဖြစ်သည်ကိုလည်းကောင်း သိစေပါသည်။

နံ့ပါတ် (၇)

ဒုဝိညေယျ-ဒု+ဝိ+ဉာ+ဏျ။ ဏျကို ယေျ ပြု၊ ဉာ၌ အာ ချေ၊ ဥ-ဒွေဘော်လာ၊ ဝဒွေဘော်လာ ဝနှစ်လုံးကို ဗနှစ်လုံးပြု။

http://www.dhammadownload.com



ဝိသုဒ္ဓိ- ဝိ+သုဓ+တိ။ တကို ခပြု၊ ဓတွန်ကေို ဒ ပြု။

နံပါတ် (၈)

ဟေတု ကရဏတို့အရ မုချ- လွန်ကျူးခြင်း ဝီတိက္ကမ အမှု။

ဤ၌ အရှင်သာရိပုတ္တရာ ဆိုရကြောင်း-ဝိနည်း၌လာသော သိက္ခာပုဒ်ကို ပညတ်ဖို့ရန် တောင်းပန်သော ဝတ္ထုနှင့်စပ်သဖြင့် မထေရ်ကို အပိုင်းအခြား ပြုလိုသောကြောင့် အရှင်သာရိပုတ္တရာကို ဆိုရပါသည်။

နံပါတ် (၉)

ဝိနယေ ဟေတုအတ္ထော စ၊ ကရဏတ္ထော စ နိဒ္ဒေသော။

တဒတ္ထဓောတနတ္ထံ စ ၊ တသ္မာ ဟောတိ ကတော တတ္ထ။ (ဝဏ္ဏဂါထာ၊ )

နံပါတ် (၁၀)

ပညာပယန္တော အရ- ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၊ (တစ်နည်း) ဗုဒ္ဓ၏ မဟာကရုဏာစိတ္တုပ္ပါဒ်၊ မေ့ရတိ၊ မေ့သိဂ်ါရသိက္ခာပုဒ်တို့သည် အာရမ္မဏ၊ ရဟန်းတို့၏ ဝီတိက္ကမ လွန်ကျူးမှုသည် ဥဒ္ဒိပန၊ ရဟန်းတို့အား ပါတိမောက္ခသံဝရသီလ ပြည့်စုံခြင်းစသော အကျိုးတရားတို့သည် အနုဘာဝ။

ဝါကျစဉ် (၈)

(က) ဣလ ပန အညသို့ဥ ဝေ ဓာတိကေ အစ္စန္တသံယောဂတ္တော သမ္မဝတိ။

(ခ) ယဥ္ဇ သမယံ ဘဂဝါ ဣမံ့ အညံ ဝါ သုတ္တန္တံ ဒေသေသိ၊ အစ္စန္တမေဝ တံ သမယံ ကရုဏာဝိဟာရေန ဝိဟာသိ၊

(ဂ) တသ္မာ တဒတ္ထဓောတနတ္ထံ ဣလ ဥပယောဂဝစနနိဒ္ဒေသော ကတောတိ။

(ဃ) တေနေတံ ဝုစ္စတိ-''တံ တံ အတ္ထမပေက္ခိတွာ၊ ဘုမ္မေန ကရဏေနစ။

အညတြ သမယော ဝုတ္တော၊ ဥပယောဂေန သော ဣတော''တိ။ ဒီ၊ ဋ္ဌ၊၁၊၃၄။

နံပါတ် (၁)

(က) ဣလစေ-ဤပြဟ္မဇာလသုတ်၌လည်းကောင်း။ဝေဓာတိကေ-ဤသို့သဘောရှိသော။အညသို့ စ-တစ်ပါးသောသုတ်၌လည်းကောင်း။

(ခ) ယံသမယံ-အကြင်အခါပတ်လုံး။အစ္စန္တမေဝ-အပိုင်းအခြားကို လွန်၍သာလျှင်။(သဒ္ဒတ္တ)ဝါ-အဆက်မပြတ်သာလျှင်။(ဝေါဟာရတ္တ) ဝါ-ဒေသနာအစမှစ၍ ဒေသနာတော်ဆုံးသည့်တိုင်အောင်သာလျှင်။ (အဓိပ္ပါယတ္တ)ကရုဏာဝိဟာရေန-ကရုဏာဝိဟာရဖြင့်။(နာမသတ်) ဝါ-ကရုဏာဝိဟာရလျှင် အရင်းခံရှိသော ပရဟိတပဋိပတ်ဖြင့်။

(ဃ) တံတံ အတ္ထံ-အာဓာရစသော ထိုထိုအနက်ကို။အညတြ-ပြဟ္မဇာလသုတ်မှတစ်ပါးသော သုတ် ဝိနည်းတို့၌။

နံပါတ် (၂)

(ခ) သို့-ဆရာ (က)ဖြင့် ဣသမယံ ဟူသောပုဒ်၌လည်းကောင်း တစ်ပါးသောဤသို့သဘောရှိသော ပုဒ်၌လည်းကောင်း အစ္စန္တသံယောဂအနက် ဖြစ်၏ဟု ဖွင့်ပြအပ်၏။အဘယ်သို့လျှင် အစ္စန္တသံယောဂ အနက် ဖြစ်နိုင်ပါသနည်း။အဘိဓမ္မာပိဋကတ် ဝိနည်းပိဋကတ်တို့၌ကဲ့သို့ အဓိကရဏ ဘာဝေနဘာဝလက္ခဏ, ဟိတ်, ကရိုဏ်းအနက်တို့သာ ဖြစ်သင့်သည်မဟုတ်ပါလော။ ဤသို့ စုံ်ကြောင့် (ခ) မိန့်။

(ဃ)သို့- ဆရာ၊ဆိုအပ်ခဲ့ပြီးသောဝါကျတို့ဖြင့် အတ္တသမ္ဘဝအားလျော်စွာ ဘုမ္မ ကရဏ ဥပယောဂ ဝိဘတ်ဖြင့် ပြသည်ကို အကျယ်ပြဆိုတော်မူ၏။အကျဉ်းလွယ်ကာမှတ်စရာ သင်္ဂဟဂါထာကို ဆရာမပြဆိုပြီ လော။အကျဉ်းလွယ်ကာ သင်္ဂဟဂါထာကား အဘယ်ပါနည်း။စုံ်ကြောင့် (ဃ) မိန့်။(ဂဏ္ဌိသစ်)

http://www.dhammadownload.com



နံပါတ် (၃)

(ခ+ဂ) ၌-

(က) နနု အဘိဓမ္မေ ဘုမ္မဝစနနိဒ္ဒေသော ကတော၊ ဝိနယေ စ ကရဏာဝစနနိဒ္ဒေသော။

(ခ) အထ ကသ္မာ ဣဓ ဉပယောဂဝစနနိဒ္ဒေသော ကတော၊

(ဂ) ယဠ္ဌ သမယံ ဘဂဝါ ဣမံ၊ အညံဝါ သုတ္တန္တံ ဒေသေသိ၊ အစ္စန္တမေဝ တံ သမယံ ကရုဏာဝိဟာရေန ဝိဟာသိ၊ တသ္မာ- (တစ်နည်း- တဒတ္ထဇောတနတ္ထံ)

နံပါတ် (၄)

ဝေဲဇာတိကာ- ဝေဲ ဇာတိ ယဿာတိ ဝေဲဇာတိကံ။

ဤသို့သောသဘော၏ ပုဒ်နှင့် ဂုဏ်ဂုဏေး သဘာဝ သဘာဝဝန္တအစပ်၊

ဤသို့သဘောရှိသောပုဒ်သည်၊ ဝေဲသဘာဝ။

အစ္စန္တသံယောဂ-အန္တံ အတိက္ကန္တံ အစ္စန္တံ၊ အစ္စန္တမေဝ သံယောဂေါ အစ္စန္တသံယောဂေါ။

အပိုင်အခြား၏လွန်သောကရုဏာဝိဟာနှင့် ကာလ ကာလဝန္တအစပ်၊

အပိုင်အခြားကိုလွန်သော ကရုဏာဝိဟာရသည်၊ နိရန္တရ။

ကရုဏာဝိဟာရ-ကရုဏာဝသေန ပဝတ္တော ဝိဟာရော ကရုဏာဝိဟာရော။

ဘုမ္မ- ဘဝန္တိ ဧတ္ထာတိ ဘူမိ။ ဘူမိဝိယာတိ ဘုမ္မံ။

မြေကြီး၏ သတ္တမီဝိဘတ်နှင့် ဘဒိသီသဒိသစပ်၊ သတ္တမီဝိဘတ်သည်၊

ဩကာသ-အဓိကရဏ။

နံပါတ် (၅)

(ဂ) တသ္မာကို တတော သမ္ဗဝန္တတ္တာ၊ (သမ္ဗဝတ္တာ) အစ္စန္တသံယောဂသ။

(နိယံ) တသ္မာဆို၊ ဟိတ်၏ဖိုလ်၊ စွဲဆိုများထုံးစံ။ တသ္မာရှေ့၊ ဟိတ်ဖိုလ်တွေ့၊ ပြားဈ်ရှိမှုခံ။

နံပါတ် (၆)

(က) သံဝဏ္ဏနာဖြင့် ဂေါ်သမယံ၌ အံဝိဘတ်သည် ကံအနက်၌မဖြစ်။အစ္စန္တသံယောဂအနက်၌ ဖြစ်သည်ကို သိစေ။

နံပါတ် (၇)

အစ္စန္တ- အန္တ+အတိ အန္တနှင့်အတိ ရှေ့နောက်ပြန်၊ တိကို စပြု၊ ဒွေဘော်လာ။

ဝိသုဒ္ဓိ- ဝိ+သုဓ+တိ။ တကို ဓပြု၊ ဓာတွန်ဓကို ဒပြု။

နံပါတ် (၈)

ကရုဏာဝိဟာရ အရ- ကရုဏာလျှင်အကြောင်းရင်းရှိသော ပရဟိတပဋိပတ္တိကို ယူအပ်၏။ ကရုဏာသမာပတ္တိဝိဟာရကို မယူအပ်။ အကြောင်းကား တရားဟောရာကာလ၌ ဒေသေတဗ္ဗမေ့ကိုသာ အာရုံပြုသော ဒေသနာဉာဏ်တော်၏ သတ္တဝါပုညတ်ကိုအာရုံပြုသော မဟာကရုဏာနှင့် အတူတကွမဖြစ်သောကြောင့်တည်း။

နံပါတ် (၉)

(ခ) ၌- အညံ ဒေသေသိ သုတ္တန္တံ၊ သမယံ ဘဂဝါ ဣမံ။

ကရုဏာဝိဟာရေန ဝါ၊ အစ္စန္တမေဝ ယဠ္ဌ တံ။

တတိယ တကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

နံပါတ် (၁၀)

(ခ) ဒေသေသိ အရ- မြတ်စွာဘုရား၏ ဒေသနာဉာဏ်ကောက်၊ ဓမ္မရတိ/ဓမ္မသိဂ်ီရ၊ ထစ်နည်း-ဉဿာဟ / ဝီရိယ ဖြဟ္မဇာလသုတ္တန်သည်လည်းကောင်း။အခြားသောသုတ္တန်ဒေသနာ

http://www.dhammadownload.com



သည်လည်းကောင်း အာရမ္မဏ၊ကရုဏာသည် ဥဒ္ဒိပန၊ ဒေသနာတော်ကို သတ္တဝါတို့ နာကြားရသဖြင့် ဟိတသုခစသော အကျိုးစီးပွား ခံစားရခြင်းသည် အနုဘာဝ။

ဝါကျစဉ် (၉)

(က) ပေါရာဏာ ပန ဝဏ္ဏယန္တိ "တသ္မိံ သမယေ"တိ ဝါ "တေန သမယေနာ"တိ ဝါ "တံ သမယ"န္တိ ဝါ အဘိလာပမတ္တဘေဒေါ ဧသော၊ ဒီ၊ဋ္ဌ၊၁။၃၃။

(ခ) သဗ္ဗတ္ထ ဘုမ္မမေဝတ္ထောတိ။

(ဂ) တသ္မာ "တံ သမယ"န္တိ ဝုတ္တေပိ "တသ္မိံ သမယေ"တိ အတ္ထော ဝေဒိတဗ္ဗော။

(ဃ) ဘဂဝါတိ ဂရု။

(င) ဂရုံ ဟိ လောကေ "ဘဂဝါ"တိ ဝဒန္တိ။

(စ) အယဉ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု၊ တသ္မာ "ဘဂဝါ"တိ ဝေဒိတဗ္ဗော။

နိဿယ (၁)

(က) ပန-အထူးတစ်တန် ဆိုဖွယ်ဟန်ကို ဖော်လှန်ထုတ်ကာ ပြဆိုပါအံ့။ပေါရာဏာ-ရှေးအဋ္ဌကထာဆရာတို့သည်။ဝဏ္ဏယန္တိ-ဖွင့်ဆိုကြကုန်၏။ကိံ၊တသ္မိံ သမယေတိဝါ-တသ္မိံသမယေဟူသည်လည်းဖြစ်သော။ဧသော သဒ္ဒေါ-ဤသဒ္ဒါသုံးပါးအပေါင်းသည်။အဘိလာပမတ္တဘေဒေါ-သဒ္ဒါမျှသာ ထူးတော့၏။

(ခ) သဗ္ဗတ္ထ-အလုံးစုံသော။ သဒ္ဒေသု-တသ္မိံ သမယေဟူသော သဒ္ဒါ၊ တေန သမယေနဟူသော သဒ္ဒါ၊တံ သမယံဟူသော သဒ္ဒါတို့၌။(တစ်နည်း) သဗ္ဗတ္ထ-အလုံးစုံသော သုတ် အဘိဓမ္မာ ဝိနည်းတို့၌။ဘုမ္မမေဝ-သတ္တမီဝိဘတ် အနက်သာလျှင်ဖြစ်သော။အတ္ထော-ကို။ ဝေဒိတဗ္ဗော။ ဣတိ ဝဏ္ဏယန္တိ။

(ဃ) ဂရု-ကျောက်ထီးတမျှ အလေးပြုအပ်သော မြတ်စွာဘုရားတည်း။

(င) ဟိ-မှန်။လောကေ-၌။ဂရုံ-ကျောက်ထီးတမျှ အလေးပြုအပ်သော ပုဂ္ဂိုလ်ကို။(လောကိယာ-လောကီလူအပေါင်းတို့သည်။ (ကတ္တားထည့်)

(စ) စ-စကားသာမန် လျဉ်းပါးဟန်ကို ပယ်လှန်အထူး ပြဆိုဦးအံ့။ သဗ္ဗသတ္တာနံ-အလုံးစုံသော သတ္တဝါတို့ထက်။ သဗ္ဗဂုဏဝိသိဋ္ဌတာယ-အလုံးစုံသောဂုဏ်တော်တို့ဖြင့် ထူးကဲလွန်မြတ်သည်၏ အဖြစ်ကြောင့်။ အယံဗုဒ္ဓေါ-သည်။သဗ္ဗသတ္တာနံ-တို့၏။ဂရု-အလေးပြုအပ်သော ပုဂ္ဂိုလ်တည်း။(သဗ္ဗသတ္တာနံ-ကာကောလောကန နည်းကြံ)တသ္မာ-ထိုသို့အလုံးစုံသော သတ္တဝါတို့၏ ကျောက်ထီးတမျှ အလေးပြုအပ်သော ဆရာဖြစ်တော်မူသည်၏အဖြစ် ကြောင့်။

နိဿယ (၂)

(က) စသည်သို့ အနုသန္ဓေ-ဝဝံ အတ္တနော မတိံ ဒဿေတွာ ဣဒါနိ ပေါရာဏာ စရိယမတိံ ဒဿေတုံ "ပေါရာဏာ ပနာ"တိ အာဒိ ဝုတ္တံ။

(ခ)သို့- ဆရာ(က)ဖြင့် တသ္မိံ သမယေ၊ တေန သမယေန၊ တံ သမယံဟူသော ဤသဒ္ဒါသုံးပါးအပေါင်းသည် သဒ္ဒါမျှသာ ထူး၏ဟု ဖွင့်ပြအပ်၏။အဘယ်ကြောင့် ထိုသို့ ဖွင့်ပြအပ်ပါသနည်း။သဒ္ဒါထူးက အနက်လည်းထူးခြားသင့်သည် မဟုတ်ပါလော။(တစ်နည်း)အနက်ကား အဘယ်ပါနည်း။ဘာဝေနဘာဝ လက္ခဏစသော အနက်လော။ စုဒ်ကြောင့် (ခ) မိန့်။ ဋီ၊သစ်၊၁။၁၇၅။

(င) သို့- ဆရာ၊ (က)ဖြင့် ဘဂဝါဟူသည် အလေးပြုအပ်သော ဆရာဟု ဖွင့်ပြအပ်၏။ ထိုစကား အသို့သင့်အံ့နည်း။ဘဂဝါဟူသောသဒ္ဒါသည် မြတ်စွာဘုရားကိုဟောသော သဒ္ဒါဖြစ်သည်မဟုတ်ပါလော။ သဒ္ဒ+အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။

(စ) သို့-ဆရာ (ဃ+င)တို့ဖြင့် လောက၌ အလေးအမြတ်ပြုအပ်သောဆရာကို ဘဂဝါဟူ၍ဆိုအပ်၏-ဟု ယုတ္တိကို ဖွင့်ပြအပ်၏။ယင်းသို့ အလေးအမြတ်ပြုအပ်သော အနက်သဘောကြောင့် မြတ်စွာဘုရားသည်

http://www.dhammadownload.com



ဓရှ-ဆရာမည်ဖြူသနဲ့မြတ်စွာဘုရားကို ဂရု-ဆရာဟူ၍ ဆိုအပ်၊ဆိုနိုင်ပါသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။ ဋီ၊သစ်၊၁။၁ရ၅။(ဘုရားကား ဆရာဟုတ်ပါသလော-ဂရုဟို။)

နံပါတ် (၃)

(က) နနု ပါဠိယံ "ကေ သမယ"န္တိ ဝုစ္စတိ။

(ခ) အထ ကသ္မာ "ကေသ္မိံ သမယေ"တိ အဝတွာ ဝေဒိတဗ္ဗော။

(ဂ) "တသ္မိံ သမယေ"တိ ဝါ "တေန သမယေနာ"တိ ဝါ "ကေ သမယ"န္တိ ဝါ အဘိလာပမတ္တဘေဒေါ ဧသ၊သဗ္ဗတ္ထ ဘုမ္မမေဝတွော ဝေဒိတဗ္ဗော-တသ္မာ။

ဝုတ္တေပိဋ္ဌ ဝိ သဒ္ဒါ။ ။ကေ သမယံ-ဟု ဒုတိယာဝိဘတ်နှင့်ရှိလျက်၊ ဒုတိယာအနက်ကို မဖွင့်ဆိုဘဲ ကေသ္မိံ သမယေ-ဟု သတ္တမီ အနက်ဖွင့်ဆိုသည်ကို မနှစ်သက်သောကြောင့် ဝိသဒ္ဒါဆို။

နံပါတ် (၄)

**ပေါရာဏ-** ပုရေဘဝါ ပေါရာဏာ။

**သမယ-** သံ ပုနပ္ပုနံ ဧတီတိ သမယော။

**ဘေဒ-** ဘိန္ဒတီတိ ဘေဒေါ။

**ဘုမ္မ-** ဘဝန္တိ ဧတ္ထာတိ ဘုမ္မံ။ ဋီ၊သစ်၊၁။၁ရ၀။

**ဂရု-** ဂရတိ သိဋ္ဌတိ သိဿေသု သိနေဟန္တိ ဂရု။

**သဗ္ဗဂုဏဝိသိဋ္ဌတာယ-** သရတိ ပဝတ္တတီတိ သဗ္ဗော။ဂုဏောတိ ပကာသေတီတိ အတ္တနော ဒဗ္ဗန္တိ၊ ဂုဏော။ ဝိသေသီယတေတိ ဝိသိဋ္ဌော။ သဗ္ဗေ ဂုဏာ သဗ္ဗဂုဏာ၊ သဗ္ဗဂုဏေဟိ ဝိသိဋ္ဌော သဗ္ဗဂုဏဝိသိဋ္ဌော။ တဿ ဘာဝေါ သဗ္ဗဂုဏဝိသိဋ္ဌတာ။

**သမယ-** ထပ်တစ်လဲလဲဖြစ်ခြင်း ကြိယာ၊အခါဟူသော ကာလပညတ်၊ကာလ-ဝေလ-အဒ္ဓါ။

**ဘေဒ-** နှစ်ဖြာပြုခြင်း ကြိယာသကတ်၊ ဝိဘတ်၊ ဝိသေသ။

**ဘုမ္မ-** ဖြစ်ခြင်းကြိယာသကတ်၊ သတ္တမီဝိဘတ်၊ ဩကာသ၊ အာဓာရ။

**ဂုဏ-** ထင်ရှားခြင်းကြိသကတ်၊ သီလစသောဂုဏ်၊ အာနိသံသ။

**သဗ္ဗ-** ဖြစ်ခြင်းကြိယာသကတ်၊ သီလစသောဂုဏ်၊ သကလ-ကေဝလ သမတ္တ နိခိလ။

နံပါတ် (၅)

သဗ္ဗဂုဏဝိသိဋ္ဌတာယ-၏ သမ္ဗန်။ ဣမဿ ဗုဒ္ဓဿ။ (တစ်နည်း) ဣမဿ ဘဂဝတော။

(ဂ) တသ္မာ တတော ဝဏ္ဏယန္တတ္ထာ။ သမ္ဗန် - ပေါရာဏာနံ ပုရိမာနံ အဋ္ဌကထာစရိယာနံ။

(စ) တသ္မာ - တတော ဂရုတ္တာ။ တဿ ဗုဒ္ဓဿ (တစ်နည်း) ဘဂဝတော။

နံပါတ် (၆)

(ဃ) ဂရုဖြင့် ဘာဝါသဒ္ဒါသည် ဘာရိယဋ္ဌဝါစီ ရှဋ္ဌီအနိပ္ဖန္နပါဋိပဒိက ဂရုသဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေသည်။(တစ်နည်း) ကျောက်ထီးတန္တု၊ အလေးအမြတ်ပြုတော်မူအပ်သော မြတ်စွာဘုရာကို ဟောသော သဒ္ဒါဖြစ်သည်ကို သိစေ၊ (သဒ္ဒါဟော အဘိဓေယျတ္ထ၊ သဒ္ဒတ္ထ)

(င) ဂရုံဟိ ဖလာကေ-စသည်ဖြင့် လောကမဖက် သက်သက်၊ သာသနာတော်၌သာ အလေး အမြတ်ပြုအပ်သူကို ဘဂဝါ-ဟု ခေါ်ဆိုရသည်မဟုတ်သေး၊လောက၌လည်း အလေးအမြတ် ပြုအပ်သူ ဂရုကို "ဘဂဝါ"ဟု ခေါ်ဆိုအပ်၏ဟု သင်္ကေတသိဒ္ဓိကို ပြဆိုသည်။ (ဘာဝတ္ထ)

နံပါတ် (၇)

ဂရု- ဂိရ်+ဥ။ ဣကို အပြု။

သဗ္ဗ- သရ်+ဗ။ ရကို ဗပြု။

http://www.dhammadownload.com



# ဝါကျစဉ်( ၁၀) ဣမိဿာ ဂါထာယ

ဘဂဝါ– ဘာဂျဝါ–အာကို အ၊ ဂျမှ ယချေ။ (တစ်နည်း) ဘဂ္ဂဝါ။ ဂချေ။ (တဒ္ဓိတ်)
(တစ်နည်း) ဘဝေသု ဝန္တဂမန။ ဘဝေသုဒ္ဒ ဝေသုကို ချေ၊ ဝန္တ ဒ္ဓ န္တချေ၊ ဂမနဒ္ဓ မနချေ၊ (ဘဝဂ)
ဝနှင့်ဂ ရှေ့နောက်ပြန်။ ဝ၏ အ–ကို အာပြု။ (သမာသ်)

နံပါတ် (၈)

အဘိလာပမတ္တဘေဒသဒ္ဒါဖြင့်–သုတ္တန်၌ ဒုတိယာဝိဘတ်၏ ပြောင်းလွဲခြင်း၊ ဝိနည်း၌ တတိယာဝိဘတ်၏ ပြောင်းလွဲခြင်းကို ပြုအပ်၏။ (တစ်နည်း) ဘုမ္မတ္တ၌ ဒုတိယာဝိဘတ်၊ တတိယာဝိဘတ်တို့ဖြင့် ပြီးစီး၏ဟူသော အဓိပ္ပါယ်ကို ပြဆိုသည်။

နံပါတ် (၉)

ဘဂဝါတိ ဇစ်နံ့ သေဋ္ဌ၊ ဘဂဝါတိ ဝစနမုတ္တမံ။
ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။
ဘဂပေါင်း။ ဝစပေါင်း။ ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘဆန်း။ ။(မစိုးရိမ်)

နံပါတ် (၁၀)

ပေါရာဏာ ဝဏ္ဏယန္တိ ရှ–ရှေးအဋ္ဌကထာဆရာတို့သည်သာန် ဖွင့်ဆိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ်ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၊ ဥဿာဟဋ္ဌာယီ– ဝီရိယာ၊ တသ္မိ သမယေ. တေန သမယေန. ကေ်သမယံ ဟူသော သဒ္ဒါသုံးပါးသည် အာရမ္မဏ၊ထိုဆရာတို့၏သန္တာန် အကွဲရ စိန္တာမယဉာဏ်တို့သည်လည်းကောင်း၊ နောက် စာသင်သားတို့အား သိစေလိုသော သမ္မာဆန္ဒသည်လည်းကောင်း ဥဒ္ဒိပန၊ ထိုသဒ္ဒါသုံးပါးတို့၏ သဒ္ဒါမျှကွဲပြားခြင်း အနက်မကွဲပြားခြင်းကို နောင်စာသင်ပျိုန အခြေပြုတို့ သိရခြင်းအကျိုးသည် အနဘာဝ။

''ဘဂဝါ'' ဝဒန္တိရှ–''ဘဂဝါ''ဟု ပြောဆိုသူတို့သန္တာန် ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။ ဥဿာဟဋ္ဌာယီ ဝီရိယာ၊ မြတ်စွာဘုရားသည် အာရမ္မဏ။ မြတ်စွာဘုရား၏ ကျောက်ထီးတန္တု အလေးအမြတ်ပြုအပ်သည်၏ အဖြစ်နှင့်မနိုင်းယှဉ်အပ်သော အလုံးစုံသော သီလဂုဏ်တို့ဖြင့် အလေးအမြတ်ပြုအပ်သည်၏အဖြစ်သည်ဥဒ္ဒိပန။ မြတ်စွာဘုရား၏ သီလစသောဂုဏ်တော်တို့ဖြင့် သတ္တဝါအားလုံးတို့ထက်မြတ်သော အနုတ္တရ အသဒိသ အတုလ ဂုဏ်တော်ကို အာရုံယူ၍ ဗုဒ္ဓါနုဿတိ ပွားများနိုင်ခြင်းစသော အကျိုးတို့သည် အနဘာဝ။

မှတ်ချက်။ ။ဘာဝါလင်္ကာရ ထုတ်ရာ၌ အကြောင်းအကျိုး ရှင်းလင်းလွယ်ကူရန်နှင့် ပုစ္ဆက သဘော ပေါက်နိုင်သည့် အကြောင်းအကျိုးများ စဉ်းစားပြီး ထုတ်ပါ။ ကံသည် အာရမ္မဏ ပုံသေ ဖြစ်ပါသည်။

ဝါကျစဉ် (၁၀)

(က) ဣမိဿာ ဂါထာယ ဝေသေနဿ ပဒဿ ဝိတ္ထာရတော အတ္ထော ဝေဒိတဗ္ဗော။
(ခ) သော စ ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ ဝုတ္တောယေဝ။
(ဂ) တ္တောဝတာ စေတ္တ '' ဝံ မေ သုတ'' န္တိဝစနေန ယထာသုတံ ဓမ္မံ ဒဿေန္တော ဘဂဝတော ဓမ္မကာယံ ပစ္စက္ခံ ကရောတိ။
(ဃ) တေန '' နယိဒံ အတိက္ကန္တသတ္ထုကံ ပါဝစနံ၊အယံ ဝေါ သတ္ထာ'' တိ သတ္တု အဒဿနေန ဥက္ကဏ္ဍိတံ ဇနံ သမဿာသေတိ။ ဒီ၊ဋ္ဌ၊၁။၃၅။

နံပါတ်(၁)

(ဂ) တ္တောဝတာ–ဤမျှအတိုင်းအရှည်ရှိသော'' ဝံ မေ သုတ'' ''ကေ် သမယံ ဘဂဝါ'' ဟူသော စကားဖြင့်။တ္တေ–ဤနိဒါန်းစကား၌။ဒဿေန္တော–ပြတော်မူလိုသည်၏ အဖြစ်ကြောင့်။ဓမ္မကာယံ–ဓမ္မဟု ဆိုအပ်သော ကိုယ်တော်ကို။ ပစ္စက္ခံ–မျက်မှောက်ကို။ (အာယသ္မာ အာနန္ဒတ္ထေရော)

(ဃ) တေန–ထိုကဲ့သို့ မျက်မှောက်ပြုခြင်းကြောင့်။ဣဒံ ပါဝစနံ–ဤမြတ်သောစကားတော်သည်။ အတိက္ကန္တသတ္ထုကံ–လွန်ပြီးသော ဆရာရှိသည်၏အဖြစ်သည်။ဥက္ကဏ္ဍိတံ–ဆင်းရဲငြိုငြင် အသက်ရှင်ခြင်းသို့

(င) အပိစ သမ္မာဓော ဃရာဝါသော ကုသလကိရိယာယ ဩကာသာဘာဝတော။
(စ) ရဇောပထော အသံဝုတသက်ာရဋ္ဌာနံ ဝိယ ရဇာနံ ကိလေသရဇာနံ သန္နိပါတဋ္ဌာနတော။
(ဆ) အဗ္ဘောကာသော ပဗ္ဗဇ္ဇာ ကုသလကိရိယာယ ယထာသုခံ ဩကာသ သဗ္ဘာဝတော။ ဒီ၊ဋ္ဌ၊၁၊၁၆၂။

နိဿယ (၁)

(က) က္ကတရေသံ-ဂဟပတိတို့မှ တစ်ပါးကုန်သော။ကုလာနံ-အမျိုးတို့တွင်။

(ဂ) အနိယမထည့်၍အနက်ပေး-ဓမ္မသာမိမှိ-တရားပိုင်ရှင်ဖြစ်တော်မူသော။ ဝါ-တရားဖြင့် သဒေဝကလောက၏ အရှင်ဖြစ်သော။တထာဂတေ-၌။(ယော ဘဂဝါ-သည်။ ဝေံ သွာက္ခာတဓမ္မော-ကောင်းစွာဟောတော်မူအပ်သောတရားရှိ၏။)သောဘဂဝါ-သည်။သမ္မာသမ္ဗုဒ္ဓေါဝတ-မည်လေစါတကား။

(စ) အသံဝုတသက်ာရဋ္ဌာနံ-မပိတ်ဖုံးအပ်သော အမှိုက်စွန့်ရာ အရပ်သည်။ရဇာနံ-ပကတိမြူတို့၏။သန္နိပါတဋ္ဌာနံ-ပေါင်းစုကျရောက်ရာအရပ်သည်။ဟောတိဝိယ-ဖြစ်သကဲ့သို့။တထာ။ကိလေသရဇာနံ-တို့၏။ သန္နိပါတဋ္ဌာနတော-ပေါင်းစုကျရောက်ရာ အရပ်၏အဖြစ်ကြောင့်။ရဇောပထော-ကိလေသာမြူတို့၏ ရှေးရှုလမ်းတည်း။

နိဿယ (၂)

(င) သို့-ဆရာ၊ ဆိုခဲ့ပြီးသောဝါကျဖြင့် သမ္မာဓော ဃရာဝါသောစသောပုဒ်တို့၏ အကုသိုလ်ကုသိုလ်ဖြစ်ခြင်း၏ ဌာနအဌာန၏အဖြစ်ဖြင့် ဃရာဝါသပဗ္ဗဇ္ဇာတို့၏ သမ္မာအဗ္ဘောကာသအဖြစ်ကို ဖွင့်ပြတော်မူအပ်၏။ ထိုဖွင့်ဆိုအပ်ခဲ့ပြီးသော ကြောင်းတို့ကြောင့်သာ ဃရာဝါသ ပဗ္ဗဇ္ဇာတို့၏ သမ္မာအဗ္ဘောကာသ အဖြစ်ကို သိအပ်ပါသလော။ အဘယ်အကြောင်းတို့ကြောင့်လည်း ဃရာဝါသပဗ္ဗဇ္ဇာတို့၏ သမ္မာအဗ္ဘောကာသအဖြစ်ကို သိအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (င) မိန့်။

ကား-ကုသိုလ်ဖြစ်ခြင်း၏သာ ဌာနအဌာန၏အဖြစ်ဖြင့် ဃရာဝါသပဗ္ဗဇ္ဇာတို့၏ သမ္မာဓ အဗ္ဘောကာသ၏အဖြစ်ကိုလည်း သိအပ်ပါသေး၏ ဟူလို။

နိဿယ (၃)

(က) နနု သဒ္ဓိဟတ္ထေ ဃရေ ယောဇနေသတန္တရေပိ ဒွေ ဇာယမ္ပတိကာ ဝသန္တိ။

http://www.dhammadownload.com


(ခ) အထ ကသ္မာ သမ္မာဓော ယရာဝါသော။

(ဂ) ကုသလကိရိယာယ ဩကာသာဘာဝတော

နှံဝါတ် (၄)

ကုလ- ကုလတိ သန္တာနံ ဗန္ဓတိ ဧတေနာတိ ကုလ။

နှောင်ဖွဲ့ခြင်းကြိယာ။ ခတ္တိယစသောအမျိုးသည်။ ဝံသ၊ ဂေါတ္တ။

ကူဋာဂါရ-ကူဋေန ယုတ္တော အဂါရော ကူဋာဂါရော။

အထွဋ်၏ အဆောက်အဦးနှင့် နိယမိတနိဿယအဝပ်။အထွဋ်ရှိသော

ပြာသာဒ်ကျောင်းသည်။ ကဏ္ဏိကာဗိဟာရ။

ဓမ္မဿာမိ-ဓမ္မဿ ဓမ္မေန ဝါ သာမိ ဓမ္မဿာမိ။

နှံဝါတ် (၅)

(ဂ) ဓမ္မဿာမိတ္တာ- တထာဂတဿ။

(စ) ရဇောပယတ္တာ- ဃရာဝါသဿ။

(ဆ) အဗ္ဘောကာသတ္တာ- ပဗ္ဗဇ္ဇာယ။

နှံဝါတ် (၆)

(က) ဣတရေသံ ဝါ ကုလာနံဖြင့် အညတရသို့သဒ္ဒါသည် နိဒ္ဒါရဏဳယပုဒ်ဖြစ်သောကြောင့် နိဒ္ဒါရဏသမုဒါယကို ငဲ့ရကား ယင်းနိဒ္ဒါရဏသမုဒါယသည် ကုလာနံပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

ဣတရေသံဖြင့် ကုလအရ ဂဟပတိကို တိုက်ရိုက်ယူပြီးဖြစ်ရကား ယင်းမှတစ်ပါးသော ခတ္တိယဗြာဟ္မဏ သုဒ္ဒတို့ကို ယူအပ်သည်ကို သိစေ။

(ခ) ပတိဇာတောဖြင့် ပစ္စာဇာတောကို ပတိ+အာ+ဇာတောဟု ပဒစ္ဆေဒပြုအပ်သည်ကိုလည်း ကောင်း၊ တိကို စပြု၊ စလာ၍ ပြီးသည်ကိုလည်းကောင်း သိစေ။

(ဃ) ဝေဲဖြင့် ဣတိနိပါတ်သည် နိဒဿနအနက်၌ (ဝါ) ဝေဲအနက်၌ ပြ်သည်ကို သိစေ၊

ပစ္စဝေက္ခတိဖြင့် ပဋိသဥ္စိက္ခတိ-၌ ပတိရှေးရှိသော အက္ခဓာတ်သည် ဒဿနအနက်၌ ဖြစ်သည်ကို လည်းကောင်း။ ပဋိ+သံ+ဥပသာရတို့၏ ဓာတွတ္ထဝိသေသက ဖြစ်သည်ကိုလည်းကောင်း သိစေ။

(စ) ကိလေသရဇာနံဖြင့် ရဇောပထောဌ် ရဇအရ ပကတိမြူမှုန်ကို မကောက်ယူအပ်၊ သဒ္ဒသူ ပစာအားဖြင့် ကိလေသာမှုန်ကိုကောက်ယူအပ်သည်ကို သိစေ။သန္နိပါတဋ္ဌာနတောဖြင့် ကိလေသာမြူတို့၏ ရေးရှုလမ်းဟူသည် ကိလေသာမြူတို့၏ ပေါင်းဆုံးကျရောက်ရာအရပ်ပင် ဖြစ်၏ဟူသောအဓိပ္ပါယ်ကို သိစေ။

အပေါင်းသံဝဏ္ဏနာဖြင့် ရဇာနံ ပထော ရဇောပထောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု၍ သမာသ် အလယ် ဩလာ၍ပြီးသည်ကို သိစေ။အသံဂုဟာသကာရဋ္ဌာနံဂိယ ရဇာနံဖြင့် ဥပမာကို သိစေ။

နှံဝါတ် (၇)

သကိဋ္ဌန- သဟ-ကိစ်+ယု။ သဟကိုသပြု၊ ယုကို အနပြု၊ နိဂ္ဂဟိတ်လာ၊ဉ ပြု။

ရဇောပထော- ။ရဇ+ပထော။ သမာသ်အလယ်၌ ဩလာ။

နှံဝါတ် (၈)

(ဂ) သဒ္ဓံအရ-ပုထုဇ္ဇဉ်တို့၏ သဒ္ဓါကိုကောက်။ ဓမ္မပမာဏ ပုဂ္ဂိုလ်တို့သည် ပုဂ္ဂိုလ်တစ်ပါးကို ကြည်ညိုရာ၌ ထိုပုဂ္ဂိုလ်မှာ တရားကောင်း၊တရားမှန်ရှိမရှိ၊ပြည့်စုံမပြည့်စုံကို ရှေးဦးစွာစဉ်းစား၍ တရားမှန် ရှိကြောင်းကို သိမှ ကြည်ညိုကြ၏။ ရုပ်ချောရုံ အသံကောင်းရုံ နာမည်ကြီးရုံ ခေါင်းခေါင်းပါးပါးကျင့်ရုံမျှဖြင့် မကြည်ညိုကြ၊ ထို့ကြောင့်တည်း။

ရာဂစသည်ဖြင့် နှိပ်စက်ခြင်းသည် ကိဋ္ဌန။

http://www.dhammadownload.com



လယ်ယာမြေစသည်ဖြင့် ကျဉ်းမြောင်းခြင်းသည် ပလိဗောဓ။

နံပါတ် (၁၀)

သဒ္ဓံ ပဋိလာဘတိအရ– သဒ္ဓါပြဋ္ဌာန်းသော ကိုသိုလ်စိတ္တုပ္ပါဒ်ကောက်။ ဓမ္မ၊ဓမ္မ။ မြတ်စွာဘုရားသည်လည်းကောင်း၊တရားတော်သည်လည်းကောင်း အာရမ္မဏ။ တရားတော်ကိုကြားနာရခြင်း မြတ်စွာဘုရား၏သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံခြင်းသည် ဥဒ္ဒိပန။သဒ္ဓါတရားကိုအခြေခံ၍ ကုသိုလ်တရားတိုးပွားခြင်း ဘဝသမ္ပတ္တိ၊ဘောဂသမ္ပတ္တိ ခံစားရခြင်းအကျိုးသည် အနုဘာဝ။

ဝါကျစဉ် (၅၃)

(က) သမ္ဗာဓော ဃရာဝါသောတိ သစေပိ သဋ္ဌိဟတ္ထေ ဃရေ ယောဇနသတန္တရေပိဝါ ဒွေ ဇာယမ္ပတိကာ ဝသန္တိ။

(ခ) တထာပိ နေသံ သကိဉ္စနသပလိဗောဓနဋ္ဌေန ဃရာဝါသော သမ္ဗာဓောယေဝ။

(ဂ) ရဇောပထောပိ ရာဂရဇာဒီနံ ဥဋ္ဌာနဋ္ဌာနန္တိ မဟာအဋ္ဌကထာယံ ဝုတ္တံ။

(ဃ) အလဂ္ဂနဋ္ဌေန အဗ္ဘောကာသော ဝိယာတိ အဗ္ဘောကာသော။

(င) ပဗ္ဗဇိတော ဟိ ကူဋာဂါရရတနပါသာဒ ဒေဝဝိမာနာဒီသု ပိဟိတဒွါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တောပိ နေဝ လဂ္ဂတိ န သဇ္ဇတိ န ဗဇ္ဈတိ။ ဒီ၊ဋ္ဌ၊၁၊၁၆၂။

နံပါတ် (၁)

(က) သဋ္ဌိဟတ္ထေ–အတောင်ခြောက်ဆယ်မျှအတိုင်းအရှည်ရှိသော။ ယောဇနသတန္တရေ–ယူဇနာတစ်ရာခြားသော။ (ပဒေသေဝါ–အရပ်၌လည်း။) ဇာယမ္ပတိကာ–မယားလင်တို့သည်။ သစေပိဝသန္တိ။

(ခ) သကိဉ္စနသပလိဗောဓနဋ္ဌေန–ဖိစီးနှိပ်စက်ကန့်ကွက်တားမြစ်တတ်သော ရာဂအစရှိသော အန္တရာယ်၊ထက်ဝန်းကျင်မှ ပိတ်ပင်နှောက်ယှက် ကန့်ကွက်တားမြစ်တတ်သော လယ်ယာကိုင်းကျွန်း အစရှိသော အန္တရာယ်နှင့်တကွ ဖြစ်သည်၏အဖြစ်ဟူသော အနက်သဘောသတ္တိကြောင့်။

(ဃ) ယာပဗ္ဗဇ္ဇာ–သည်။ အလဂ္ဂနဋ္ဌေန–မငြိကပ်တတ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့်။ အဗ္ဘောကာသောဝိယ–လွင်တီးခေါင်နှင့်တူ၏။

(င) ဟိ–ချဲ့။ (တစ်နည်း) ဟိယသ္မာ–ကြောင့်။ ပိဟိတဒွါရဝါတပါနေသု–ပိတ်အပ်ပြီးသောတံခါးမ၊ လေသာပြူတင်း တံခါးရွက်ရှိကုန်သော။ပဋိစ္ဆန္နေသု–ဖုံးလွှမ်းအပ်ကုန်ပြီးသော။ကူဋာဂါရရတနာပါသာဒ ဒေဝဝိမာနာဒီသု–စုလစ်မွန်းချွန် အထွဋ်ရှိသောကျောင်း၊ ရတနာပြာသာဒ်၊ နတ်ဗိမာန်အစရှိသည်တို့၌။ ဝသန္တောပိ–နေပင်နေရပါသော်လည်း။

နံပါတ် (၂)

(ခ) သို့–ဆရာ၊ (င)ဖြင့် အတောင်(၆၀)ရှိသော အိမ်၊ ယူဇနာတရာခြားသော အရပ်၌ ဇနီးခင်ပွန်း နှစ်ယောက်တို့သည် နေကြကုန်၏ဟု ဖွင့်ပြအပ်၏။ ဇနီးခင်ပွန်း နှစ်ယောက်တို့အတွက် ထိုမျှလောက်သော အရပ်ဌာနတို့သည် ကျယ်ဝန်းလှသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျှက် အဘယ်ကြောင့်"သမ္ဗာဓော ဃရာဝါသော"ဟု မိန့်ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(င) သို့–ဆရာ၊ (ဃ)ဖြင့် မငြိကပ်တတ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့် ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့်တူ၏ဟု ဖွင့်ပြအပ်၏။ အဘယ်သို့လျှင်ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့်တူပါသနည်း။ ရဟန်းတော်များသည် စုလစ်မွန်းချွန် အထွဋ်ရှိသောကျောင်း၊ ရတနာပြသာဒ် နတ်ဗိမာန်အစရှိသော အရပ်တို့၌ နေကြကုန်သည်မဟုတ်ပါလော။ စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

(က) နနု သဋ္ဌိဟတ္ထေ ဃရေ ယောဇနသတန္တရေပိ ဝါ ဒွေ ဇာယမ္ပတိကာ ဝသန္တိ။

http://www.dhammadownload.com



(ခ) အထ ကသ္မာ ယရာဝါသော သမ္မာဓောယေ၀။

(ဂ) နေသံ သကိဥ္စနသပလိဗောဓနဋ္ဌေန။-

တထာပိသဒ္ဒါ-''သမ္မာဓော ယရာဝါသော''သဒ္ဒါကို မနှစ်၍ ဆိုသည်။

(က) နနု ပဗ္ဗဇိတော ကုဋ္ဌာဂါရ ရတနာပါသာဒဒေဝဝိမာနာဒိသု ပိဟိတဒွါရ ဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တိ။

(ခ) အထ ကသ္မာ''အဗ္ဘောကာသော ပဗ္ဗဇ္ဇာ''တိ ဝုတ္တံ။

(ဂ) တေသု နေဝ လဂ္ဂတိ န သဇ္ဇတိ န ဗဇ္ဈတိ၊ တသ္မာ-

နံပါတ် (၄)

သမ္ဗာဓ- သမ္ဗာဓတေ အသ္မိန္တိ သမ္ဗာဓော။
ကျဉ်းမြောင်းခြင်းကြိယာ။ ကျဉ်းမြောင်းရာအိမ်။ သံကဋ္ဌ။

ယရ- ယရတိ သိဉ္စတိ ကိလေသဝဿံ ဧတ္ထာတိ ယရံ။
သွန်လောင်းခြင်းကြိယာ။ အိမ်ဒြဗ်။ ဂေဟ၊ဝသထ။

ဇာယမ္ပတိကာ- ဇာယတိ ပုတ္တော ဣမာယာတိ ဇာယာ။
ဖြစ်ခြင်းကြိယာ။ ဇနီးဒြဗ်။ ဒါရ၊ဘရိယာ။

ပါသာဒ- ပသီဒန္တိ နယနမနာနိ အတြာတိ ပါသာဒေါ။
ကြည်လင်းခြင်းကြိယာ။ ပြာသာဒ်ဒြဗ်။ ယူပ။

ရဇ- ရဇတိယာ ဇာယတီတိ ရဇော။ ရဉ္ဇတီတိ ရဇော။
မွေ့လျော်ခြင်း၏ ဖြစ်ခြင်းကြိယာနှင့်ဇနကဗေဒအစဉ်။ မြူမှုန်ဒြဗ်။

(တစ်နည်း) တပ်မက်ခြင်းကြိယာ။ ရာဂ၊ရေဏု၊ဓူလိ။

ကိဉ္စန- ကိဉ္စတိ မဒ္ဒတီတိ ကိဉ္စနံ။ (မဒ္ဒနံ)သဟ ကိဉ္စနေန ယေ ဝတ္တန္တီတိ သကိဉ္စနာ။

ဝိမာန- ဝိသေသတော မိနိယတိ ပရိစ္ဆိန္ဒိယတီတိ ဝိမာနံ။
နှိုင်းယှဉ်ခြင်းကြိယာ။ နတ်ဗိမာန်။ဗျမ်။

ဝါတပါန-ဝါတံ ပိဝတီတိ ဝါတပါနော။(အာလောကသန္ဓိ)

နံပါတ် (၅)

သမ္ဗာဓတ္တာ- ယရာဝါသဿ။
ဝသန္တတ္တာ- ပဗ္ဗဇိတဿ။

နံပါတ် (၆)

(ဂ) ရာဂရာဇာဒီနံဖြင့် ရဇာပထောဉ် ရဇအရ ပကတိမြူကိုမယူအပ်၊ ရာဂစသော ကိလေသာမြူကို ကောက်ယူအပ်သည်ကို သိစေ။ ဥပဋ္ဌာနံဖြင့် ပထသဒ္ဒါသည် ဥဋ္ဌာနအနက်၌ဖြစ်၍ ပထအရ ဓနေရာဋ္ဌာနကို အရကောက်ယူအပ်သည်ကို သိစေ။ အပေါင်းသံဝဏ္ဏနာဖြင့် ရဇာနံ ပထော ရဇပထောဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ ရဇပထောဟုဆိုလိုလျှက် သမာသ်အလယ် ဩလောပ်၍ ရဇော ပထောပြီးသည်ကိုလည်းကောင်း သိစေ။ (မဟာအဋ္ဌကထာယံဖြင့် ဘာဝတ္ထဖော်)

(ဃ) အဗ္ဘောကာသောဝိယဖြင့် ရူပကအလင်္ကာအားဖြင့် ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့် တူသည်ကို သိစေ။(တစ်နည်း) အဗ္ဘောကာသောဝိယာတိ အဗ္ဘောကာသောဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုအပ် သည်ကိုလည်းကောင်း၊အပစ္စည်းဥပမာအနက်၌ သက်သည်ကိုလည်းကောင်း သိစေ။ အလဂ္ဂနဋ္ဌေနဖြင့် မငြိကပ် တတ်သော အနက်သဘောကြောင့် ရဟန်းအဖြစ်သည် လွင်တီးခေါင်နှင့်တူသည်ကို သိစေ။ဋီ၊သစ်၊၂။၇၅။

http://www.dhammadownload.com



နံပါတ် (၇)

ရဓ- .. ရတိ+ဓနု+ကွိ။ တိ န ကွိတို့ကို ချေ။

ဃရ- ဂဟ။ ဂဟကို ဃရပြု။

ပိဟိက- အပိ+ဓာ+တ။ အချေ၊ ဓကို ဟပြု၊ ကလာ၊ အာချေ။

ပလိဗောဓ- ပရိ+ဗောဓ။ ရကို လပြု။ (ပရိဗုန္ဓယတိ ဟိံသတီတိ ပလိဗောဓော။)

နံပါတ် (၈)

ဒွေ ဓာယမ္ပတိကာ၌ "ဒွေ" သဒ္ဒါဆိုရကြောင်း-ဓာယမ္ပတိကာဟုဆိုသော်အိမ်ရှင်ယောက်ျား၊ အိမ်ရှင်မ နှစ်ဦးတို့ကိုသာ ယူအပ်သည်ကို သိအပ်သော်လည်း၊ အကြင်ယောက်ျားအား များစွာသော မယားတို့ရှိကုန်၏။ ထိုယောက်ျားအား ကျဉ်းမြောင်းမှုသည် ဆိုဖွယ်ရာပင် မရှိတော့၊ မိန်းမတစ်ယောက်နှင့်ပေါင်းသင်းခြင်းဖြင့်လည်း ထိုမျှလောက် ကျဉ်းမြောင်းသည်သာဖြစ်သည်ကို ပြခြင်းအကျိုးငှါ ဒွေသဒ္ဒါဆို။

နံပါတ် (၁၀)

နေဝလဂ္ဂတိအရ- အယောဘပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်။ ဓမ္မဝမ္မ။ စုလစ်မွန်းချွန်အထွဋ်တပ်အပ် သောကျောင်း။ ရတနာပြသာဒ် ဗိမာန်အစရှိသောအရပ်တို့သည် အာရမ္မဏ။ ယောနိသောမနသိကာရသည်လည်း ကောင်း၊ ရဟန်းအဖြစ်သည်လည်းကောင်း ဥဒ္ဒိပန။ ငှက်များသည် အတောင်သာ ဝန်ရှိ၍ သွားလိုရာသွားနိုင် သကဲ့သို့ တိစီဝရိတ်သပိတ်ပရိက္ခရာဟူသောဝန်ဖြင့် သွားလိုရာအရပ်များသို့ သွားနိုင်ခြင်းစသည်သည် အနုဘာဝ။

ဝါကျစဉ် (၅၄)

(က) ကာသာယံရသပီတတာယ ကာသာယာနိ။ (ဒီ၊ ဋ္ဌ၊ ၁။၁၆၃။)

(ခ) ဖြဟ္မစရိယံ စရန္တာနံ အနုစ္ဆဝိကာနိ ဝတ္ထာနိ။

(ဂ) အစ္ဆာဒေတွာ ပရိဒဟိတွာ အင်္ဂရသ္မာ နိက္ခမိတွာ အနင်္ဂါရိယံ ပဗ္ဗဇေယျန္တိ။

(ဃ) ထွေ စ ယသ္မာ အင်္ဂါရဿ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ အင်္ဂါရိယန္တိ ဝုစ္စတိ။

(င) တဉ္စ ပဗ္ဗဇ္ဇာယ နတ္ထိ၊ တသ္မာ ပဗ္ဗဇ္ဇာ အနင်္ဂါရိယာတိ ဉာတဗ္ဗာ၊ တံ အနင်္ဂါရိယံ။

နံပါတ် (၁)

(က) ကာသာယံရသပီတတာယ-ဖန်ရည်ကို သောက်အပ်သည်၏ အဖြစ်ကြောင့်။

(ဂ) အစ္ဆာဒေတွာ-ဖုံးလွှမ်း၍။ (သဒ္ဒတ္ထ) ဝါ-ဝတ်ရုံ၍။ (အဓိပ္ပါယတ္ထ) ဝါ-စီး၍။ (ဝေါဟာရတ္ထ)

(ဃ) စ-ဆက်။ ထွေ တေသို့ပါဋ္ဌေ-နယ်ဒံသုကရံ၊ ပ ။ပဗ္ဗဇေယျံဟူသော ဤပါဠိ၌။ အဝယဝတ္ထော ဝေ၀ ဝေဒိတဗ္ဗော။ ကသိဝါဏိဇ္ဇာဒိကံ-လယ်ထွန်မှု ကုန်သွယ်မှုအစရှိသော အမှုကို။

(င) စ-ဆက်။ တံအင်္ဂါရိယံ-ထိုအိမ်၌နေသောသူ၏ အစီးအပွားဖြစ်သော လယ်ထွန်းမှု၊ ကုန်သွယ် မှု နွားကျောင်းမှုသည်။ပဗ္ဗဇ္ဇာယ-၌။ တသ္မာ-ထိုသို့အိမ်၌နေသူ၏ အစီးအပွားဖြစ်သော လယ်ထွန်းမှု၊ ကုန်သွယ်မှု၊ နွားကျောင်းမှု၏ မရှိရာ၏အဖြစ်ကြောင့်။

နံပါတ် (၂)

(ခ) သို့-ဆရာ၊ (က)ဖြင့် ကာသာယာနိ ရတ္တာနိ ကာသာယာနိ-ဟု ကာသာယာနိပုဒ်၏ ရတ္တတဒ္ဓိတ် ဝစနတ္ထကို ဖွင့်ပြအပ်၏။ အဘယ်ကြောင့် ဆိုးဖန်ရေဖြင့်ဆိုးအပ်ကုန်သော အဝတ်တို့ယူအပ်ပါသနည်း။ အမှတ် မထား တစ်ပါးပါးသော အရောင်ရှိသော အဝတ်တို့ကို ယူကလည်း ဖြစ်နိုင်ကောင်းရာသည်မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။(ကသ္မာ စေတာနိ ဂဟိတာနီတိ အာဟ "ဖြဟ္မစရိယံ စရန္တာနံ အနုစ္ဆဝိကာနီ" တိ) ကား-ဖန်ရေဆိုးသော အဝတ်တို့သည် မြတ်သောအကျင့်ကို ကျင့်သူတို့အား လျောက်ပတ်သောကြောင့်ဟူလို။

(င) သို့-ဆရာ၊ (ဃ)ဖြင့် အင်္ဂါရိယံပုဒ်ကို အင်္ဂါရဿ ဟိတံ အင်္ဂါရိယံဟု ဝစနတ္ထပြု၍ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း စသောအမှုကို ကောက်ယူအပ်သည်ကို ဖွင့်ပြအပ်၏။ ပဗ္ဗဇ္ဇ၏ အနင်္ဂါရိယံမည်ခြင်းအကြောင်းက်

http://www.dhammadownload.com



မပြဆိုပြီလော။ (တစ်နည်း) အနဂါရိယပုဒ်ကို န အဂါရိယံ အနဂါရိယံဟု ဝစနတ္ထပြု၍ အိမ်၏အစီးပွားဖြစ်သော လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်းစသောအမှုမဟုတ်သောကြောင့် အနဂါရိယမည်ပါသလော။ စုဒ်ကြောင့်(င)မိန့်ကား- နတ္ထိ အဂါရိယံ ဧတ္ထာတိ အနဂါရိယာဟု ဝစနတ္ထပြု၍ အိမ်၏စီးပွားဖြစ်သော လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်းစသည် မရှိရာဖြစ်သောကြောင့် အနဂါရိယမည်၏ ဟူလိုသော်။

နံ့ပါတ် (၃)

(က) နနု ယာနိကာနိစိ ဝတ္ထာနိ ဂဟိတဗ္ဗာနိ။

(ခ) အထ ကသ္မာ ကာသာယာနိ ဝတ္ထာနိယေဝ ဂဟိတာနိ။

(ဂ) တာနိ ဗြဟ္မစရိယံ စရန္တာနံ အနုစ္ဆဝိကာနိ၊ တသ္မာ-

နံ့ပါတ် (၄)

ဗြဟ္မစရိယံ-ဗြဟ္မဥ္စ တံ စရိယဉ္စာတိ ဗြဟ္မစရိယံ။ ဗြဟ္မေဟိ စရိယံ ဗြဟ္မစရိယံ။
မြတ်သောဂုဏ်၏ အကျင့်နှင့် ဂုဏ်ဂုဏေးအစပ်။ မြတ်သောအကျင့်။ သေဋ္ဌစရိယ။

အဂါရ- အဂေ ထမ္ဘာဒယော ရာတိ ဂဏှာတီတိ အဂါရံ။

အနုစ္ဆဝိက-ဆဝိယာ အနုရူပံ အနုစ္ဆဝိကံ။
အရေ၏ လျောက်ပတ်သောအဝတ်နှင့် ဂုဏ်ဂုဏေးအစပ်။
လျောက်ပတ်သောအဝတ်။ အနုလောမိက။

ဟိတ- ဟိနောတိ ဝဍ္ဎတီတိ ဟိတံ။
တိုးပွားခြင်းကြီးယာ။ ကသိဝါဏိဇ္ဇာဒိအမှု။ ဝုဒ္ဓိ။

ပဗ္ဗဇ္ဇာ- ပရိဗဇိတွာ ဝဇတီတိ ပဗ္ဗဇ္ဇာ။

ဝါဏိဇ္ဇံ- ဝဏိဇ္ဇဿ ဘာဝေါ ဝါဏိဇ္ဇံ။ ဝါဏိဇာနံ ကမ္မံ ဝါဏိဇ္ဇံ။
ကုန်သည်တို့၏ ကုန်သွယ်မှုအလုပ်နှင့် နိဿယနိဿိတအစပ်။
ကုန်သည်အလုပ်။ ဝဏိဇ္ဇ။

နံ့ပါတ် (၅)

(က) ဝတ္ထာနံ-ဟု သမ္ဗန္ဓ်။

(ခ) အနုစ္ဆဝိကတ္တာ- ကာသာယာနံ ဝတ္ထာနံ။
တသ္မာ နတ္ထိတာယ- တဿ အဂါရိယဿ။ (ကသိဝါဏိဇ္ဇာဒိကမ္မဿ)

နံ့ပါတ် (၆)

(ဃ+င) အဂါရဿ ဟိတံဖြင့် အနဂါရိယံ၌ အဂါရိယကို အဂါရဿ ဟိတံ အဂါရိယံဟု ဟိတတဒ္ဓိတ်ဝစနတ္ထပြုသည်ကိုလည်းကောင်း၊ ဏျပစ္စည်း ဟိတအနက်၌သက်သည်ကိုလည်းကောင်း သိစေ။ ကသိဝါဏိဇ္ဇာဒိကမ္မံဖြင့် အဂါရိယအရ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်းစသောအမှုကို အရကောက်အပ်သည်ကို သိစေ။ တဉ္စ ပဗ္ဗဇ္ဇာယ နတ္ထိ၊ တသ္မာဖြင့် အနဂါရိယံကို နတ္ထိ အဂါရိယံ ဧတ္ထာတိ အနဂါရိယာဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ အနသည် န-၏ ကာရိယဖြစ်သည်ကိုလည်းကောင်း၊ ယင်းန၏ နတ္ထိအနက်၌ဖြစ်သည်ကိုလည်းကောင်း သိစေ။ ပဗ္ဗဇ္ဇာဥာတဗ္ဗာဖြင့် အနဂါရိယအရ ရဟန်းအဲဖြစ်ကို ကောက်ယူအပ်သည်ကို သိစေ။

နံ့ပါတ် (၇)

ပရိဒဟိတွာ- ပရိ+ဓာ+တွာ။ ဓာ ဓာ,ဟု ဒွေဘော်၊ ရှေ့ ဓကို ဒ၊ နောက်ဓကို ဟပြု၊ အာကို အ-ရဿ၊ ဣလာ။

အဂါရ- အဂါရဝါသဟုဆိုလိုလျှက် ဝါသနောက်ပုဒ်ချေ။

http://www.dhammadownload.com



နံပါတ် (၈)

အပ္ပံ့ဝါ မဟတ္တံဝါ-၌ အသပြာ တစ်ထောင်အောက် အပွ၊ တစ်ထောင်အသပြာအထက် မဟတ္တ။ ဆွေမျိုးနှစ်ဆယ်အောက် အပွ၊ နှစ်ဆယ်အထက် မဟတ္တ။

နံပါတ် (၉)

ပဗ္ဗဇ္ဇာ စ တံ နတ္ထိ၊ ပဗ္ဗဇ္ဇာ ဉာယတေ တာတော။

အနဂါရိယာတိ ယသ္မာ၊ ပဗ္ဗဇ္ဇာနဂါရိယံ။ (တတိယ ရက်ကာရဝိပုလ)

နံပါတ် (၁၀)

အနဂါရိယံ ပဗ္ဗဇေယျအရ- သဒ္ဒါစေတနာ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။ ဥဿာဟ၊ ဝီရိ။ (တစ်နည်း) ဓမ္မ၊ ဓမ္မ။ ရှင်ရဟန်းအဖြစ်သည် အာရမ္မဏ။ ဖြဟ္မစရိယကို လွယ်ကူစွာကျင့်နိုင်ခြင်းသည် ဥဒ္ဒိပန။ ရဟန်းအဖြစ်၌ ရရှိအပ်သော သာမညဖလတို့သည် အနုဘာဝ။

ဝါကျစဉ် (၅၅)

(က) ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန ပရိသုဒ္ဓါဇီဝေါတိ ဧတ္ထ အာစာရ ဂေါစရဂ္ဂဟဏေနေဝ စ ကုသလေ ကာယကမ္မဝစီကမ္မေ ဂဟိတေပိ ယသ္မာ ဣဒံ အာဇီဝပါရိသုဒ္ဓိ သီလံနာမ န အာကာသေ ဝါ ရုက္ခဂ္ဂါဒီသု ဝါ ဥပ္ပဇ္ဇတိ။

(ခ) ကာယဝစီဒွါရေသုယေဝ ပန ဥပ္ပဇ္ဇတိ။

(ဂ) တသ္မာ တဿ ဥပ္ပတ္တိဒွါရဒဿနတ္ထံ ''ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေနာ''တိ ဝုတ္တံ။

(ဃ) ယသ္မာ ပန တေန သမန္နာဂတော၊ တသ္မာ ပရိသုဒ္ဓါဇီဝေါ။ ဒီ၊ဋ္ဌ၊၁၊၁၆၃။

နံပါတ် (၁)

(က) အာစာရဂေါစရဂ္ဂဟဏေနေဝစ-အာစာရဂေါစရသမ္ဘန္ဓောဟူသော သဒ္ဒါဖြင့်သာ။ ကာယကမ္မ ဝစီကမ္မေ-ကာယကံ ဝစီကံသည်။ ဝါ-ကို။ ဂဟိတေပိ-ဆော်လည်း။ ဣဒံအာဇီဝပါရိသုဒ္ဓိသီလံနာမ-မည်သည်။ အာကာသေဝါ-၌လည်းကောင်း။ရုက္ခဂ္ဂါဒီသုဝါ-သစ်ပင်ဖျား အစရှိသောအရပ်တို့၌သော်လည်းကောင်း။ န ဥပ္ပဇ္ဇတိ။

(ဂ) တဿ-ထိုအာဇီဝပါရိသုဒ္ဓိသီလ၏။ဥပ္ပတ္တိဒွါရဒဿနတ္ထံ-ဖြစ်ခြင်း၏ ကာယဝိညတ်ဝစီဝိညတ် ဟုဆိုအပ်သော ဒွါရကို ပြတော်မူခြင်းအကျိုးငှါ။ ဘဂဝတာ (ကတ္တား)

(ဃ) ပန-ချဲ့(တစ်နည်း)ဆက်။တေန-ကာယကမ္မဝစီကမ္မေန။ပရိသုဒ္ဓါဇီဝေါ-စင်ကြယ်သော အသက်မွေးခြင်းရှိ၏။

နံပါတ် (၂)

(က+ခ+ဂ)သို့-ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသ လေနဟုမိန့်ဆိုအပ်၏။ အာစာရဂေါစရသမ္ဘန္ဓသဒ္ဒါဖြင့်ပင် အပြစ်မရှိသော ကာယကံ ဝစီကံကို ယူအပ်ပြီးသည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် အဘယ်ကို ပြခြင်းအကျိုးငှါ ကာယကမ္မ။ ပ ။ကုသလေန ဟူ၍ ဆိုအပ်ပါ သနည်း။ပုန်ရုတ္တိ ဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင်း(က)စသည်မိန့်။ (ဂ) တိုင်မြှော်။ (ပရိသုဒ္ဓါဇီဝေါ-ဟုချည်း ဟောတော်မူလျှင် အာဇီဝပါရိသုဒ္ဓိသီလ ပြီးနိုင်ကောင်းရာသည် မဟုတ်ပါလော) (ဘာဋီ)

(ဃ) သို့-ဆရာ၊ (ဂ)ဖြင့် အာဇီဝပါရိသုဒ္ဓိသီလ၏ ဖြစ်ရာဒွါရကို ပြခြင်းအကျိုးငှါ ကာယကမ္မ ဝစီ ကမ္မေန စသောစကားကို ဟောအပ်၏ဟု ဖွင့်ပြအပ်၏။ အဘယ်သို့လျှင် ထိုကာယကမ္မ ဝစီကမ္မေနစသည်ဖြင့် ဖြစ်ရာဒွါရကို ပြဆိုအပ်ပါသနည်း။ ကာယဒွါရ ဝစီဒွါရကင်း၍လည်း အာဇီဝပါရိသုဒ္ဓိသီလ ဖြစ်နိုင်ကောင်းရာ သည် မဟုတ်ပါလော။ စုဒ်ကြောင်း (ဃ) မိန့်။

http://www.dhammadownload.com



ကား–ကာယဒွါရ ဝစီဒွါရ၌ဖြစ်သော အပြစ်မရှိသော ကာယကံ ဝစီကံနှင့်ပြည့်စုံခြင်းကြောင့်သာ အာဇီဝပါရိသုဒ္ဓိသီလ ဖြစ်နိုင်သောကြောင့်ဟူလို။ ဋီ၊သစ်၊၂၇၇။

နံပါတ် (၁)

(က) နနု အာစာရဂေါစရဂ္ဂဟဏေနဝစ ကုသလံ ကာယကမ္မဝစီကမ္မံ ဂဟိတံ။

(ခ) အထ ကိမတ္ထံ ''ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေနာ''တိ ဝုတ္တံ။

(ဂ) တဿ ဥပ္ပတ္တိဒွါရဒဿနတ္ထံ။

အထဝါ–ယသ္မာ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ နာမ ။ ပ ။ ဥပ္ပဇ္ဇတိ၊ တသ္မာ–

နံပါတ် (၄)

အာစာရဂေါစရ– အာစာရော စ ဂေါစရော စာတိ အာစာရဂေါစရော။
အကျင့်နှင့် ကျက်စားရာတို့၏ အချင်းချင်း ငဲ့ခြင်းဟုဆိုအပ်သော အညမညပေက္ခသမ္ဗန်။အကျင့်ကျက်စားရာတရား။

အာဇီဝပါရိသုဒ္ဓိသီလံ–အာဇီဝံ အာဇီဝေါ။ အာဇီဝတ္ထိ ဧတေနာတိ အာဇီဝေါ။ ပရိသုဇ္ဈတိ ဧတေနာတိ ပရိသုဒ္ဓိ။ အာဇီဝဿ ပရိသုဒ္ဓိ အာဇီဝပါရိသုဒ္ဓိ။ (ကမ္မဓာရည်းဆက်) စင်ကြယ်ခြင်းကြိယာ။ အသက်မွေးမြူကြောင်းတရား။ ဇီဝန၊ဝုတ္တိ။

အာကာသ– န ကဿတီတိ အကာသော။ အကာသောယေဝ အာကာသော။ အန္တလိက္ခ။

ရုက္ခ– ရုဟတိ ဇာယတီတိ ရုက္ခော။ ပါဒပေါ။

ဒွါရ– ဒွေ ကဝါဋ္ဌာနိ အရန္တိ အတြာတိ ဒွါရံ။ ဒွါရံ ဝိယာတိ ဒွါရံ။

နံပါတ် (၅)

ဂဟိတတ္တာ– ကုသလဿ ကာယကမ္မဝစီကမ္မဿ။

နံပါတ် (၆)

(ဃ) ယသ္မာ ပန တေန သမန္နာဂတော၊ တသ္မာဖြင့် အပြစ်မရှိသော ကာယကံ ဝစီကံနှင့်ပြည့်စုံခြင်းကြောင့် ပရိသုဒ္ဓါဇီဝမည်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း။ ယင်းကာယကံ ဝစီကံနှစ်ပါးသည် အာဇီဝပါရိသုဒ္ဓိသီလလျှင် အကြောင်းရှိ၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေ။

နံပါတ် (၇)

အာစာရဂေါစရဂ္ဂဟဏေန–အာစာရဂေါစရသမ္ဗန္ဓဂ္ဂဟဏေနဟု ဆိုလိုလျက် သမ္ဗန္ဓသဒ္ဒါကိုချေ။

ထပတိ– ဌာ+တိ။ အလယ်၌ ပဣာ၊ ဌကို ထပြု။

နံပါတ် (၈)

အဏုမတ္တကေသု၌ အဏုမတ္တဟူသည်– စေတနာမရှိမူ၍ သင့်ရောက်သော အနုခုဒ္ဒကအာပတ်၏ အစွမ်းဖြင့်လည်းကောင်း၊ အဆောတလျှင်ဖြစ်သော အကုသိုလ်စိတ်ပျို်အဖြစ်ဖြင့်လည်းကောင်း၊ နည်းသော အတိုင်းအရှည်ရှိသည်၏အဖြစ်မည်၏။ အဏုမြူနှင့်တူသည်၏အဖြစ်ကြောင့် အပ္ပမတ္တကကို''အဏု''ဟုဆို။

နံပါတ် (၁၀)

အာဇီဝပါရိသုဒ္ဓိသီလ– ဝီရိယပြဋ္ဌာန်းသော အကုသိုလ်စိတ်ပျို်။ ဥဿာဟ၊ဝီရိ။

အနေသနတရားသည်လည်းကောင်း၊ အပြစ်ရှိသော အသက်မွေးမှုသည်လည်းကောင်း အာရုဏ။ အပြစ်ရှိသော အသက်မွေးမှု၏ မစင်ကြယ်သည်၏အဖြစ်သည်လည်းကောင်း၊ အပြစ်မရှိသော ကာယကံဝစီကံသည်လည်းကောင်း ဥဒ္ဒိပန။ အာဇီဝပါရိသုဒ္ဓိသီလပြည့်စုံခြင်းဖြင့် ရောက်အပ် ရအပ်သော အဝိပ္ပဋိသာရစသည်မှ မဂ်ဖိုလ်တိုင်အောင်သော အကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

http://www.dhammadownload.com


ပါဠိစဉ် (၅၆)

(က) တတ္ထ ဣဒမ္ပိသီလ ဟောတိ သီလသ္မိံန္တိ ဣဒမ္ပိ အသော ဘိက္ခုနော ပါဏာတိပါတာဝေရမဏီ သီလသ္မိံ ဇော် သီလံ ဟောတီတိ အတ္ထော။

(ခ) ပစ္စတ္တဝစနတ္ထေ ဝါ တော် ဘုမ္မံ။

(ဂ) မဟာအဋ္ဌကထာယဥ္စ''ဣဒမ္ပိ တဿ သမဏဿ သီလ''န္တိ အယမေဝ အတ္ထော ဝုတ္တော။

(ဃ) သေသံ ပြဟ္မဇာလေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ (ဒီ၊ဋ္ဌ၊၁။၁၆၄။)

(င) ဣဒမယသ ဟောတိ သီလသ္မိံန္တိ ဣဒံ အဿ သီလံ ဟောတီတိ အတ္ထော။

နိဿယ (၁)

(က) တတ္ထ-ထိုကထဋ္ဌ မဟာရာဇ အစရှိသောပါဠိ၌။ ဣဒမ္ပိ-ဤပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းသည်လည်း။ဝေရမဏီ-ရှောင်ကြဉ်ခြင်းသည်။ (မူချ) ဝါ-ရှောင်ကြဉ်ကြောင်းဖြစ်သော ဝိရတီသည်။ သီလသ္မိံ-သီလအပေါင်း၌။ ဝါ-တွင်။

(ခ) တော် ဝစနံ-သီလသ္မိံဟူသော ဤသဒ္ဒါသည်။ ပစ္စတ္တဝစနတ္ထေ-ပထမာဝိဘတ် အနက်၌။

(ဂ) ဟိ-သစ္စံ။ အယမေဝ အတ္ထော-ဤပထမာဝိဘတ်၏ အနက်ကိုသာ။ (ဝေဖြင့် နိဒ္ဒါရဏ၊ အာဓာရအနက်များကန့်) ဣဒမ္ပိ-ဤပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းသည်လည်း။

(င) ဣဒံ-ဤမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည်။

(ဃ) ဝုတ္တနယေနေဝ၏-ကတ္တား။ မယာ။ ဝေဒိတဗ္ဗံ၏-ကတ္တား။ တုမှေဟိ။

ဣဒမ္ပိဿ ဟောတိ သီလသ္မိံ(ပါဠိတော်အနက်)အဿ-ထိုရဟန်းအား။ဣဒမ္ပိ-ဤပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းသည်လည်း။ သီလသ္မိံ-သီလအပေါင်း၌။ ဝါ-တွင်။ (ဇော်-ဗာစ်ပါးသော။ သီလံ-သည်။) ဟောတိ။ (တစ်နည်း) အဿ-အား။ ဣဒမ္ပိ-သည်လည်း။ သီလသ္မိံ-သီလသည်။ ဟောတိ။ (က+ခ) အဖွင့်ရှု။

နိဿယ (၂)

(ခ) သို့ (ဥပမာ) ပေါတာလင်္ကာရာနုသန္ဓေ- ဤသို့ (က)ဖြင့် သီလသ္မိံ၌ သတ္တမီဝိဘတ်သည် အာဓာရအနက်၊ နိဒ္ဒါရဏအနက်၌ဖြစ်သည်ကို ဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌ ဣဒံပုဒ်နှင့် ကတွတ္တ၏ အစွမ်းဖြင့်တူသော တည်ရာအနက်ရှိသောကြောင့်''ဝနပ္ပဂုမ္ဗေ ယထာ ဖုသိတဂ္ဂေ''ပုဒ်ကဲ့သို့ သတ္တမီဝိဘတ်၏ ပထမာကတ္တား၌ ဖြစ်သည်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မိန့်။ ဋီ၊သစ်၊၂။ရခ။

(ဂ) သို့-ဆရာ၊ (ခ)ဖြင့် သီလသ္မိံ၌ သ္မိံဝိဘတ်သည် ပထမာဝိဘတ်၏ အနက်၌ဖြစ်၏ဟု နယဋ္ဌရကို ဖွင့်ပြအပ်၏။ သီလသ္မိံ၌ သတ္တမီဝိဘတ်သည် နိဒ္ဒါရဏအနက် အာဓာရအနက်၌သာ ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျှက် ပထမာဝိဘတ်၏ အနက်၌ဖြစ်၏ဟု ထူးဆန်းစွာဆိုသော ဆရာ့စကား အသို့သင့်နိုင်ပါအံ့နည်း။ ဝစန+ဝစနတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

နိဿယ (၃)

(က) နနု နိဒ္ဒါရဏတ္ထေ ဝါ ဩကာသေ ဝါ ဘုမ္မံ ဟောတိ။

(ခ) အထ ကသ္မာ''ပစ္စတ္တဝစနတ္ထေ ဝါ တော် ဘုမ္မ''န္တိ ဝုတ္တံ။

(ဂ) မဟာအဋ္ဌကထာယံ''ဣဒမ္ပိ တဿ သမဏဿ သီလ''န္တိ အယမေဝ အတ္ထော ဝုတ္တော၊ တသ္မာ-

နိဿယ (၄)

ပါဏ- ပဏာန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ ပါဏော။

ဝေရမဏီ-ဝိရတိ တောယာတိ ဝေရမဏီ။ ဝေရံ မဏာတိ ဝိနာသေတီတိ ဝေရမဏီ။

http://www.dhammadownload.com



သီလ– သီနောတိ ဗန္ဓတိ စိတ္တံ ဧတေနာတိ သီလံ။ (သံယမ)

ပစ္စတ္ထဝစန–ဝုစ္စတိ ဧတေနာတိ ဝစနံ။ အတ္တာနံ ပတိ ပစ္စတ္တံ၊ ပစ္စတ္တဿ ဝစနံ ပစ္စတ္တဝစနံ။ ဟောအပ်သောကတ္တား စသည်မှ အသီးသီးသောအနက်၏ ပဌမာဝိဘတ်နှင့် ဝါစ္စ+ဝါစက အစပ်သမ္ဗန်။ ပဌမာဝိဘတ်။ ပဌမာဝိဘတ္တိ။

နံပါတ် (၅)

ဘုမ္မတ္ထာ– တေသံ ဝစနသံ

နံပါတ် (၆)

(က) ဣဒမ္ပိအသံဖြင့် ဣဒပ္ပိသကို ဣဒမ္ပိ+အသံဟု ပဒစ္ဆေဒပြုအပ်သည်ကို သိစေ။

ဘိက္ခုနော–ဖြင့် အသဉ္ဉ တဖြင့် ရဟန်းကို စွဲယှုသုံးသပ်အပ်သည်ကို သိစေ။ သီလသဒ္ဒါ၏ကေံသီလံဖြင့် သီလသဒ္ဒါ၌ သဒ္ဒိဝိဘတ်သည် (သီလတစ်ပါးကို ထုတ်ဆောင်အပ်သောကြောင့်) နိဒ္ဒါရဏအနက်၌ သက်သည်ကို သိစေ။ (တစ်နည်း)"ရက္ခေ သာခါ" ကဲ့သို့ အပေါင်းအာဓာရမှ အစိတ်အာဓေယ်ကို ထုတ်ယူအပ်သောကြောင့် အာဓာရအနက်၌သက်သည်ကို သိစေ။ ပါဏာတိပါတာ ဝေရမဏီဖြင့် ဣဒမ္ပိ၌ ဣမသဒ္ဒါဖြင့် သုံးသပ်အပ်သောအနက်ကို သိစေ။ ကေံ သီလံဖြင့် ဟောတိကြိယာ၏ ထည့်ပါဌ် ကတ္တားကိုလည်းကောင်း သိစေ။

နံပါတ် (၇)

ဂုတ္တ– ဂုပ+တ။ ပချေ။ တဒ္ဓေဘော်လာ။

သန္တုဋ္ဌ– သံ+တုသ+တ။ သနှင်တကွ တကို ဋ္ဌပြု၊ နိဂ္ဂဟိတ်ကို နပြု။

နံပါတ် (၈)

အသံဝရမူလကာနိ ဘယာနိ၌ ဘယအရ– အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး စသည်ယူ။

ယထာဝိဓာနပဋိပတ္တိတေနဖြင့်–ရှေးမင်းအဆက်ဆက်တို့ လေ့ကျင့်အပ်သော အစီအရင်နှင့်ပြည့်စုံသည်၏အဖြစ်ဟုဆိုအပ်သော အင်္ဂါတစ်ပါးကို ပြသည်။

ခတ္တိယာဘိသေကေနဖြင့် – မင်း၏အဖြစ်ကို ဆောင်တတ်သည်၏အဖြစ်ဟုဆိုအပ်သော အင်္ဂါတစ်ပါးကိုပြသည်။မုဒ္ဒါအဝသိတ္တောဖြင့် – ထိပ်ထက်၌သာ ရေစင်ဖြင့်သွန်းလောင်းအပ်သည်၏ အဖြစ်ဟုဆိုအပ်သော အင်္ဂါတစ်ပါးကို ပြသည်။

နံပါတ် (၁၀)

ပါဏာတိပါတာ ဝေရမဏီ–ဝိရတိစေတသိက်။ ဓမ္မ၊ မမ္မ။ ဝီတိက္ကမိတဗ္ဗဝတ္ထုဖြစ်သော သူ့အသက်သည် အာရမ္မဏ။ ယောနိသောမနသိကာရသည်လည်းကောင်း၊ ရဟန်းအဖြစ်သည်လည်းကောင်း ဥဒ္ဒိပန။ သီလပြည့်စုံသဖြင့် တစ်စုံတစ်ခုသော ဘေးကို မမြင်ခြင်း ကာယိကသုခ စေတသိကသုခကို ခံစားရခြင်းစသောအကျိုးတို့သည် အနုဘာဝ။

ဝါကျစဉ် (၅၇)

(က) မုဒ္ဒါဘိသိတ္တောတိ ယထာ ဝိဓာနပဋိပတ္တိတေန ခတ္တိယာဘိသေကေန မုဒ္ဒနိ အဝသိတ္တော။

(ခ) ယဒိဒံ ပစ္စတ္ထိကတောတိ ယံ ကုတောစိ ကေပစ္စတ္ထိကတောပိ ဘယံ ဘဝေယျ၊ တံ န သမနုပဿတိ။

(ဂ) ကသ္မာ? ယသ္မာ နိဟတပစ္စာမိတ္တော။

(ဃ) အဇ္ဈတ္တန္တိ နိယကဇ္ဈတ္တံ၊ အတ္တနော သန္တာနေ အတ္တော။

(င) အနဝဇ္ဇသုခန္တိ အနဝဇ္ဇံ အနိန္ဒိတံ ကုသလံ သီလပဒဋ္ဌာနေဟိ အဝိပ္ပဋိသာရပါမောဇ္ဇပီတိ ပဿဒ္ဓိဓမ္မေဟိ ပရိဂ္ဂဟိတံ ကာယိကစေတသိကသုခံ ပဋိသံဝေဒေတိ။ ဒီ၊ဋ္ဌ၊၁၊၁၆၄။

http://www.dhammadownload.com



နံပါတ် (၁)

(က) ယထာဝိတနုဝိပဟိတေန-အကြွင်းအကြွင်း အစီအရင်အတိုင်း စီစဉ်အပ်ပြီးသော။ခတ္တိယာဘိသေကေန-မင်းအဖြစ်ကို ဆောင်တတ်သော အဘိသိက်ရေစင်ဖြင့်။မုဒ္ဓနိ-ဦးထိပ်၌။

(ခ) ကူဟော်ဗီ-တစ်စုံတစ်ယောက်သော။ကောပစ္စတ္ထိကာဟော်ပိ-တစ်ယောက်သောရန်သူကြောင့်လည်း။

(ဂ) နိဟတပစ္စာမိတ္တော-နှိမ်အပ်ပြီးသော ရန်သူရှိ၏။တသ္မာ-နသမနုပဿတိ

(ဃ) နိယကဖ္ဈတ္တံ-မိမိကိုမှီ၍ ဖြစ်သော အဇ္ဈတ္တ၌။

(င) အနဝဇ္ဇံ-အပြစ်မရှိသော။ အနိန္ဒိတံ-ပညာရှိတို့ မကဲ့ရဲ့အပ်သော။သီလပဒဋ္ဌာနေဟိ-သီလလျှင် နီးစွာသောအကြောင်းရှိသော။

နံပါတ် (၂)

(ဂ) သို့-ဆရာ၊ (ခ)ဖြင့် တစ်စုံတယောက်သော ရန်သူကြောင့်လည်း ဘေးမမြင်ဟု ဖွင့်ပြတော်မူအပ်၏။ အဘယ်ကြောင့် တစ်စုံတယောက်သောရန်သူကြောင့် ဘေးမမြင်အပ်ပါသနည်း။ ရန်သူမရှိ၍ ဘေးကိုမမြင်အပ်ပါသလော။ ဤသို့စုဒ်ကြောင့် (ဂ) မိန့်။

(င) သို့-ဆရာ၊ (ဃ)ဖြင့် အဇ္ဈတ္တအရ နိယကဇ္ဈတ္တကိုကောက်ယူအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော အနဝဇ္ဇသုခဟူသည် အဘယ်ပါနည်း။ ယင်းအနဝဇ္ဇသုခကို မည်သို့ခံစားအပ်သည်ကို မသိအပ်သေးသည် မဟုတ်ပါလော။ ဤသို့စုဒ်ကြောင့် (င) မိန့်။

နံပါတ် (၃)

အနိက္ကျူဇ္ဇန္တောတိ သာရဝသေနေဝ ဣဒံ နိဿရဏံ, အယံ ပရမတ္ထောတိ ဟာဒယေ အဋ္ဌပေန္တော။ ဗျဉ္ဇနံ ပန တေန ဥဂ္ဂဟိတမ္ပေဝ နိက္ကျုဇ္ဇိတဥ္စ။ (ဋ္ဌ၊၁၄၅)

(က) နနု သာရဝသေနေဝ ဣဒံ နိဿရဏံ အယံ ပရမတ္ထောတိ ဟာဒယေ နဋ္ဌပေတိ။

(ခ) အထ ကသ္မာ အဇ္ဈတ္တသတ္တုရာဇာ ပူရဏကဿပဝါဒံ ဘဂဝတော အဝေါစ။

(ဂ) ဗျဉ္ဇနံ တေန ဥဂ္ဂဟိတမ္ပေဝ နိက္ကုဇ္ဇိတဥ္စ။တသ္မာ-

နံပါတ် (၄)

မုဒ္ဓါ- မောဒန္တိ ဧတ္ထ ဥဂ္ဂါဒယောတိ မုဒ္ဓါ။
ဝမ်းမြောက်ခြင်းကြိယာ။ ဦးခေါင်းဒြပ်။ သီသ၊မတ္ထက။
အဘိသိတ္တ-အဘိသဥ္စိယိတ္ထာတိ အဘိသိတ္တော။
သွန်းလောင်းခြင်းကြိယာ။ သွန်းလောင်းအပ်သောဦးခေါင်းဒြပ်။ အဘိသေက။
ခတ္တိယ- ခတ္တဿ အပစ္စံ ခတ္တိယော။
ပစ္စတ္ထိက-ပဋိပက္ခံ အတ္ထယန္တိ ဣစ္ဆန္တီတိ ပစ္စတ္ထိကာ။
ဆန့်ကျင်ဘက်ကိုအလိုရှိခြင်းကြိယာ။ ရန်သူဒြပ်။အရိ၊ဝေရီ။
နိဟတပစ္စာမိတ္တ-မိတ္တဿ ပဋိပက္ခော ပစ္စာမိတ္တော။
နိဟတာဝ ပစ္စာမိတ္တော ယေနာတိ နိဟတပစ္စာ မိတ္တော။

နံပါတ် (၅)

(ဂ) နိဟတပစ္စာမိတာတ္တာ- 'ရညော။ (ပါဠိတော်)

နံပါတ် (၆)

(က) မုဒ္ဓနိ အဝသိတ္တောဖြင့် မုဒ္ဓါဘိသိတ္တောကို ပုဒ္ဓနိ အဘိသိတ္တော မုဒ္ဓါဘိသိတ္တောဟု သဏ္ဍာမိ ၊

http://www.dhammadownload.com



တပ္ပုရိသ်သမာသ် ဝစနတ္တပြုအပ်သည်ကို သိစေ။ခတ္တိယာဘိသေကေနဖြင့် ဦးခေါင်း၌ ရေစင်သွန်းလောင်းခြင်း ဟူသည့် ခတ္တိယအဖြစ်ကို ဆောင်နိုင်သော အဘိသိက်သွန်းလောင်းခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။

ယထာဝိဓာနဝိဟိတေနဖြင့် အဘိသိက်သွန်းလောင်းရာ၌ ရှေးလုပ်ရိုးအစီအစဉ်နှင့် မဆန့်ကျင်အောင် ပြုခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။အဥ္စလိတွောဖြင့် သွန်းလောင်းအပ်ဟူသည့် လက်ကို ဦးခေါင်း၏ အပေါ်၌ထား၍ အောက်သို့ သွန်းလောင်းရခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

(ဃ) နိယကဇ္ဈတ္တံဖြင့် အဇ္ဈတ္တအရ အဇ္ဈတ္တလေးမျိုးတို့တွင် နိယကဇ္ဈတ္တကို ကောက်ယူအပ်သည်ကို သိစေ။အတ္တနော သန္တာနေဖြင့် အဇ္ဈတ္တဟူသည် မိမိသန္တာန်၌ပင် ခံစားခြင်းဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၉)

ပဿဒ္ဓိ– ပ+သမ္ဘ+တိ။ တကို ဓပြု၊ မကိုချေ၊ ဘကို ဒပြု၊ သလာ။

ခတ္တိယ– ခေတ္တ+ဣယ။ ဣကို အပြု။

နံပါတ် (၈)

စက္ခုနာ ရှုပ် (ဋ္ဌ၁၆၅)၌ စက္ခုအရနှင့် တရားကိုယ်။

၁။ ပသာဒစက္ခု = အာယသာယဟနာသာယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊

၂။ သမန္တစက္ခု = သဗ္ဗညုတဉာဏ်၊

၃။ ဓမ္မစက္ခု = အောက်မဂ်သုံးပါးဉာဏ်၊

၄။ ပညာစက္ခု = ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊

၅။ ဒိဗ္ဗစက္ခု = ဒိဗ္ဗစက္ခုအဘိညာဉ်၊

၆။ ပသာဒစက္ခု = စက္ခုပသာဒရုပ်၊

(င) ဝါကျအဓိပ္ပါယ်–

ကုသလသီလကျင့် ပဒဋ္ဌာန်ရှိသော အဝိပ္ပဋိသာရ ပါမောဇ္ဇပီတိပဿဒ္ဓိတရားတို့ဖြစ်၏။ အဝိပ္ပဋိသာရ စသောအကြောင်းရှိသော စေတသိကသုခကို ခံစား၏။ စေတသိကသုခကြောင့်ဖြစ်သော ပဏီတရုပ်တို့ဖြင့် တွေ့ထိအပ်သော ကိုယ်၌ဖြစ်သော ကာယိကသုခကို ခံစား၏။

နံပါတ် (၁၀)

(င) အနဝဇ္ဇသုခအရ–ကာယိကသုခ စေတသိကသုခကောက်။ ဓမ္မ၊ဓမ္မ၊ စင်ကြယ်သောမိမိ၏ သီလသည် အာရုံမဏ။ အဝိပ္ပဋိသာရ ပါမောဇ္ဇ ပီတိ ပဿဒ္ဓိတရားတို့သည် ဥဒ္ဓိပန။ သမာဓိရှိခြင်း မဂ်ဉာဏ်ဖိုလ် ဉာဏ်ရရှိခြင်း စသော အကျိုးတို့သည် အနုဘာဝ။

ဝါကျစဉ် (၅၁)

(က) အဘိဏ္ဍက္ကန္တေ ပဋိက္ကန္တေတိ ဧတ္ထ တာဝ အဘိက္ကန္တံ ဝုစ္စတိ ဂမနံ၊ ပဋိက္ကန္တံ နိဝတ္တနံ။

(ခ) တဒုဘယမ္ပိ စတူသု ဣရိယာပထေသု လဗ္ဘတိ။

(ဂ) ဂမနေ တာဝ ပုရတော ကာယံ အဘိဟရန္တော အဘိက္ကမတိ နာမ၊ ပဋိနိဝတ္တေန္တော ပဋိက္ကမတိ နာမ။

(ဃ) ဌာနေပိ ဌိတကောဝ ကာယံ ပုရတော ဩနမေန္တော အဘိက္ကမတိ နာမ၊ ပစ္ဆတော အပနာမေန္တော ပဋိက္ကမတိ နာမ၊

(င) နိသဇ္ဇာယ နိသိန္နကောဝ ...

(စ) ... သယနေပိ ... 

သမ္မဉ္ဇနာကာရီ ဟောတီတိ သမ္မဉ္ဇနေ သမ္ပဇာနကာရီ။ ...

သမ္မဉ္ဇနေဝ ဝါ ကာရီ။ ...

ဟောတိ အဘိက္ကန္တာဒီသု သမ္မဉ္ဇနံ ကာရေတာဝ၊ န ကတ္ထစိ

သမ္မဉ္ဇနဝိရဟိတော ဟောတိ။ (ဒီ၊ဋ္ဌ၊၁၈၃)

http://www.dhammadownload.com



နံပါတ် (၁)

(က) အဘိက္ကန္တပဋိက္ကန္တဝိဒိတကာလတော–ရှေးရှုသွားခြင်း,နောက်သို့ဆုတ်ခြင်းတို့၏ ထင်ရှားရာ ကာလမှ။ (တာဝ အပါဒါန်)

(ခ) တဒုဘယမ္ပိ–ထိုနှစ်ပါးစုံသော ရှေးရှုသွားခြင်း နောက်သို့ ဆုတ်ခြင်းကိုလည်း။

(ဂ) ဒွာနာဒီသု–တို့၌။ အဘိက္ကန္တပဋိက္ကန္တဝစနကာလတော–ရှေးရှုသွားခြင်း နောက်သို့ဆုတ်ခြင်းကို ဆိုရာမှ။ တာဝ–စွာ။ ဂမနံ–၌။ အဘိက္ကန္တ ပဋိက္ကန္တံ–ရှေ့သို့သွားခြင်း နောက်သို့ဆုတ်ခြင်းကို၊ (မယာ ဝုတ္တတော)ထည့်။ အဘိဟရန္တော–ရှေ့ရှုဆောင်သော ရဟာန်းသည်။ ပဋိနိဝတ္တေန္တော–ဆုတ်စေသော ရဟာန်းသည်။

(ဃ) သမ္ပဇညေန–ထက်ဝန်းကျင်မှ အပြားအားဖြင့် သိတတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သော ဉာဏ်ဖြင့်။ ကိစ္စကာရီ–အလုံးစုံသော ရှေးရှုသွားခြင်း နောက်သို့ဆုတ်ခြင်းကိစ္စကို ပြုလေ့ရှိသည်။

(စ) ဟိ–ထင်ရှားအောင်ပြဦးအံ့သော–ဘိက္ခု။ကတ္ထစိ–တစ်စုံတစ်ခုသော ရှေးရှုသွားခြင်း နောက်သို့ဆုတ်ခြင်း၌။ သမ္ပဇညဝိရဟိတော–သမ္ပဇညမှကင်းသည်။

နံပါတ် (၂)

(ခ) သို့–ဆရာ၊ (က)ဖြင့် အဘိက္ကန္တဟူသည် ဂမန၊ပဋိက္ကန္တဟူသည် နိဝတ္တနဖြစ်၏ဟု ဖွင့်ပြအပ်၏။ ဂမနက္ခဏိယာပထ၌သာ ထိုအဘိက္ကန္တ ပဋိက္ကန္တနှစ်မျိုးကို ရအပ်ပါသလော။ (ဂစ္ဆန္တိ) အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့–ဆရာ၊ (ခ)ဖြင့် အဘိက္ကန္တ ပဋိက္ကန္တနှစ်မျိုးကို ဂမနက္ခဏိယာ၌သာ မရအပ်၊ ဣရိယာပထ လေးပါးလုံး၌ ရအပ်၏ဟု ဖွင့်ပြအပ်၏။ အဘယ်သို့ရအပ်ပါသနည်း။ ရအပ်ပုံအခြင်းအရာကို အကျယ်အားဖြင့် မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။ (ကထံ လဗ္ဘတီတိ အာဟ"ဂမနေ"တိ အာဒိ။) ဋီ၊သစ်၊၂။စာ။

(င) သို့ အပရာနုသန္ဓေ–ယခုအခါ၌ ကာရီ၏ ကံကို တစ်ပါးမရှာသင့်ပြီ သမ္ပဇာနပဝတ်သည်းဟု ပြပြန်လိုရကား သမ္ပဇညမေဝ ဝါ ကာရီဟု ဒုတိယဝိကပ် မိန့်။

(စ) သို့–ဆရာ၊ (င)ဖြင့် သမ္ပဇာနံ ကာရီ သမ္ပဇာနကာရီဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုအပ် သည်ကို ဖွင့်ပြအပ်၏။ သမ္ပဇာနေန ကာရီ သမ္ပဇာနကာရီဟု တတိယာတပ္ပုရိသ်သမာသ် ပထမဝိကပ်ဖြင့်ပင် ပြီးကောင်းပြီ မဟုတ်တုံလော။ ထိုသို့ဖြစ်လျှက် ဒုတိယဝိကပ်ကို ဖွင့်ဆိုသော သရာစကား အဘယ်သို့သင့်နိုင်ပါအံ့ နည်း။ ဤသို့စုဒ်ကြောင့် (စ)မိန့်။ ("သော ဟိ"တိ အာဒိ ဒုတိယဝိကပ္ပဿ သမတ္ထနံ) ဋီ၊သစ်။

နံပါတ် (၃)

(က) နနု "သမ္ပဇညေန သဗ္ဗကိစ္စကာရီ"တိ သံဝဏ္ဏိတေ အဓိပ္ပေတတ္တော သိဒ္ဓေါ။

(ခ) အထ ကသ္မာ "သမ္ပဇညမေဝ ကာရီ"တိ ဒုတိယဝိကပ္ပနတ္ထံ အာဟ။

(ဂ) သော အဘိက္ကန္တာဒီသု သမ္ပဇညံ ကရောတေဝ၊ န ကတ္ထစိ သမ္ပဇညဝိရဟိတော ဟောတိ၊ တသ္မာ။(ကရောတေဝ၌ ဝေဖြင့် ဉာဏ်မပါပဲ မည်သည့်ကိစ္စကိုမျှ မပြုဟု ကန့်သည်။)

နံပါတ် (၄)

ကာယ– ကုစ္ဆိတာနံ အာယော ဥပ္ပတ္တိဋ္ဌာနန္တိ ကာယော။
ဆံပင်စသည်၏ ဖြစ်ရာကိုယ်နှင့် နိဿိတနိဿယအစပ်။ဒေဟ၊သရီရ။

သမ္ပဇည–သမ္ပဇာနဿ သမ္ပဇာနံ။ သမ္ပဇာနမေဝ သမ္ပဇည်။ (တစ်နည်း) သမ္ပဇာနံ သမ္ပဇည်။
သမ္ပဇာနာတီတိ သမ္ပဇာနံ။ တဿ ဘာဝေါ သမ္ပဇည်။
ကောင်းစွာအပြားအားဖြင့် သိခြင်းကြိယာ။ သိတတ်သောဉာဏ်။ပဇာနန။

သဗ္ဗ– သရတိ ပဝတ္တတီတိ သဗ္ဗော။
ဖြစ်ခြင်းကြိယာ။ အလုံးစုံသောကိစ္စ။ သကလ၊နိဿေသ။

http://www.dhammadownload.com



နံ့ပါတ် (၅)

အဘိဟာရန္တတ္တာ–(ပဋိနိဝတ္တေန္တတ္တာ)–ဟာသ ဘိက္ခုနော။

နံ့ပါတ် (၆)

(က) ဝုစ္စတိ ဂမန်ဖြင့် အဘိက္ကန္တ၌ အဘိရှေးရှိသော ကမုဓာတ်သည် သွားခြင်းဟူသောဂမန အနက် ဟောသည်ကိုလည်းကောင်း၊တပစ္စည်း ဘောအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ အဘိက္ကမန် အဘိက္ကန္တံဟု ဝစနတ္တ ပြုအပ်သည်ကိုလည်းကောင်း သိစေ။ (ပဋိက္ကန္တံ နည်းဘူဖော်)

(ဃ) သမ္မဇညေန သမ္ပဇကိစ္စဏာရီဖြင့် သမ္မဇာနအရ ဉာဏ်ကို ကောက်ယူအပ်သည်ကိုလည်း ကောင်း၊ သမ္မဇာနသဒ္ဒါ သမ္မဇညသဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကိုလည်းကောင်း၊ သမ္မဇနနံ သမ္မဇာနံဟု ဘာဝသာဓန ဝစနတ္တပြုရသည်ကိုလည်းကောင်း သိစေ။ အပေါင်းသံဝဏ္ဏနာဖြင့် သမ္မဇာနေန ကာရီ သမ္မဇာနကာရီဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္တပြုရသည်ကိုလည်းကောင်း၊ကာရီ၌ ကရဓာတ်၏ ကံကို သမ္ပဇကိစ္စံဟု ထည့်ရည်ကိုလည်းကောင်း၊ မည်သည့်ကိစ္စမဆို ကိစ္စအားလုံးကို ဉာဏ်ပညာဖြင့် ပြုလေ့ရှိ၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေ။

နံ့ပါတ် (၇)

သမ္မဇည–သမ္မဇာန+ဏျ။ ဏာချေ၊ နလာ၊ ချကို ဉ ပြု၊ ဉ ဒွေဘော်လာ။

သပ္ပါယ– သန္တ+ပါယ။ သန္တကို သပြု၊ ပဒွေဘော်လာ။ (တစ်နည်း) သံ+ပါယ။

နံ့ပါတ် (၈)

ဂမနအရ–ဆုတ်နစ်၍လည်းကောင်း မဆုတ်နစ်၍လည်းကောင်း သွားခြင်းကိုယူ။ နိဝတ္တနအရ နောက်ဆုတ်ခြင်းမျှကို ယူ။ ငှိ၊သစ်။ ယင်းနှစ်ပုဒ်သည် ရှေးတိုးခြင်းကိုထောက်၍ နောက်ဆုတ်ခြင်း၊ နောက်ဆုတ်ခြင်းကိုထောက်၍ ရှေ့တိုးခြင်း ဤသို့အချင်းချင်း ကပ်ယူအပ်သော ကြိယာနှစ်ပါးဖြစ်သည်။

နံ့ပါတ် (၁၀)

သမ္မဇညအရ– ဉာဏ်ကောက်။ ဓမ္မ၊ဓမ္မ။ ဆောင်ရွက်ဖွယ်ကိစ္စအားလုံးသည် အာရမ္မဏ။

သတိသည် ဥဒ္ဒိပန။ သတိသမ္မဇညကြောင့် ရသင့်ရထိုက်သော ဈာန် မဂ်ဖိုလ်တရားတို့သည် အနုဘာဝ။

နံ့ပါတ်စဉ် (၅၉)

(က) သစေပိ န ကထာပေန္တိ။ (ဒီ၊ ၄၊ ၁။၁၆၈။)

(ခ) ဇနသင်္ဂဟတ္ထံ ဓမ္မကထာ နာမ ကာတဗ္ဗာယေဝါတိ အဋ္ဌကထာစရိယာ ဝဒန္တိ။

(ဂ) ဓမ္မကထာ ဟိ ကမ္မဋ္ဌာနဝိနိမုတ္တာနာမ နတ္ထိ။

(ဃ) တသ္မာ ကမ္မဋ္ဌာနသီသေနေဝ ဓမ္မကထံ ကထေတွာ ကမ္မဋ္ဌာနသီသေနေဝ အာဟာရံ ပရိဘုဉ္ဇိတွာ အနုမောဒနံ ကတွာ နိဝတ္တိယမာနေဟိပိ မနုဿေဟိ အနုဂတောဝ ဂါမတော နိက္ခမိတွာ တတ္ထ တေ နိဝတ္တေတွာ မဂ္ဂံ ပဋိဇ္ဇတိ။

နံ့ပါတ် (၁)

(က) နံ့ ဘိက္ခုံ(ကာရိတ်)ပဥ္စဝါ ဝမ္မဝါ (တတ်ကံ) သစေပိ နကထာပေန္တိ–အကယ်၍မူလည်း မ ဟောစေကြကုန်အံ့။

(ခ) ဇနသင်္ဂဟတ္ထံ–ဓမ္မာနုဂ္ဂဟဖြင့် လူအပေါင်းကို ချီးမြှင့်ထောက်ပံ့ရခြင်းအကျိုးငှါ။

(ဂ) ဟိ–ယသ္မာ၊ ကမ္မဋ္ဌာနဝိနိမုတ္တာ–ကမ္မဋ္ဌာန်းမှလွတ်သော။

(ဃ) တသ္မာ–ထိုသို့ ဓမ္မာနုဂ္ဂဟဖြင့် လူအပေါင်းကို ချီးမြှောက်ထောက်ပံ့ရခြင်း အကျိုးငှါ တရားစကားမည်သည်ကို ပြုအပ်သည်သာဟု အဋ္ဌကထာဆရာတို့ ဆိုအပ်သည်၏အဖြစ်၊ ကမ္မဋ္ဌာန်းမှလွတ်

http://www.dhammadownload.com



သော့တရား၏ မရှိသည်၏အဖြစ်ကြောင့်။ (တသ္မာ နှစ်ချက်စွဲထားသည်ကို မှတ်သားပါ။) ဋီ၊သစ်၊၂။၈၅။

နံပါတ် (၂)

(ဂ) သို့-ဆရာ၊ (ခ)ဖြင့် လူအပေါင်းကို ချီးမြှောက်ခြင်းအကျိုးငှါ တရားစကားကို ပြုထိုက်၏ဟု အဋ္ဌကထာဆရာတို့၏အဆိုကို ဖွင့်ပြတော်မူအပ်၏။ ယင်းသို့ တရားဟောသော် ကမ္မဋ္ဌာန်းပါတော့မည်လော။ ကမ္မဋ္ဌာန်းမပါသော် ဆရာ့စကား အသို့သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ) မိန့်။ (ဋီ၊သစ်။)

နံပါတ် (၃)

(က) နနု န ကထာပေတ္တိ။

(ခ) အထ ကသ္မာ ဓမ္မကထာယေ၀ ကာ့တဗ္ဗာ။

(ဂ) ဖနေသင်္ဂဟတ္ထံ ဟောတိ၊ တသ္မာ-

အထ၀ါ- (က) နနု န ကထာပေတ္တိ။

(ခ) အထ ကသ္မာ ဖနေသင်္ဂဟတ္ထံ ဓမ္မကထာ န ကာတဗ္ဗာယေ၀ါတိ အဋ္ဌကထာစရိယာ ၀ဒန္တိ။

(ဂ) ဓမ္မကထာ ကမ္မဋ္ဌာနဝိနိမုတ္တာ နာမ နတ္ထိ၊ တသ္မာ-

နံပါတ် (၄)

| | |
|---|---|
| အဋ္ဌကထာ- | ကထီယတိ တာေယာတိ ကထာ။ အတ္ထဿ ကထာ အဋ္ဌကထာ။ |
| အာဟာရ- | အာဟရတိ ဖလာယူနီတိ အာဟာရော။ ဘောဇနေ၊အသနံ။ |
| ဓမ္မကထာ- | ဓမ္မောယေ၀ ကထာ ဓမ္မကထာ။ |
| အနုမောဒနာ- | အနုမောဒန္တိ တာေယာတိ အနုမောဒနာ။ |
| | ဝမ်းမြောက်ခြင်းကြိယာ။ အနုမောဒနာတရားစကား။ ဓမ္မဒေသနာ။ |
| ကမ္မဋ္ဌာန- | ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ။ |
| | သမထဝိပဿနာအလုပ်၏ ကမ္မဋ္ဌာန်းတရားနှင့် နိဿယနိဿိတအစပ်။ |
| | ကမ္မဋ္ဌာန်းတရား။ ဘာဝနာကမ္မ။ |

နံပါတ် (၅)

နတ္ထိကို- နတ္ထိတာယ- ဓမ္မကထာယ။
တသ္မာ- ၀ဒန္တတ္တာ- အဋ္ဌကထာစရိယာနံ။
ဝါသ္မာ-နတ္ထိတာယ- ဓမ္မကကထာယ။

နံပါတ် (၆)

ဣန္ဒြိယေသု ဂုတ္တဒွါရောတိ မနစ္ဆဋ္ဌေသု ဣန္ဒြိယေသု ပိဟိတဒွါရော ဟောတိ။

မနစ္ဆဋ္ဌေသု ဣန္ဒြိယေသုဖြင့် ဣန္ဒြိယေသုအရ မနိန္ဒြေလျှင် ခြောက်ခုမြောက်ရှိသော ဣန္ဒြေတို့ကို အရကောက်ယူအပ်သည်ကို သိစေ။ ပိဟိတဒွါရောဖြင့် လုံးခြုံစေအပ်သော တံခါးပေါက်ရှိသည်ဟူသည် ပိတ်ထားအပ်သော တံခါးပေါက်ရှိခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

မဂ္ဂ- မဇ္ဈ။ ဖွက်ို ဂ္ဂပြု။ (ပဌမေကဟိ မဇ္ဈတေ နိတ္တိဏ္ဏံ ကရီယတေတိ မဂ္ဂေါ။)

အဋ္ဌကထာ-အတ္ထကထာ။ ထ္ထကို ဋ္ဌပြု။

နံပါတ် (၈)

ပဉ္စဝိဓစေတောခီလ-(၁) ဗုဒ္ဓေ ဝိစိကိစ္ဆာ၊ (၂) ဓမ္မေ ဝိစိကိစ္ဆာ၊ (၃) သံဃေ ဝိစိကိစ္ဆာ၊
(၄) သိက္ခာယ ဝိစိကိစ္ဆာ၊ (၅) သဗြဟ္မစာရီသု ကောပ။

http://www.dhammadownload.com



ပဋ္ဌဝိစေတောဝိနိဗန္ဓ- (၁) ကာမအဝိတရာဂ၊ (၂)ကာယအဝိတရာဂ၊ (၃) ရူပအဝိတရာဂ၊
(၄) သုခါနုယောဂ။ (၅) ဒေဝပတ္ထနာ။

နံပါတ် (၁၀)

ဓမ္မကထာနာမ ကာတဗ္ဗာယေ၀- ဒေသနာဉာဏ်၊ ဝီရိယပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်။ ဓမ္မ၊ဂမ္ဘ။ (တစ်နည်း) ဥဒ်သာဟ၊ဝီရိ။ဓမ္မကထာသည် အာရမ္ဘဏ။ ဓမ္မာနုဂ္ဂဟဖြင့် လူအများကို ချီးမြှောက်လိုခြင်း ကမ္မဋ္ဌာန်း တရားများမှ မလွတ်ခြင်းသည် ဥဒ္ဒိပန။ တရားတော်ကို လူအများ သိနာလည်၍ လိုက်နာကျင့်ကြံခြင်းသည် အနုဘာဝ။

ဝါကျစဉ် (၆၀)

(က) အာလောကိတံ နာမ ပုရတော ပေက္ခနံ။ ဝိလောကိတံ နာမ အနုဒိသာပေက္ခနံ။

(ခ) အညာနိပိ ဟေဋ္ဌာဥပရိပစ္ဆတောပေက္ခနဝသေန၊ ဩလောကိတဥလ္လောကိတာ ပလောကိတာနိ နာမ ဟောန္တိ၊ တာနိ ဣဓ န ဂဟိတာနိ။

(ဂ) သာရုပ္ပဝသေန ပန ဣမာနေဝ ဒွေ ဂဟိတာနိ။

(ဃ) ဣမိနာ ဝါ မုခေန သဗ္ဗာနိပိ တာနိ ဂဟိတာနေဝါတိ။ ဒီ၊ဋ္ဌ၊၁။၁၇၃။

နံပါတ် (၁)

(က) . ပုရပေဟာပေက္ခနံ-ရှေ့သို့ကြည့်ရှုခြင်းသည်။ အနုဒိသာပေက္ခနံ-အထောင့်ဖြစ်သော အရပ်ကို ကြည့်ရှုခြင်းသည်။

(ခ) ဟေဋ္ဌာဥပရိပစ္ဆတောပေက္ခနဝသေန-အောက်သို့ကြည့်ရှုခြင်း၊အထက်သို့ကြည့်ရှုခြင်း၊ နောက်သို့ကြည့်ရှုခြင်းတို့၏အစွမ်းဖြင့်၊ဩလောကိတဥလ္လောကိတာပလောကိတာနိနာမ-အောက်သို့ကြည့်ခြင်း အထက်သို့ကြည့်ခြင်း၊နောက်သို့ကြည့်ခြင်းမည်သည်တို့သည်လည်း။ဣဓ-အာလောကိတေ ဝိလောကိတေဟူသော၌ ပါဠိ၌။

(ဂ) သာရုပ္ပဝသေန-ရဟန်းတို့အား လျောက်ပတ်သော ကြည့်ခြင်း၏အစွမ်းအားဖြင့်။ ဣမာနေဝ- အာလောကိတ ဝိလောကိတတို့ကိုသာလျှင်။

(ဃ) ဝါ-တစ်နည်းကား။ဣမိနာမုခေန-ဤအာလောကိတ ဝိလောကတို့ကို အဦးပြုသဖြင့်။ တာနိ- ထိုဩလောကိတ ဥလ္လောကိတ အပလောကိတတို့ကို။

နံပါတ် (၂)

(ခ) သို့-ဆရာ၊ (က)ဖြင့် ရှေးရှုကြည့်ခြင်းသည် အာလောကိတ၊အထောင့်အရပ်ကြည့်ခြင်းသည် ဝိလောကိတမည်၏ဟု ဖွင့်ပြ၏။ ကြည့်ခြင်းသည် ဤမျှသာရှိပါသလော။အဘယ်သို့ မှတ်သားရပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

တာနိ ဣဓ န ဂဟိတာနိ-သို့-ဆရာ၊ အညာနိပိ စသည်ဖြင့် အောက်၊ အထက်၊ နောက် ကြည့် ခြင်း၏အစွမ်းဖြင့် ဩလောကိတ ဥလ္လောကိတ အပလောကိတတို့မည်၏ဟု ဖွင့်ပြ၏။ ယင်းသို့ဆိုသော် ဩလောကိတစသည်တို့ကိုလည်း ယူကောင်းသည်မဟုတ်တုံလော။ ဤသို့စုဒ်ကြောင့် (တာနိစသည်) မိန့်။

(ဂ) သို့-ဆရာ၊ (ခ)ဖြင့် ဩလောကိတစသည်တို့ကို ဤ၌မယူအပ်ဟု ဖွင့်ပြအပ်၏။ အဘယ်ကြောင့် မယူအပ်ပါသနည်း။ ထိုတို့သည်လည်း ကြည့်ရှုခြင်းတို့ပင် မဟုတ်တုံလော။ ဤသို့ စုဒ်ကြောင့် (ဂ) မိန့်။

နံပါတ် (၃)

(က) နနု သမ္မဇနပရိဘဏ္ဍာဒိကရဏေ ဩလောကိတဿ, ဥလ္လောကဟရဏာဒီသု ဥလ္လော...ိဟဿ. ပစ္ဆတော. အာဂစ္ဆန္တပရိဿယပရိဝဇ္ဇနာဒီသု အပလောကိတဿစ. သိယာ သမ္ဘဝေါ။

http://www.dhammadownload.com



(ခ) အထ ကသ္မာ (သာရုပ္ပဝသေန) ဣမာနေဝ ဒွေ ဂဟိတာနိ။
(ဂ) ဣမိနာ မုခေန သဗ္ဗာနိပိ တာနိ ဂဟိတာနေဝ၊ တသ္မာ-

နံပါတ် (၄)

သာရုပ္ပ-သရူပဿ ဘာဝေါ သာရုပ္ပံ။
လျော်ကပ်သော ဂုဏ်၏ကြည့်ရှုခြင်းနှင့် နိယယနိသိတအစပ်။ သမဏပတိရူပ။
ဒိသာ- ဒိဿတိ စန္ဒဝဍ္ဎနာဒိဝသေန အယံ ပုရိမာ အယံ ပစ္ဆိမာတိ အာဒိနာ နာနပ္ပကာရတော ပညာယတေတိ ဒိသာ။
ထင်ရှားခြင်းကြိယာ။ အရှေ့အရပ်စသည်။ ပုရိမဒိသာဒယော။
အနုဒိသာ-ဒိသာနံ အနုရူပါ အနုဝတ္တကာ ဝါ ဒိသာ အနုဒိသာ။
လျော်သောဂုဏ်၏ အရပ်မျက်နှာနှင့် ဂုဏ်ဂုဏေးအစပ်။ အထောင့်အရပ်။ ဝိဒိသာ။
မုခ- ဟိတာသုခံ မုခတိ ပဝတ္တတိ တေနာတိ မုခံ။ (ပဓာန်)

နံပါတ် (၅)

ဝိလောကိတတ္တာ- အနုဒိသာပေက္ခနဿ။

နံပါတ် (၆)

(က) ပုရတော ပေက္ခနံဖြင့် အာလောကိတာ၌ အာဥပသာရ၏ အဘိမုခအနက်၌ ဖြစ်သည်ကိုလည်းကောင်း။လောကဓာတ်၏ ပေက္ခနအနက်၌ဖြစ်သည်ကိုလည်းကောင်း။တပစ္စည်း ဘာဝသာဓနေ၌ ဖြစ်သည်ကိုလည်းကောင်း။အဘိမုခံ လောကိယတေ အာလောကိတံဟု ဝစနတ္ထပြုရသည်ကိုလည်းကောင်း။ အနုဒိသာ ပေက္ခနံဖြင့် ဝိလောကိတာ၌ ဝိဥပသာရသည် ဝိဝိဓအနက် (ငြို၊သစ်) ဝါ-အနဘိမုခအနက် (ဘာ၊ငြို) ၌ဖြစ်သည်ကိုလည်းကောင်း သိစေ။ (ကြွင်းတူ၏)

နံပါတ် (၇)

ပေက္ခန- ပ+ဣက္ခ+ယု။ ယကို အန၊ ဣကို ဧ။
အဝိစိ- န+ဝိစိ။ နကို အ၊ ဣကို ဤ။

နံပါတ် (၈)

သာရုပ္ပဝသေနဖြင့် အသာရုပ္ပ၏အစွမ်းဖြင့် အာလောကိတဝိလောကိတမှတစ်ပါးသော ဩလောကိတစသော ၃ပုံးပါးတို့ကို မယူခြင်းသည် ပြီးစီး၏။ (ဃ) ဝါကျဖြင့် ဉပလက္ခဏနည်းကို ပြသည်။

နံပါတ် (၁၀)

(ဂ) ဂဟိတာနိ၌ ဂဟဓာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ် ကောက်။ ဓမ္မံ၊ဓမ္မ။ အာလောကိတ ဝိလောကိတနှစ်ပါးသည် အာရမ္မဏ။ ထိုနှစ်ပါးတို့၏ သာရုပ္ပအဖြစ်သည် ဥဒ္ဒိပန။ ဩလောကိတ စသည်တို့၏ အသာရုပ္ပအဖြစ်ကို သိရခြင်းသည် အနဘာဝ။

ဝါကျစဉ် (၆၁)

(က) ဥဏှာပကာတိကဿ ပန ဒုဗ္ဗလဿစ စီဝရံ သုခုမံ သပ္ပါယံ၊ သီတာလုကဿ ဃနံ ဒုပဋ္ဋံ။
(ခ) ဝိပရီတံ အသပ္ပါယံ။
(ဂ) ယဿ ကဿစိ ဇိဏ္ဏံ အသပ္ပါယမေဝ။
(ဃ) အဂ္ဂဠာဒိဒါနေန ဟိဿ တံ ပလိဗောဓကရံ ဟောတိ။
(င) တထာ ပဋ္ဋုဏ္ဏဒုကူလာဒိဘေဒံ လောဘနိယစီဝရံ။ (ဒီ၊ဋ္ဌ၊၁။၁၃၃။)
(စ) ဟာဒိသဉ္စိ အရညေ ဧကကဿ နိဝါသန္တရာယကရံ, ဇီဝိတန္တရာယကရဉ္စာပိ ဟောတိ။

http://www.dhammadownload.com



နံပါတ် (၁)

(က) ဥဏှပကတိကာယ-အပူဟူသော ပြကတေ့သဘောရှိသော ရဟန်းအားလည်းကောင်း။ ဒုဗ္ဗလသာသစ-နည်းသောအားရှိသော ရဟန်းအားလည်းကောင်း။ သီတာလုကာယ-များသောအအေးရှိသော ရဟန်းအားလည်းကောင်း။ ဃနံ-တခဲနက်သော။ ဒုပဋ္ဋ-နှစ်ထပ်ရှိသော။

(ခ) ဝိပရီတံ-သုခုမ ဃနဒုပဋ္ဋ သက်န်းမှပြန်သော။

(ဃ) ကဿ ယဿ ကဿစိ ဘိက္ခုနော ဇိဏ္ဏံ-ဆွေးမြေ့ဟောင်းနွမ်းသော။စီဝရံ အသပ္ပါယံ-မလျောက်ပတ်ပါသနည်း။ ဟိ-ယသ္မာ-ကြောင့်။ တံစီဝရံ၊ အင်္ဂဇာဒိဒါနေန-ပြင်ထပ်အစရှိသည်ကိုပေးရခြင်းဖြင့်။ ဝါ-အဖာအစရှိသည်ကို ပေးရခြင်းဖြင့်။ အဿဘိက္ခုနော-အား။ ပလိဗောဓကရံ-ထက်ဝန်းကျင်မှ ပိတ်ပင်နှောက်ယှက် ကန့်ကွက်တတ်သော အန္တရာယ်ကို ပြုတတ်သည်။ ဟောတိ၊ တသ္မာ-

(င) ပဋ္ဋုဏ္ဏဒုကူလာဒိဘေဒံ-ပဋ္ဋုဏ္ဏတိုင်း၌ဖြစ်သောသက်န်း။ဘွဲ့ဖြူပုဆိုးဖြင့် ချုပ်အပ်သောသက်န်း အစရှိသောအပြားရှိသော။ လောဘနီယံ-လောဘ၏ အာရုံဖြစ်သော။

(စ) ဟိ-ယသ္မာ၊ ကေကဿ-တစ်ပါးတည်းနေသော ရဟန်းအား။ နိဝါသန္တရာယကရံ-ဝတ်ခြင်း၏အန္တရာယ်ကို ပြုတတ်သည်လည်းကောင်း။ ဇီဝိတန္တရာယကရဉ္စာပိ-အသက်၏အန္တရာယ်ကို ပြုတတ်သည် လည်းကောင်း။

နံပါတ် (၂)

(ဃ) သို့-ဆရာ၊ (ဂ)ဖြင့် အမှတ်မထား တစ်ပါးပါးသောရဟန်းအား ဆွေးမြေ့ဟောင်းနွမ်းသော သက်န်းသည် မအပ်ဟု ဖွင့်ပြအပ်၏။အဘယ်ကြောင့် ထိုဆွေးမြေ့ဟောင်းနွမ်းသောသက်န်းသည် မအပ်ပါသနည်း။ ၆ဆွေးမြေ့ဟောင်းနွမ်းသော သက်န်း၏ မလျောက်ပတ်ခြင်းအကြောင်းကို မပြဆိုပြီလော။ဝါ-ရဟန်းတော်များအား ရရသမျှသော သက်န်းသည် အပ်စပ်၍ လျောက်ပတ်သည်သာမဟုတ်လော။စုဒ်ကြောင့် (ဃ) မိန့်။

(စ) သို့-ဆရာ၊ (င)ဖြင့် ပဋ္ဋုဏ္ဏတိုင်းဖြစ် သက်န်း။ဘွဲ့ဖြူပုဆိုးဖြင့် ချုပ်အပ်သောသက်န်း စသောလောဘဖြစ်စရာ သက်န်းသည် ထို့အတူ မလျောက်ပတ်ဟု ဖွင့်ပြအပ်၏။ အဘယ်ကြောင့် မလျောက်ပတ်ဟု ဖွင့်ဆိုအပ်ပါသနည်း။ ပဋ္ဋုဏ္ဏသက်န်းတို့သည် အနုလောမသက်န်းဖြစ်၍ ရဟန်းတို့အား ခွင့်ပြုထားအပ်သောကြောင့် အပ်စပ်သည် မဟုတ်လော။ စုဒ်ကြောင့် (ခ) မိန့်။ (ကသ္မာတိ ဝုတ္တံ''တာဒိသဉ္ဟိ''တိ အာဒိ) ဋီ၊သစ်။

နံပါတ် (၃)

ဓာတုယောဝ ဓာတုသမ္ပဟံ ပဋိစ္စာဒေန္တိ ပဋိပိလောတိကာယ ပေါတ္ထကရူပပဋိစ္ဆာဒနေ ဝိယ၊ တသ္မာ နေဝ သုန္ဒရံ စီဝရံ လဘိတွာ သောမနဿံ ကာတဗ္ဗံ။

(က) နန သုန္ဒရံ စီဝရံ လဘာတိ။

(ခ) အထ ကသ္မာ သောမနဿံ နေဝ ကာတဗ္ဗံ။

(ဂ) ဓာတုယောဝ ဓာတုသမ္ပဟံ ပဋိစ္စာဒေန္တိ ပဋိပိလောတိကာယ ပေါတ္ထကရူပပဋိစ္ဆာဒနေ ဝိယ၊ တသ္မာ-

မှတ်ချက်- ကြိယာဝိသေသနသည် အချို့စောဒကာဘောဖြစ်နိုင်သည်ကို သိပါ။

(က) နန ပဋ္ဋုဏ္ဏဒုကူလာဒီနိ အနုလောမ စီဝရာနိ။

(ခ) အထ ကသ္မာ တထာ။ ပ ။လောဘနီယစီဝရံ အသပ္ပါယံ။

(ဂ) တာဒိသဉ္ဟိ။ ပ ။ဇီဝိတန္တရာယကရဉ္စာပိ ဟောတိ၊ တသ္မာ-.

နံပါတ် (၄)

ဥဏှ- ဥသတိ ဒဟတီတိ ဥဏှံ။

စီဝရ- ဝဏ္ဏကမ္ဗဉ္စတော့ စီယတေတိ စီဝရံ။

http://www.dhammadownload.com



စီခြင်းကြိယာ၊သက်နံးဒြပ်။ ကာသာဝ၊အရဟဒ္ဓဇ။

သုခုမ- သုခယတိ အနုဘဝတီတိ သုခုမံ။

ချမ်းသာခြင်း ခံစားခြင်းကြိယာ။ သိမ်မွေ့သောသက်နံး။ သဏှ။

သီတာလုက-သီတံ ဗဟုလံ ယဿာတိ သီတာလုကော။ (သီတဗဟုလကော)

ဃန- ဟနတီတိ ဃနံ။ (နိရုတ္တိရ+သန္ဓိ)

ဒုပဋ္ဋ- ပဋ္ဋတိ ဖိဋ္ဋာတာဝံ ဂစ္ဆတီတိ ပဋ္ဋော။ ဒွေ ပဋ္ဋာ ယဿာတိ ဒုပဋ္ဋာ။

နှစ်လွှာသောဂုဏ်၏ သက်နံးနှင့်နိဿယနိသိတအစပ်။နှစ်ထပ်သက်နံး။ဒိဂုဏ။

အဂ္ဂဠ- အဇ္ဈိယတေ ပဟိသန္ဓိယတေ အလ္လီယတေတိ အဂ္ဂဠံ။

ငြိကပ်ခြင်းကြိယာ။ ငြိကပ်စေအပ်သောအဝတ်အပိုင်း။ ဒဠှီကမ္မ။

ပဠ္လဏ္ဏ- ပဠ္လဏ္ဏဒေသေ သဥ္ဇာတံ ပဠ္လဏ္ဏံ။

ဒုက္ကူလ- ဒုက္ခေန ဂုလျတေတိ ဒုက္ကူလံ။ (တစ်နည်း) ဒုမေဟိ ဇာတံ ကူလံ ဒုကူလံ။

လောဘနီယ-လောဘဿ ဟိတံ လောဘနီယံ။

လောဘ၏ အစီးအပွားဖြစ်သော သက်နံးနှင့် အာရုံအာရမ္မဏိကအစပ်။

သက်နံးဒြပ်။ မနာပစိဝရ၊သုန္ဒရစိဝရ။

အရည- အရီယတေ ဂမီယတေတိ အရည်။ ဝန၊ကာနန။

နံ့ပါတ် (၅)

သုခုမတ္တာ- စီဝရဿ။

ဃနတ္တာ-(ဒုပဋ္ဋတ္တာ)- စီဝရဿ။

နံ့ပါတ် (၆)

သမဥ္ဆိတော ပသာရိတောတိ သမ္ဗာနံ့ သမိဥ္ဆနပသာရဏော။

သမဥ္ဆနပသာရဏော-ဖြင့် သမဥ္ဆိတေဒ္ဒ သံပုဗ္ဗ ဣဥ္ဆဓာတ် ဟပစ္စည်း၊ ယင်းတပစ္စည်း၏ ဘောအနက်၌ သက်သည်ကိုလည်းကောင်း၊ သမိဥ္ဆနံ သမဥ္ဆိတံဟု ဘာဝသာဓနဝစနတ္တပြုအပ်သည်ကိုလည်းကောင်း၊ ပသာရိတေဒ္ဒ ပပုဗ္ဗ သရဓာတ် တပစ္စည်း စသည်ဖော်။ သမ္ဗာနံ့-ဖြင့် သမဥ္ဆန ပသာရဏ၏ကံကို သိစေ။

နံ့ပါတ် (၇)

အဂ္ဂဠ- အဇ္ဈ+အလ။ ဇ္ဈကို ဂ္ဂပြု၊ လကို ဠပြု။ (ပါဠိအဘိဓာန်)

ဒုကူလ- ဒုမ+ကူလ။ မချေ။

နံ့ပါတ် (၈)

အဂ္ဂဠဟူသည် ရှိနေသော အဝတ်အသားကို ထုတ်နှုတ်၍ လိုအပေါက်နေရာ၌ ငြိကပ်စေအပ်သော အဝတ်ပိုင်းတည်း။

ဒုပဋ္ဋ-ဟု ၂-ထပ်ကိုသာ ဆိုခြင်းသည် ဥပလက္ခဏ၊နိဒဿနနည်းမျှ ဆိုခြင်းဖြစ်၏။ အငွေ့များသော ဂိုဒေါင်စသည်၌ ကြာမြင့်စွာထားအပ်သည်ဖြစ်၍ နည်းနည်းဆွေးနေသော အဝတ်များကို သက်နံးချုပ်ရာ၌ "လေး"ထပ် သက်နံးကြီး၊"နှစ်"ထပ် ကေသီသင်းပိုင်ချုပ်နိုင်၏။ပံသုကူအဝတ်ဖြစ်မူ အလိုရှိသလောက် ထပ်နိုင်၏-ဟု ခွင့်ပြုတော်မူသောကြောင့်တည်း။

တထာ-သဒ္ဒါ အနုကမုနအနက်ရှိ၏။ အသပ္ပါယကို ငင်သောကြောင့်တည်း။

နိဝါသန္တရာယကရံ-ဖြင့် ဗြဟ္မစရိယန္တရာယ် တစ်စိတ်တစ်ဒေသကို ဆိုသည်။

နံ့ပါတ် (၁၀)

လောကနီယံ၌ အန္တတ်ပုဒ်အရ- လောဘကောက်။ ကာမ၊ကာမ။ ပဠ္လဏ္ဏတိုင်းဖြစ်သက်နံး ဝါခြည်

http://www.dhammadownload.com



အထူးဖြင့် ယက်အပ်သောသက်နိုးဟူသော အနုလောမသက်နိုးတို့သည် အာရမ္ဘဏ။ သက်နိုးတို့၏ ကောင်းမွန်သည်၏အဖြစ် ခိုးသားဓားပြတို့ လိုချင်စရာကောင်းသည်၏အဖြစ်သည် ဥဒ္ဒိပန။ တော၌တစ်ပါးတည်းနေသူအတွက် နေခြင်း၏အန္တရာယ်၊အသက်၏အန္တရာယ်များဖြစ်ပေါ်လာနိုင်ခြင်းသည် အနုဘာဝ။

ဝါကျစဉ် (၆၂)

(က) တသ္မာ ဝုတ္တနယေနေဝ စေတ္ထ စတုန္နံ သမ္ပဇညာနံ ဝသေန သမ္ပဇာနကာရိတာ ဝေဒိတဗ္ဗာ။

(ခ) သမ္ပဇာနကာရီတိ စ သမ္ပပဒေသု သတိသမ္ပယုတ္တေသောဝ သမ္ပဇညဿဝသေန အတ္ထော ဝေဒိတဗ္ဗော။

(ဂ) ''သတိသမ္ပဇညေန သမန္နာဂတော''တိ တေသု ဟိ ပဒေသု အယံ ဝိတ္ထာရော။

(ဃ) ဝိဘင်္ဂကရဏေ ပန ''သတော သမ္ပဇာနော အဘိက္ကမတိ သတော သမ္ပဇာနော ပဋိက္ကမတိ''တိ ဧဝံ တောနိ ပဒါနိ ဝိဘတ္တာနေဝ။ ဒီ၊ဋ္ဌ၊၁။၁၈၂။

နိဿယ (၁)

(က) ဧတ္ထ-ဤဂစတေဋ္ဌိတေအစရှိသော ပါဌ်တို့၌။ ဝုတ္တနယေနေဝ-အဘိက္ကန္တေ ပဋိက္ကန္တေအစရှိသော ပါဌ်တို့၌ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။

(ခ) ဟိ-ယသ္မာ၊ကြောင့်။ အယံ ဝိတ္ထာရော-ဤအကျယ်သည်။

(ဃ) ပန-အဖို့တပါး။ဝိဘင်္ဂပ္ပကရဏေ-ဝိဘင်းကျမ်း၌။သတော။ ပ ။ပဋိက္ကမတီတိ-ဟူ၍။ တောနိပဒါနိ-ဤအဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ အစရှိသော ဥဒ္ဒေသပုဒ်တို့ကို။

နိဿယ (၂)

(ခ) သို့-ဆရာ၊ (က)ဖြင့် လေးပါးသော သမ္ပဇညာတို့၏အစွမ်းဖြင့် သမ္ပဇာနကာရီ၏အဖြစ်ကို သိထိုက်၏ဟု ဖွင့်ပြအပ်၏။ ဤနိဒ္ဒေသသည် သတိသမ္ပဇညေန သမန္နာဂတောဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသဖြစ်သည် မဟုတ်ပါလော။ (ဋီ၊သစ်)ထိုသို့ဖြစ်လျှက် အဘယ်ကြောင့် သမ္ပဇည၏အစွမ်းဖြင့်သာ ဝိတ္ထာရကို ပြုအပ်ပါသနည်း။ (ဝါ) သမ္ပဇာနကာရီအဖြစ်ကို သိအပ်၏ဟု ဖွင့်ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ (ဋီ၊သစ်)

(ဂ) သို့-ဆရာ၊ (ခ)ဖြင့် အလုံးစုံသောပုဒ်တို့၌ သတိနှင့်ယှဉ်သော သမ္ပဇည၏အစွမ်းဖြင့်သာ အနက်ကို သိထိုက်၏ဟု ဖွင့်ပြအပ်၏။ ဤဒ္ဓကျယ်ကို သမ္ပဇည၏ အစွမ်းအားဖြင့်သာလျှင် ဟောတော်မူအပ်သည်၏ကြောင့် သမ္ပဇည၏အစွမ်းအားဖြင့်သာ အနက်ကို သိထိုသည်မဟုတ်လော။ထိုသို့ ဖြစ်လျှက် သတိသမ္ပယုတ္တသမ္ပဇည၏ အစွမ်းဖြင့်သာ အနက်ကို သိထိုက်၏ဟု အသို့ ဖွင့်ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

နိဿယ (၃)

(က) နနု အယံ ဝိတ္ထာရော သမ္ပဇညဝသေန ဝုတ္တော။

(ခ) အထ ကသ္မာ သတိသမ္ပယုတ္တဿေဝ သမ္ပဇညဿ ဝသေန အတ္ထော ဝေဒိတဗ္ဗော။

(ဂ) သတိသမ္ပဇညေန သမန္နာဂတောတိတေသု ပဒေသု အယံ ဝိတ္ထာရော။တသ္မာ-

နိဿယ (၄)

သတိ- သရန္တိ တောယာတိ သတိ။ (အသမ္ဘောသ)

ဝိတ္ထာရ- ဝိတ္ထာရေတီတိ ဝိတ္ထာရော။ ဝိတ္ထာရီယတေတိ ဝိတ္ထာရော။
ချဲ့ခြင်းကြိယာ။ အကျယ်ဖြစ်သောဒေသနာ။ နိဒ္ဒေသ၊ဗျာသ၊ပပဉ္စ။

ဝိဘတ္တာနိ-ဝိဘဇီယန္တေတိ ဝိဘတ္တာနိ။
ဝေဘန်အပ်သော သတော စသောပုဒ်။ ဝိဘဇနာနိ၊ဝိဘင်္ဂါနိ။

ပကရဏ-ပကရီယတေတိ ပကရဏံ။ ဂန္ထ၊သတ္ထ။

http://www.dhammadownload.com



နံပါတ် (၅)

တသ္မာ-လာဘမာနဟ္တာ- သဗ္ဗသ္မိ စတုဗ္ဗိဓေသု သမ္ပဇညေသု။
ဝိတ္ထာရတ္တာ- ဥဒ္ဒိဋ္ဌေသု အတ္ထေသု။ (ဋီ၊သစ်)

နံပါတ် (၆)

(ခ) သတိသမ္ပယုတ္တသောဝဖြင့် ကိစ္စအားဖြင့် သမ္ပဇညကို ပဓာနဏ်အဖြစ်ဖြင့် ယူအပ်သကဲ့သို့ ထိုအတူ သတိကိုလည်း ပဓာနအားဖြင့်ယူအပ်သည်ကို သိစေ။(သတိ၏ဉာဏ်နှင့်အတူ ဖြစ်ခြင်းမျှကိုသာ ပြသည်မဟုတ်။)သဗ္ဗပဒေသုဖြင့် ပုဒ်အားလုံးတို့၌ ထိုအနက်ကို ယူအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

ဥဒုက္ခလ- ဥလူခလ။ လကို ဒ၊ ခအသဒိသဒွေဘော်လာ၊ ဦကို ရဿပြု။
(ပါဠိအဘိဓာန်) (တစ်နည်း) ဥဒူခလ။ ထောမနိဒိ (ပါ-ဘာဋီ၊ဒု)

နံပါတ် (၈)

ကဋ္ဌစ္ဆုနှင့် ဒဗ္ဗိအထူး- ဘောဇဉ်စသည်ကို အတွင်းပြုရှ်ယူကြောင်း ယောက်ချိုသည် ကဋ္ဌစ္ဆု။ ထိုဘောဇဉ်စသည်ကို ထုတ်ဆောင်ခြင်းစသည်ပြုကြောင်း ယောက်မသည် ဒဗ္ဗိ။ ဋီ၊သစ်၊၂၊၁၀၃။
စတုန္နံ သမ္ပဇညအရ- သတ္ထကသမ္ပဇည၊သပ္ပါယသမ္ပဇည၊ဂေါစရသမ္ပဇည၊အသမ္မောဟသမ္ပဇည။

နံပါတ် (၁၀)

သမ္မာဓာနကာရိတာအရ- ဉာဏ်သတိကောက်။ ဓမ္မ၊ဓမ္မ။ ဂတ၊ဋ္ဌိတစသောအမှုသည် အာရမ္မဏ။ လေးပါးသောသမ္ပဇညတို့သည် ဥဒ္ဒိပန။ ရုပ်နာမ်ဓမ္မတို့၏ ထင်ရှားစွာဖြစ်ပေါ်ခြင်းကို သိနိုင်ခြင်းစသော အကျိုးတရားသည် အနုဘာဝ။
အဘိက္ကမတိအရ- ဝါယောဓာတ်ကို ဖြစ်သော ဝီရိယ သတိ ပညာ ပြဓာန်သောကုသိုလ်စိတ်ပွါးပွါဒ်။

ဝါကျစဉ် (၆၃)

(က) ကုစ္ဆိပရိဟာရိကေနာတိ ကုစ္ဆိပရိဟရဏမတ္တကေန။
(ခ) သမာဒါယေဝ ပက္ကမတီတိ အဋ္ဌပရိက္ခာရမတ္တကံ သဗ္ဗံ ဂဟေတွာဧ ကာယပဋိဗဒ္ဓံ ကတွာဝ ဂစ္ဆတိ။
(ဂ) ''မမ ဝိဟာရေ ပရိဝေဏေ ဥပဋ္ဌာကော''တိ အာသင်္ဂေါ ဝါ ဗန္ဓော ဝါ န ဟောတိ။
(ဃ) သော ဇိယာ မုတ္တော သရော ဝိယ, ယူထာ အပက္ကန္တော မဒဟတ္ထီ ဝိယ စ, ဣစ္ဆိတိစ္ဆိတံ သေနာသနံ ဝနသဏ္ဍံ ရုက္ခမူလံ ဝနပဗ္ဘာရံ ပရိဘုဉ္ဇန္တော ဧကောဝ တိဋ္ဌတိ၊ ဧကောဝ နိသီဒတိ။
(င) သဗ္ဗိရိယာပထေသု ဧကောဝ အဒုတိယော။ ဒီ၊ဋ္ဌ၊၁။၁၈၆။

နံပါတ် (၁)

(ဃ) သော-ထိုရဟန်းသည်။ဇိယာ-လေးညှို့မှု။မုတ္တော-လွတ်သော။သရောဝိယ-မြှားကဲ့သို့လည်းကောင်း။ယူထာ-ဆင်အပေါင်းမှ။အပက္ကန္တော-ဖဲသါးသော။မဒဟတ္ထီဝိယ-မှန်ယစ်ဆင်ကဲ့သို့လည်းကောင်း။ဣစ္ဆိတစ္ဆိတံ-အလိုရှိအပ် အလိုရှိသော်။ဝနသဏ္ဍံ-တောအုပ်သို့လည်းကောင်း။ဝနပဗ္ဘာရံ-ချိုင့်ဝမ်းသို့လည်းကောင်း။

နံပါတ် (၂)

(ဂ) သို့-ခာရာ၊ (ခ)ဖြင့် ရှစ်ပါးသော ပရိက္ခာမှုဖြစ်သော အလုံးစုံသောပစ္စည်းကိုယူ၍သာ သွား၏ဟု ဖွင့်ပြုအပ်၏။ ထားရစ်ခဲ့သော ကျောင်းအံရံစသည်ကို တွယ်တာငြိကပ်လျှက်သွား၏ဟု မှတ်သားအပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ဤသို့စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



(ဃ) သို့-ဆရာ၊ (ဂ)ဖြင့် စွန့်ထားခဲ့သော ကျောင်းပရဝုဏ်အလုပ်အကျွေးဟူ၍ ငြိကပ်ခြင်း နှောင်ဖွဲ့ခြင်း မရှိဟု ဖွင့်ပြအပ်၏။ ငြိကပ်နှောင်ဖွဲ့ခြင်းမရှိပုံကို ဥပဟာနှင့်တကွ ထင်ရှားစွာမပြဆိုပြီလော။ အဘယ်သို့လျှင် ငြိကပ်နှောင်ဖွဲ့ခြင်း မရှိပါသနည်း။ ဤသို့စုဒ်ကြောင့် (ဃ) မိန့်။

နံ့ပါတ် (၃)

(က) နနု သော ဓိယာ မုတ္တော သရော ဝိယ, ယူထာ အပက္ကန္တော မဒဟတ္ထိ ဝိယ စ ကုဋ္ဌိတိတ္ထိတံ သေနာသနံ ဝနသဏ္ဍံ ရုက္ခမူလံ ဝနပဗ္ဘာရံ ပရိဘုဉ္ဇတိ။

(ခ) အထ ကသ္မာ ကောဝ တိဋ္ဌတိ၊ ကောဝ နိသီဒတိ။

(ဂ) သဗ္ဗိရိယာပထေသု ကောဝ အဒုတိယော၊ တသ္မာ-

နံ့ပါတ် (၄)

ပရိဝေဏ- ပရိဝေဏီယတေတိ ပရိဝေဏော။
ပိုင်းဖြတ်ခြင်းကြိယာ။ကျောင်းဝိုင်းပရဝုဏ်သည်။ အာရာမ။

ဥပဋ္ဌာက- ဥပဂန္တွာ တိဋ္ဌတီတိ ဥပဋ္ဌာကော။
တည်ခြင်းကြိယာ။ အလုပ်အကျွေးပုဂ္ဂိုလ်ဒြဗ်။ ပရိစာရက။

ဓိယာ- ဓိရတီတိ ဓိယာ။
အစွယ်မှ ယုတ်လျော့ခြင်းကြိယာ။ လေးညှို့ဒြဗ်။ ဂုဏ၊ဇယ။

သရော- သရန္တိ ဟိံသန္တိ ဧတေနာတိ သရော။
ညှင်ဆဲခြင်းကြိယာ။ မြှားဒြဗ်။ ပတ္တိ၊သယက။

နံ့ပါတ် (၅)

(ဃ) ပရိဘုဉ္ဇန္တဘ္ဘာ- တသ္မာ ဘိက္ခုနော။

နံ့ပါတ် (၆)

(က) ကုဋ္ဌိပရိဟရဏပက္ခကေနဖြင့် ကုဋ္ဌိပရိဟာရိကေနနှ ကုဋ္ဌိပုဒ် ပရိဟာရိကပုဒ်၊ ပရိဟာရိက၌ ပရိဟာရပုဒ် ဣကပစ္စည်း၊ ပရိဟာရ၌ ပရိရှေးရှိသော ဟရဓာတ် ဏပစ္စည်း၊ ယင်းဏပစ္စည်း၏ ဘာဝသာဓနနှ သက်၍ ပရိဟရဏံ ပရိဟာရောဟု စေနတွဲပြုအပ်သည်ကိုလည်းကောင်း။ ကုဋ္ဌိယာ ပရိဟာရော ကုဋ္ဌိပရိဟာရော ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတွဲပြုအပ်သည်ကိုလည်းကောင်း။ကုဋ္ဌိပရိဟာရော အဿ အတ္ထီတိ ကုဋ္ဌိပရိဟာ ရိကောဟု အဿတ္ထိတဒ္ဓိတ် ဝစနတွဲပြု၍ ဣကပစ္စည်း အဿတ္ထိအနက်၌သက်သည်ကိုလည်းကောင်း သိစေသည်။

(ခ) ဂစ္ဆတိဖြင့် ပက္ကမတိ၌ ပပုဗ္ဗကမုဓာတ်သည် သွားခြင်းအနက်၌ဖြစ်သည်ကို သိစေ။ ဂဟေတွာ ဝဖြင့် သမာဒါယေဝ၌ သံအာရှေးရှိသော ဒါဓာတ်သည် ယူခြင်းအနက်ဟောသည်ကိုလည်းကောင်း၊ သမာဒါယ၌ ယသည် တွာပစ္စည်း၏ကာရိယဖြစ်သည်ကိုလည်းကောင်း။ အဋ္ဌပရိက္ခာရမတ္တကံ သဒ္ဒံဖြင့် အလုံးစုံရှစ်ပါးသော ပရိက္ခရာကိုယူ၍ သွားခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုသိစေ။ ကာယပဋိဗဒ္ဓံ ကတွာဝဖြင့် ယူ၍သွားခြင်း ဟူသည် ကိုယ်နှင့်စပ်သည်ကို ပြုခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံ့ပါတ် (၇)

ဓိယာ- ဓရ+အ+အာ။ ဓရကို ဓိယပြု။ (ဣတ္ထိဇောတက အာ)

ယူထ- ယု+ထ။ ယု၏ ဥကို ဦဒီဃ ပြု။

အဆ္ဃိ- အထတ္ထိ။ ထကို ဆပြု။

နံ့ပါတ် (၈)

အာသဂ်အရ- ငါ့ဉစွာဟူ၍တပ်မက်တတ်သော တဏှာကိုကောက်။

http://www.dhammadownload.com



ဗန္ဓအရ- ဇါ့ဥစ္စာဟူ၍ သိမ်းပိုက်တတ်သော တဏှာကောက်။
**အဋ္ဌပရိက္ခာရသရုပ်-** တိစီဝရိတ်၊သပိတ်၊ပဲကွပ်၊အပ်၊ခါးပန်ကြိုး၊ရေစစ်။

နံ့ပါတ် (၉)

ဥပဋ္ဌာကော ဝိဟာရေတိ၊ အာသင်္ဂေါ ပရိဝေဏံ ဓါ။
မမ ဟောတိ န ဗန္ဓော ဝါ၊ သော ဂစ္ဆတိ သမာဒါယ။ (ဝတ္တဂါထာ)

နံ့ပါတ် (၁၀)

(ဂ) နဟောတိအရ- လောဘကောက်။ မွေ့မေ့မွ။ (တစ်နည်း) ဥသာဟဒ္ဒာယိ၊ဝီရိယသ။ ကျောင်းသည်လည်းကောင်း၊ ပရိဝုဏ်သည်လည်းကောင်း၊ အလုပ်အကျွေးသည်လည်းကောင်း အာရမ္မဏာ။ ပေါ်ပါးစွာအသက်မွေးမြူလေ့ရှိသည်၏အဖြစ်သည် ဥဒ္ဒိပန။ ညှို့မှလွတ်သောမြားကဲ့သို့ တစ်ပါးတည်းအလိုရှိရာ အလိုရှိရာကျောင်းစသည်၌ ချမ်းသာစွာသီတင်းသုံးနိုင်ခြင်းသည် အနုဘာဝ။

ဝါကျစဉ် (၆၄)

(က) တတ္ထ ဝိဝိတ္တန္တိ သုည်။
(ခ) အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထော။
(ဂ) ဝေဒေဝ ဟိ သန္ဓာယ ဝိဘင်္ဂေ"ဝိဝိတ္တန္တိ သန္တိကေစေပိ သေနာသနံ ဟောတိ၊ တဥ္စ အနာကိဏ္ဏံ ဂဟဋ္ဌေဟိ ပဗ္ဗဇိတေဟိ။ တေန တံ ဝိဝိတ္တ"န္တိ ဝုတ္တံ။
(ဃ) သေတိ စေဝ အာသတိစ ဧတ္ထာတိ သေနာသနံ။
(င) မဇ္ဈိမဋ္ဌာဒီနမေတံ အဓိဝစနံ။ ဒီ၊ဋ္ဌ၊၁၊၁၈ရ။

နံ့ပါတ် (၁)

(ခ) အပ္ပသဒ္ဒံ-နည်းသောအသံရှိသော။ ဝါ-ပကတိအသံမရှိသော။ အပ္ပနိဂ္ဃောသံ-နည်းသောမြို့ရွာ တွန်သံမရှိသော။ (သေနာသနံ ဘဇတိ)
(ဂ) ဟိ-ယသ္မာ။ ဝေဒေဝ-ထိုသို့သောအသံရှိသည်သာလျှင်။ ဝိဘင်္ဂေ-ဈာနဝိဘင်းပါဠိတော်၌။ ဘဂဝတာ(ကတ္တား) သန္တိကေ-မြို့ရွာအနီး၌။ (ဋ္ဌိတံ-တည်သည်) ထဥ္စ-ထိုကျောင်းသည်လည်း။ အနာကိဏ္ဏံ-မရောပြွမ်းသည်။ ဝေတ္တ-ဤပြောင်စောင်းအင်းပျဉ် အစရှိသည်၌။ သေတိစေဝ-အိပ်လည်းအိပ်၏။ အာသတိစ-နေလည်းနေတတ်၏။
(င) ဝေ-ဤသေနာသနဟူသော သဒ္ဒါသည်။

နံ့ပါတ် (၂)

(ခ) သို့-ဆရာ၊ (က)ဖြင့် ဝိဝိတ္တသဒ္ဒါသည် လူအသံမှ ကင်းဆိတ်ခြင်း၌ ဖြစ်၏ဟု ဖွင့်ပြအပ်၏။ အဘယ်သို့ လူတို့အသံမှ ကင်းဆိတ်ပါသနည်း။လူတို့ အသံမှကင်းဆိတ်ပုံကို ထင်ရှားစွာမပြဆိုပြီလော။ စုံကြောင့် (ခ) မိန့်။

(ဂ) သို့-ဆရာ၊ (ခ)ဖြင့် ထိုလူတို့အသံမှ ကင်းဆိတ်ခြင်းဟူသည်ကို လူသံ၊လူတို့၏ကြွေးကြော်သံ မရှိခြင်းဖြင့် သိထိုက်၏ဟု ဖွင့်ပြအပ်၏။ ဝိဘင်း၌ ဝိဝိတ္တပုဒ် ဝေဘန်ရာဝယ် အနာကိဏ္ဏံဂဟဋ္ဌေဟိပိ ပဗ္ဗဇိတေဟိပိ ဟု ဟောရကား ဝိဘင်းမှာကဲ့သို့ အနာကိဏ္ဏန္တိ အတ္ထော-ဟုသာ ဖွင့်ဆိုသင့်သည်မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထောဟု ဖွင့်ဆိုအပ်ပါသနည်း။ စုံကြောင့် (ဂ) မိန့်။

နံ့ပါတ် (၃)

(က) နနု ဝိဘင်္ဂေ ဝိယ "အနာကိဏ္ဏန္တိ အတ္ထော"တေဝ ဝတ္တဗ္ဗော။
(ခ) အထ ကသ္မာ အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထော ဝုတ္တော။
(ဂ) ဝေဒေဝ သန္ဓာယ ဝိဘင်္ဂေ။ ပ ။တံ ဝိဝိတ္တန္တိ ဝုတ္တံ။ တသ္မာ-

http://www.dhammadownload.com



နံပါတ် (၄)

သုည်- သုနတိ တုဿာဘာဝံ ဂစ္ဆတီတိ သုည်။ သုနာယတီတိ သုည်။

အပ္ပနိဃ္ဃောသ- ပါတုဘာဝေါ ဃောသော နိဃ္ဃောသော။ (နိသဒ္ဒေါ ပါတုဘာဝေ)

အပ္ပေါ နိဃ္ဃောသော ဧတ္ထာတိ အပ္ပနိဃ္ဃောသံ။ (အပ္ပသဒ္ဒေါ အဘာဝတ္ထေ)

နည်းသောမြို့ရွာတွန်သံ၏ ကျောင်းနှင့် ဌာနီဌာနအစပ်။ နိသဒ္ဒေါ ဝိဇနေဝါတံ။

ဝိဝိတ္တ- ဝိဝိစ္စတီတိ ဝိဝိတ္တံ။

မဉ္စ- မဉ္စေတိ ဓာရေတိ ဥစ္စော ဝါ ဘဝတီတိ မဉ္စော။

ဆောင်ခြင်းကြိယာ။ ညောင်စောင်းဒြပ်။ပလ္လင်္ကမဉ္စက။

ပိဠ- ပီဌီယတိ ဟိံသီယတိ ပီဌတိ ဝါ ပုဂ္ဂလံ ဓာရေတီတိ ပီဌံ။ (ပီဌိကာ)

နံပါတ် (၅)

အပ္ပသဒ္ဒတ္တာ- သေနာသနဿ။

ဝိဝိတ္တံ၊သုည်၊အပ္ပနိဃ္ဃောသံ၊အနာကိဏ္ဏံ-ပုဒ်တို့သည် သေနာသနံ၏ ဝိသေသနပုဒ်များဖြစ်၍ ဟိတ်ပြင်နိုင်၏။

နံပါတ် (၆)

(ဃ) သေတိစေဝ အာသတိစ ဧတ္ထေဖြင့် သေနဠ် သိဓာတ်ယုပစ္စည်း၊ ယင်းယုပစ္စည်း၏ အဓိကရဏတ္ထ၌ သက်၍ သေတိ ဧတ္ထာတိ သေနံဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ အာသနံ၌ အာသဓာတ်၊ ယုပစ္စည်း၊ ယင်းယုပစ္စည်း အဓိကရဏတ္ထ၌သက်၍ အာသတိ ဧတ္ထာတိ အာသနံဟု ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း၊ သေနဥ္စ တံ အာသနဥ္စာတိ သေနာသနံဟု ဝိသေသနောဘယပဒကမ္မဓာရည်းသမာသ် ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း သစေ။ ငြီးသစ်၌ ခွန်တွဲရန် ဖွင့်ဆို၏။

နံပါတ် (၇)

ဗိမ္ဗောဟနံ- ရှေ့၌ရေးသားပြီး။

ဟမ္ဗိယံ- ဟရ+ယ။ အလယ်၌ မိလာ။ ရကို မပြု။

နံပါတ် (၈)

ဈာန်က အသံဟူသော ဆူးငြောင့်ရှိ၏၊ အသံကြားလျှင် ဈာန်မှထရသည်၏အဖြစ်ကြောင့် ဝိဝိတ္တအရ လူသံမရှိခြင်းကို သိရမည်။ အပ္ပသဒ္ဒဟူသည် ပကတိအသံမရှိခြင်းကိုဆိုသည်၊ အပ္ပနိဃ္ဃောသဟူသည် မြို့ရွာတွန်သံ စသော အသံမရှိခြင်းကို ဆိုသည်။

နံပါတ် (၁၀)

(ဂ) ဝုတ္တံ၌ ဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်။ မ္မွေ၊ဓမ္မ။ (တစ်နည်း) ဥဿာဟ၊ဝီရိယ။ ဝိဝိတ္တန္တိ သဒ္ဒိကေစသော မနသာဝဝတ္တာပိတသဒ္ဒသည် အာရမ္မဏ။ မဟာကရုဏာတော်နှင့် သတ္တာတို့၏ ဟိတသုခကို လိုလားတော်မူခြင်းသည် ဥဒ္ဒိပန။ ကျောင်းသည် မြို့ရွာနှင့်နီး သော်လည်း လူရှင်တို့နှင့် မရောက ဝိဝိတ္တပင်ဖြစ်၏ဟု သိရခြင်းအကျိုးသည် အနုဘာဝ။

ဝါကျစဉ် (၆၅)

(က) ဣက္ခ ပနဿ သကုဏာသဒိသဿ စာတုဒ္ဒိသဿ ဘိက္ခုနော အနုစ္ဆဝိကံ သေနာသနံ ဒဿေန္တော " အရညံ ရုက္ခမူလ" န္တိ အာဒိ မာဟ။

(ခ) တတ္ထ အရညန္တိ "နိက္ခမိတွာ ဗဟိ ဣန္ဒခီလာ သဗ္ဗမေတံ "အရည" န္တိ ဣဒံ ဘိက္ခုနီနံ ဝသေန အာဂတံ။

http://www.dhammadownload.com



(ဂ) "အရညကံ နာမ သေနာသနံ ပဉ္စဓနုသတိကံ ပစ္ဆိမ"န္တိ ဣဒံ ပန ဣမဿ ဘိက္ခုနော အနုရူပံ။

(ဃ) ရုက္ခမူလန္တိ ယံ ကိဉ္စိ သန္ဒစ္ဆာယံ ဝိဝိတ္တရုက္ခမူလံ။

